# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**လောကကို ရှုကျင့်သူ**

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါးဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)


၁၃၈၄ ခုနှစ်၊ တပေါင်းလဆန်း ၁၂ ရက်၊ ကြာသပတေးနေ့။ Thursday, 2 March 2023 ၁၁၀၂၇


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# တောင်သူလယ်သမားတို့၏ ပေါင်းစည်းအင်အားဖြင့် နိုင်ငံတော်၏ အမျိုးသားရေးအကျိုးစီးပွား ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်း

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ တောင်သူလယ်သမားနေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ

(၂၀၂၃ ခုနှစ်၊ မတ်လ ၂ ရက်)

**ချစ်ခင်လေးစားအပ်ပါသော တောင်သူလယ်သမားကြီးများခင်ဗျား**

ယနေ့အချိန်အခါသမယသည် နိုင်ငံတစ်ဝန်းလုံးရှိ တောင်သူလယ်သမားများအား အထူးအလေးထားရှိ၍ ဂုဏ်ပြုသည့် သမိုင်းဝင်နေ့ထူးနေ့မြတ် ဖြစ်ပါသည်။ ဤကဲ့သို့ ရက်မြတ်မင်္ဂလာအချိန်အခါသမယတွင် ပြည်သူများအတွက် စားရေရိက္ခာဖူလုံစေရေးနှင့် နိုင်ငံတော်၏ စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အဓိကစွမ်းအားရှင်များဖြစ်ကြသည့် တောင်သူလယ်သမားကြီးများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကြည်သာရွှင်လန်း ကျန်းမာချမ်းသာကြပြီး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြလျက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးအောင်မြင်ပြီး လူမှုစီးပွားဘဝများ မြင့်မားတိုးတက်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

ယနေ့ကာလတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ပြီး ဦးတည်ချက် (၁၂)ရပ် ချမှတ်ဆောင်ရွက်ခဲ့ရာ၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် အမ်းတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

# ပြည်သူအပေါ် ရေလို လလို ကျင့်ကြံ၊ ဒေသနှင့် တိုင်းပြည်အကျိုးအတွက် တာဝန်ကို ကျေပွန်စွာထမ်းဆောင်ရမည်ဖြစ်ပြီး စွမ်းရည်စွမ်းအားရှိအောင် ကြိုးပမ်းဆောင်ရွက်

## မိမိတို့လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာတွင် အောင်မြင်မှုများရရှိမည်ဆိုပါက လူအများက မိမိအပေါ်ယုံကြည်မှု တိုးတက်စေမည်

နေပြည်တော် မတ် ၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သည် ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ လိုက်ပါ၍ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ စစ်ဦးစီး၊ စစ်ရေးနှင့် စစ်ထောက်ဆိုင်ရာများ၊ နယ်မြေလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆောင်ရွက်ထားရှိမှု အခြေအနေများကို စစ်ဆေးသည်။

**တိုင်းစစ်ဌာနချုပ်၏ ဦးရေးထောက်ဆိုင်ရာလုပ်ငန်းများနှင့် နယ်မြေလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး ဆောင်ရွက်နေမှု**

ဦးစွာ တိုင်းစစ်ဌာနချုပ်အစည်းအဝေးခန်းမ၌ တိုင်းမှူးက အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ **စာမျက်နှာ ၄ ကော်လံ ၁ သို့** ❒

**တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုပါ၏။**

# ကြေးမုံ

## တောင်သူလယ်သမားအလေးထား လယ်ယာစီးပွားကဏ္ဍမြှင့်တင်

ယနေ့သည် နိုင်ငံတစ်ဝန်းလုံးရှိတောင်သူလယ်သမားများအား ဂုဏ်ပြုသည့်နေ့ဖြစ်သည်။ မြန်မာနိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းခန့်သည် စိုက်ပျိုးရေးလုပ်ငန်းများကို လုပ်ကိုင်ကြသည့် တောင်သူလယ်သမားအများစုဖြစ်သည်။ တောင်သူလယ်သမားများသည် ပြည်သူအားလုံး နေ့စဉ်လိုအပ်သည့်အာဟာရကို ဖြည့်တင်းပေးသဖြင့် ကျေးဇူးတင်ထိုက်၊ ဂုဏ်ပြုထိုက်သူများဖြစ်သည်။

ဂုဏ်ပြုထိုက်သူများကို ဂုဏ်ပြုနိုင်ရန် တောင်သူလယ်သမားများဘဝကို မြှင့်တင်ပေးရန်လိုအပ်သည်။ လယ်ယာကဏ္ဍကို မြှင့်တင်အားပေးဖြည့်ဆည်းပေးခြင်းဖြင့် တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည်ဖြစ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် ပို့ကုန်မြှင့်တင်ရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိသည်။ ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးအတွက် နိုင်ငံ၏ရေမြေရာသီဥတုနှင့်ကိုက်ညီပြီး ပြည်ပဈေးကွက်ကို ပိုမိုတင်ပို့နိုင်မည့် အလားအလာရှိသည့် ပို့ကုန်များတွင် ဆန်စပါးသည်အဓိကကျပြီး အချိန်တိုအတွင်း ရလဒ်ကောင်းများ ရနိုင်သည်။

ကမ္ဘာပေါ်တွင် ရာသီဥတုပြောင်းလဲမှု၊ နိုင်ငံရေးမတည်ငြိမ်မှုကြောင့် စားရေရိက္ခာနှင့်ပတ်သက်၍ စိန်ခေါ်မှုများရှိရာ နိုင်ငံတိုင်းက စားရေရိက္ခာဖူလုံရေးအတွက် မူဝါဒမျိုးစုံချမှတ်ကျင့်သုံးနေကြသည်။ ထိုအခြေအနေတွင် ကောက်ပဲသီးနှံ၊ ဆန်စပါးတို့ကို အဓိကထုတ်လုပ်သည့် မြန်မာနိုင်ငံအတွက် အခွင့်အလမ်းကောင်းဖြစ်သည်။ ယင်းကိုအသုံးချ၍ ဆန်စပါးကဏ္ဍကို ယခုထက်ပိုမိုမြှင့်တင် ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ့စီးပွားမြင့်မားလာခြင်းနှင့်အတူ တောင်သူလယ်သမားများဘဝလည်း တိုးတက်လာမည်ဖြစ်သည်။ ဆန်စပါးသည် အမျိုးသားပို့ကုန်မဟာဗျူဟာတွင် ဦးစားပေးကဏ္ဍဖြစ်သည်။ မဟာဗျူဟာမျှော်မှန်းချက်သည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဝင်ငွေတိုးပွားလာစေရေးအတွက် အရည်အသွေးမြင့်မားပြီး သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေဖြစ်မည့် ရေရှည်ဖွံ့ဖြိုးတိုးတက်သည့် ဆန်စပါးထုတ်လုပ်ရေးနှင့်တင်ပို့ရေးဖြစ်သည်။

အဆိုပါမဟာဗျူဟာကို အကောင်အထည်ဖော်ကြမည့်သူများမှာ တောင်သူလယ်သမားများပင်ဖြစ်သည်။ တောင်သူလယ်သမားများ လုပ်ငန်းအဆင်ပြေစေရေးအတွက် အကျိုးတူလယ်ယာစနစ်ကို ဖော်ဆောင်ပေးထားသည်။ နွေစပါးရာသီအတွက် ဧက ၈ ဒသမ ၅ သိန်းတွင် အကျိုးတူလယ်ယာစနစ် ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်က တစ်ဧကကို ငွေကျပ်နှစ်သိန်းနှုန်းဖြင့် အထူးချေးငွေအစီအစဉ်ပြုလုပ်ထားသည်။ ဆန်စပါးသီးနှံအတွက် ငွေကျပ်ဘီလီယံ ၁၄၀ အထိ ထောက်ပံ့ပေးအပ်ရန် စီစဉ်ထားသည်။ ထောက်ပံ့မှုများသည် မျိုး၊ မြေဩဇာ စသည့်သွင်းအားစုများအတွက်ဖြစ်သည်။ တောင်သူလယ်သမားများအနေဖြင့် သွင်းအားစုကုန်ကျစရိတ်များနှင့်လျော်ညီသည့် စပါးဈေးနှုန်းများ ရရှိရန်ရေးရှုသည်။ စားသုံးသူပြည်သူများအတွက်လည်း သင့်တင့်သည့်ဈေးနှုန်းများနှင့် ဝယ်ယူစားသုံးနိုင်ရေး၊ နိုင်ငံခြားပို့ကုန်ကိုလည်း စဉ်ဆက်မပြတ်တင်ပို့နိုင်ရေး သုံးဖက်ညီလုပ်ငန်းစဉ်ကို တက်ညီလက်ညီ ဝိုင်းဝန်းအကောင်အထည်ဖော်ရမည်ဖြစ်သည်။

အနာဂတ်တွင် ဆန်စပါးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ရိတ်သိမ်းချိန်မတိုင်မီ စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍတွင် တောင်သူလယ်သမားများအတွက် ရာသီဥတုနှင့် သဘာဝဘေးအန္တရာယ်များမှ ကာကွယ်ပေးသည့် သီးနှံအာမခံစနစ်များ အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ရေး၊ ဒေသရေမြေ၊ ရာသီဥတုနှင့်ကိုက်ညီပြီး ဈေးကွက်ဝင်အထွက်ကောင်း မျိုးကောင်းမျိုးသန့်များကို မျိုးအရေအတွက်နည်းနည်း ပမာဏများများဖြင့် ရွေးချယ်စိုက်ပျိုးရေး၊ စိုက်ပျိုးထုတ်လုပ်သူတောင်သူလယ်သမားများနှင့် ပြည်ပတင်ပို့သူကုမ္ပဏီများအကြား အကျိုးတူလယ်ယာစနစ်ဖြင့် တစ်ဧကအထွက်နှုန်းတိုးတက်ပြီး ဝင်ငွေတိုးတက်ရေးနှင့် ကုန်ထုတ်လုပ်မှုတိုးတက်ရေး၊ စပါးအခြောက်ခံစက်များ တိုးမြှင့်သုံးစွဲနိုင်ရေး၊ ဆန်စပါးကဏ္ဍတွင် ဒစ်ဂျစ်တယ်နည်းပညာကို ထိရောက်တွင်ကျယ်စွာအသုံးပြုနိုင်ရေး၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍအတွက် လူ့စွမ်းအားအရင်းအမြစ်များ ဖြည့်ဆည်းပေးနိုင်ရေး စသည်တို့ကိုဆောင်ရွက်သွားမည်ဖြစ်သည်။

သို့ဖြစ်ရာ တောင်သူလယ်သမားများသည် နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ နေ့စဉ်လိုအပ်သည့်စားရေရိက္ခာများ ဖြည့်ဆည်းပေးရေးတို့ကို နိစ္စဓူဝ လုံ့လစိုက်ထုတ်ကြိုးပမ်းအားထုတ်နေကြသူများဖြစ်၍ ဂုဏ်ပြုထိုက်သူ၊ ကျေးဇူးတင်ထိုက်သူများဖြစ်ရာ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် တောင်သူလယ်သမားများ လူမှုစီးပွားဘဝမြင့်မားတိုးတက်လာရေးအတွက် နိုင်ငံတော်အစိုးရက စဉ်ဆက်မပြတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။ ။

## (၇၈)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

- ★ ဒို့တာဝန်အရေး(၃)ပါးကို အပြည့်အဝအောင်မြင်စွာ ထိန်းသိမ်းစောင့်ရှောက်ရေး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရေးနှင့် စစ်မှန်ပြီးစည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကာကွယ်စောင့်ရှောက်ရေးတို့အား တပ်မတော်၏ အဓိကတာဝန်အဖြစ် ထမ်းဆောင်ရေး။
- ★ ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေး တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအပေါ် အခြေခံ၍ ဖြစ်နိုင်သမျှအလေးထား ဆောင်ရွက်ရေး။
- ★ နိုင်ငံတော်၏အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်၊ ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန်နှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်ချိန်တိုင်းတွင် ကျရာအခန်းကဏ္ဍများမှ အားသွန်ခွန်စိုက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရေး။
- ★ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## နယ်စပ်ရေးရာဝန်ကြီးဌာနက ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆန်၊ ဆီ၊ ဆား၊ ကုလားပဲများ ဆက်ကပ်လှူဒါန်း

နေပြည်တော် မတ် ၁

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြန်မာနိုင်ငံတစ်ဝန်းရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်အခက်အခဲမရှိစေရေးအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့် ကုလားပဲများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။



ထိုသို့လှူဒါန်းလျက်ရှိရာ ယမန်နေ့နံနက်ပိုင်းတွင် ပအိုဝ်းဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးဆွေလင်းမြင့်နှင့် ဝန်ထမ်းများက ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် ဆိုက်ခေါင်ကျေးရွာ သုဝဏ္ဏသာမဏေကျော်ကျောင်းတိုက်သို့လည်းကောင်း၊ မွန်းလွဲပိုင်းတွင် ဟိုပုံးမြို့နယ် စံဖူးကျေးရွာအုပ်စု လိုက်ပေးကျေးရွာ ဘုန်းတော်ကြီးကျောင်းသို့လည်းကောင်း ဆန်၊ ဆီ၊ ဆားနှင့် ကုလားပဲများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁ - ၃ -၂၀၂၃)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၄၀၀ | ၈,၃၀၀ | ၆၁၀ | ၅,၀၇၅,၃၀၀ |
| MTSH | ၃,၀၅၀ | ၃,၀၅၀ | ၄,၄၀၁ | ၁၃,၄၁၈,၀၅၀ |
| MCB | ၇,၅၀၀ | ၇,၅၀၀ | ၀ | ၀ |
| FPB | ၁,၇၀၀ | ၁,၇၀၀ | ၉၂ | ၁၅၆,၄၀၀ |
| TMH | ၂,၆၀၀ | ၂,၆၀၀ | ၆ | ၁၅,၆၀၀ |
| EFR | ၂,၆၀၀ | ၂,၆၀၀ | ၈ | ၂၀,၈၀၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၁၃၉ | ၆၈၁,၁၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် မတ် ၁

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | မြန်မာငွေကျပ် |
|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = ၂၁၀၀.၀ |
| ( ခ ) ဥရောပ | တစ်ယူရို | = ၂၂၃၅.၇ |
| ( ဂ ) တရုတ် | တစ်ယွမ် | = ၃၀၅.၄၉ |
| (ဃ) ထိုင်း | တစ်ဘတ် | = ၆၀.၄၃၅ |
| ( င ) မလေးရှား | တစ်ရင်းဂစ် | = ၄၆၉.၅၄ |
| ( စ ) အိန္ဒိယ | တစ်ရူပီး | = ၂၅.၄၅၈ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = ၁၄၂၀.၄ |
| ( ဇ ) စင်ကာပူ | တစ်ဒေါ်လာ | = ၁၅၆၅.၈ |
| ( ဈ ) ဂျပန် | တစ်ရာယန်း | = ၁၅၄၆.၄ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = ၁၆၀.၉၀ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ ရှေ့ဖုံးမှ

စီးပွားရေးဦးတည်ချက် (၄)ရပ်အနက် **"စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှု ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး" နှင့် "သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း (MSME) များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး"** ဆိုသည့် ဦးတည်ချက်များနှင့်အညီ နိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍတို့ ဖွံ့ဖြိုးတိုးတက်ရေးကို ပဓာနကျသည့် တာဝန်တစ်ရပ်အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်၏ အခြေခံစီးပွားရေးကဏ္ဍကြီးဖြစ်သော စိုက်ပျိုးမွေးမြူရေးကဏ္ဍမှ စားရေရိက္ခာဖူလုံရေးနှင့် အာဟာရပြည့်ဝစွာ စားသုံးနိုင်ရေး၊ အစားအစာဘေးကင်းလုံခြုံရေးတို့ကို အဓိကထား၍ ဖော်ဆောင်ပေးရာတွင် တောင်သူလယ်သမားကြီးများနှင့် ၎င်းတို့မိသားစုများ၏ စွမ်းအားသည် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိပေရာ နိုင်ငံတော်အနေဖြင့်လည်း ယင်းကဲ့သို့ စွမ်းအားရှင်များ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေးကိုပါ တစ်ပါတည်း ဒွန်တွဲဆောင်ရွက်ပေးလျက်ရှိပါသည်။

ကမ္ဘာပေါ်တွင် ရာသီဥတုပြောင်းလဲမှု၊ နိုင်ငံရေးမတည်ငြိမ်မှုများကြောင့် နိုင်ငံအများစု၏ စားရေရိက္ခာဖူလုံမှုအပေါ် စိန်ခေါ်မှုများစွာ ပေါ်ပေါက်လျက်ရှိပြီး၊ နိုင်ငံတိုင်းကလည်း ပြည်တွင်းစားရေရိက္ခာဖူလုံရေးအတွက် မူဝါဒမျိုးစုံ ချမှတ်ကျင့်သုံးလျက်ရှိပါသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း အရည်အသွေးနှင့် အထွက်နှုန်း ပိုမိုကောင်းမွန်သည့် ဆန်စပါး တိုးချဲ့စိုက်ပျိုးထုတ်လုပ်ရေးနှင့် ပြည်ပသို့ ပိုမိုတင်ပို့နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ပြည်ပပို့ကုန် တိုးမြှင့်တင်ပို့နိုင်ရေးအတွက် ရေးဆွဲအကောင်အထည်ဖော်လျက်ရှိသော အမျိုးသားပို့ကုန် မဟာဗျူဟာရည်မှန်းချက်၏ ဦးစားပေးပို့ကုန်အမယ်များတွင် ဆန်နှင့် ဆန်ထွက်ပစ္စည်းကဏ္ဍသည် ဦးစားပေးကဏ္ဍတစ်ရပ်ဖြစ်ပါသည်။ ဆန်စပါးတင်ပို့မှုမြှင့်တင်ရေး မဟာဗျူဟာမျှော်မှန်းချက်မှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဝင်ငွေတိုးတက်လာစေရေးအတွက် အရည်အသွေးမြင့်မားပြီး သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေဖြစ်မည့် ရေရှည်ဖွံ့ဖြိုးတိုးတက်သော ဆန်စပါးစိုက်ပျိုးထုတ်လုပ်ရေးနှင့် တင်ပို့ရေးပင်ဖြစ်ပါသည်။

ထို့ပြင် ဒေသတွင်းစားရေရိက္ခာဖူလုံရေးသာမက ပြည်ပပို့ကုန်တိုးမြှင့်တင်ပို့ရန်နှင့် နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစေရန် လယ်ယာမြေများကို အခြားနည်းဖြင့် သုံးစွဲခြင်းများ မရှိစေရေးနှင့် စိုက်ကေတိုးချဲ့ရေး ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ သီးနှံများ၏ တစ်ကေအထွက်နှုန်းတိုးတက်ရေးကို အလေးပေး ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ သီးနှံတစ်ကေ အထွက်နှုန်းတိုးတက်ရေး ဆောင်ရွက်ရာတွင် အဓိကအချက်များဖြစ်သည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ သွင်းအားစုများ ဈေးနှုန်းသက်သာစွာ ဝယ်ယူရရှိရေးအတွက် အစိုးရ၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များနှင့် တောင်သူလယ်သမားများအားလုံး ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။ ရာသီဥတုပြောင်းလဲလာမှုကြောင့် ရေအရင်းအမြစ်များ လျော့ပါးလာသဖြင့် နိုင်ငံတော်အစိုးရအနေဖြင့် တောင်သူလယ်သမားကြီးများ စိုက်ပျိုးရေရရှိရေး နည်းမျိုးစုံဖြင့် ဆောင်ရွက်ပေးလျက်ရှိရာ ရေကို ထိရောက်စွာ အသုံးပြုရေးနှင့် အလေအလွင့်မရှိစေရေး သတိထားဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ထို့ကြောင့် စားရေရိက္ခာဖူလုံရေးနှင့် ပြည်ပသို့ ပိုမိုတင်ပို့နိုင်ရေးအတွက် သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားစေ၍ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (၂၀၁၈–၂၀၃၀ ခုနှစ်)ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံ၏ စီးပွားရေးမူဝါဒတွင်လည်း စားရေရိက္ခာဖူလုံရေးနှင့် ပို့ကုန်ကဏ္ဍမြှင့်တင်ရေးအတွက် သီးနှံအလိုက် နှစ်စဉ်စီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိရာ ၂၀၂၁–၂၀၂၂ ခုနှစ်တွင် တိုင်းဒေသကြီး/ ပြည်နယ်များ၌ စပါး (၁၇,၂၉၄,၄၅၇) ဧက၊ ပဲမျိုးစုံ (၉,၇၆၉,၈၁၉) ဧက၊ ဆီထွက်သီးနှံ (၇,၅၄၃,၂၁၇) ဧက၊ အစေ့ထုတ်ပြောင်း (၁,၅၀၁,၅၁၄) ဧက၊ ဝါသီးနှံ (၃၉၃,၇၈၁) ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ၂၀၂၂–၂၀၂၃ ခုနှစ်တွင် စပါး (၁၅,၂၂၃,၃၃၂) ဧက၊ ပဲမျိုးစုံ (၉,၅၈၂,၀၁၅) ဧက၊ ဆီထွက်သီးနှံ (၇,၈၃၄,၃၇၆) ဧက၊ အစေ့ထုတ်ပြောင်း (၁,၄၇၄,၉၅၁) ဧကနှင့် ဝါသီးနှံ (၄၅၈,၃၈၈) ဧက စိုက်ပျိုးဆောင်ရွက်ထားရှိပြီးဖြစ်ပါသည်။

> **❖ ဒေသတွင်း စားရေရိက္ခာဖူလုံရေးသာမက ပြည်ပပို့ကုန်တိုးမြှင့်တင်ပို့ရန်နှင့် နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန် လယ်ယာမြေများကို အခြားနည်းဖြင့် သုံးစွဲခြင်းများမရှိစေရေးနှင့် စိုက်ကေတိုးချဲ့ရေး ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ သီးနှံများ၏ တစ်ကေအထွက်နှုန်း တိုးတက်ရေးကို အလေးပေး ဆောင်ရွက်ကြရမည်**
>
> **❖ သီးနှံတစ်ကေ အထွက်နှုန်းတိုးတက်ရေး ဆောင်ရွက်ရာတွင် အဓိကအချက်များဖြစ်သည့် မျိုးကောင်း မျိုးသန့်ရရှိရေး၊ သွင်းအားစုများ ဈေးနှုန်းသက်သာစွာ ဝယ်ယူရရှိရေးအတွက် အစိုးရ၊ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များနှင့် တောင်သူလယ်သမား များအားလုံး ပူးပေါင်းဆောင်ရွက်သွားကြရမည်**

စပါးအထွက်နှုန်းတိုးတက်ရေးအတွက် ၂၀၂၂–၂၀၂၃ ခုနှစ်၌ သိပ္ပံနည်းကျစိုက်နည်းစနစ်ဖြင့် တစ်ကွင်းတစ်စပ်တည်း မိုးစပါးဧက(၁၀၀) စံပြကွက်များ စိုက်ပျိုးခြင်းစီမံကိန်းကို ဆောင်ရွက်လျက်ရှိပြီး တိုင်းဒေသကြီး/ပြည်နယ် (၁၂)ခုဖြစ်သည့် နေပြည်တော်ကောင်စီနယ်မြေ၊ ကချင်၊ ကရင်၊ မွန်၊ ရခိုင်၊ ရှမ်းပြည်နယ်တို့နှင့် စစ်ကိုင်း၊ ပဲခူး၊ မကွေး၊ မန္တလေး၊ ရန်ကုန်၊ ဧရာဝတီတိုင်းဒေသကြီးတို့ရှိ မြို့နယ် (၁၅)မြို့နယ်တွင် (၁၅၀၀) ဧက လျာထားဆောင်ရွက်ခဲ့ရာ (၁၆၀၀) ဧက စိုက်ပျိုးနိုင်ခဲ့ပြီး တစ်ဧကလျှင် ပျမ်းမျှ (၁၁၅.၇၆) တင်းထွက်ရှိအောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။ စပါးအထွက်နှုန်းများကို တစ်ဧကချင်းအလိုက် အထွက်နှုန်းတိုးအောင် ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်တွင်း ဆန်ဖူလုံမှုလုံလောက်သည့်အပြင် ပြည်ပသို့ တင်ပို့ရောင်းချနိုင်မည်ဖြစ်၍ တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေမည်ဖြစ်ပြီး နိုင်ငံတော်အတွက်လည်း အကျိုးဖြစ်ထွန်းမည်ဖြစ်ပါသည်။

ပြည်တွင်းဆီစားသုံးမှုဖူလုံစေရန် ဆီထွက်သီးနှံကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ်အလိုက် နေရာဒေသမရွေး စိုက်ပျိုးနိုင်သည့် နေကြာသီးနှံစိုက်ဧက (၁.၅) သန်းအထိ တိုးချဲ့စိုက်ပျိုးရေးကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ နေကြာစိုက်တောင်သူများအတွက် စိုက်ပျိုးစရိတ်ကုန်ကျမှုကို အထောက်အပံ့ဖြစ်စေရေးအတွက် နိုင်ငံတော်က ခွင့်ပြုငွေကျပ် ၁၀၀.၂၄၈ ဘီလီယံဖြင့် နေကြာစိုက်ပျိုးရာသီများတွင် နေကြာမျိုးစေ့နှင့် သွင်းအားစုများ အချိန်မီ ပံ့ပိုးထုတ်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ လက်ရှိအချိန်တွင် အချို့သည် ဆီကို လိုအပ်သည်ထက် ပိုမိုစားသုံးနေကြသဖြင့် ကျန်းမာရေးအရ ထိခိုက်ဆုံးရှုံးမှုများနှင့်အတူ ပြည်ပမှ မှာယူတင်သွင်းရမှုများ မြင့်တက်လျက်ရှိပါသည်။ ဆီကို လိုသလောက်သာသုံးစွဲခြင်းဖြင့် ကျန်းမာရေးကောင်းမွန်မှုကို အထောက်အကူပြုနိုင်မည်ဖြစ်သည့်အပြင် ပြည်တွင်းဆီဖြင့် စားသုံးမှုလုံလောက်စေရန် ကြိုးပမ်းခြင်းဖြင့်လည်း နိုင်ငံခြားငွေသုံးစွဲမှုကို လျှော့ချစေနိုင်မည်ဖြစ်သဖြင့် ဆီထွက်သီးနှံစိုက်ပျိုးမှု မြှင့်တင်ရေးကို ကြိုးစားဆောင်ရွက်ကြရန် တိုက်တွန်းလိုပါသည်။

အလားတူ ချည်တင်သွင်းမှု လျှော့ချနိုင်ရေးအတွက် ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ပြီး ပြည်ပတင်ပို့နိုင်ရေးကို ရည်မှန်း၍ ချည်မျှင်ရှည်ဝါ တိုးမြှင့်ထုတ်လုပ်ရန် ဝါသီးနှံကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချည်မျှင်ရှည်ဝါသီးနှံ တစ်ဧကအထွက်နှုန်း တိုးတက်ရေး၊ (၄)နှစ်ကာလအတွင်း ဧက(၇) သိန်းပြည့်မီအောင် စိုက်ပျိုးဆောင်ရွက်ရမည်ဖြစ်ပါသည်။ ဝါတစ်ဧက အထွက်နှုန်းပိဿာ (၇၀၀)နှင့်အထက် လျာထားချက်ပြည့်မီစေရန်နှင့် အရည်အသွေးကောင်းဝါနှင့် ဝါဂွမ်းများရရှိရေး (၂၀၂၂–၂၀၂၃ မှ ၂၀၂၅–၂၀၂၆) ခုနှစ်အထိ ကာလသတ်မှတ်၍ ချည်မျှင်ရှည်ဝါ တိုးတက်ထုတ်လုပ်ရေး စီမံကိန်းကို ဆောင်ရွက်လျက်ရှိပါသည်။

**ချစ်ခင်လေးစားအပ်ပါသော တောင်သူလယ်သမားကြီးများခင်ဗျား**

**"နိုင်ငံ၏ စီးပွားရေးအခြေအနေကောင်းများ ဖန်တီးနိုင်မှသာလျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်"** ဖြစ်သည့်အတွက် လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် တောင်သူလယ်သမားများ၏ စိုက်ပျိုးထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ပြီး တစ်ဦးချင်း ဝင်ငွေတိုးတက်စေရန်နှင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝနှင့်နိုင်ငံတော်၏စီးပွားရေးအခြေအနေကို ပြန်လည်မြှင့်တင်နိုင်ရန် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေမှ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ပဲတီစိမ်းနှင့် နှမ်းစပါးစီမံကိန်းကို ရေးဆွဲဆောင်ရွက်လျက်ရှိရာ ၂၀၂၂–၂၀၂၃ ခုနှစ်၌ နှမ်းစပါးသီးနှံဧက (၈၅၀,၀၀၀)နှင့် ပဲတီစိမ်းသီးနှံဧက (၅၀၀,၀၀၀) စိုက်ပျိုးထုတ်လုပ်ခြင်းတွင် ကျပ်ဘီလီယံ (၂၃၀) အား နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ သုံးစွဲဆောင်ရွက်သွားလျက်ရှိပါသည်။

အစားအစာနှင့် အာဟာရလုံခြုံမှုရှိစေရန်နှင့် သီးနှံအထွက်နှုန်းတိုးတက်စေရန်အတွက် မူရင်းသီးနှံသာမက သီးထပ်၊ သီးညှပ်စိုက်ပျိုးထုတ်လုပ်ခြင်း၊ ဘေးအန္တရာယ်ကင်းရှင်း၍ စံချိန်စံညွှန်းနှင့် ညီညွတ်သော သီးနှံထုတ်ကုန်များ စိုက်ပျိုးထွက်ရှိရေးအတွက် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (Good Agriculture Practices–GAP) နှင့် အော်ဂဲနစ်စိုက်ပျိုးရေးကိုလည်း ပညာပေးဆောင်ရွက်လျက်ရှိပါသည်။ တောင်သူများ သီးနှံစိုက်ပျိုးထုတ်လုပ် ကုန်ကျစရိတ်သက်သာစေရန် ဓာတ်မြေဩဇာ စနစ်တကျထိရောက်စွာအသုံးပြုတတ်စေရေး၊ သဘာဝမြေဩဇာ၊ သစ်စိမ်းနှင့် ဇီဝမြေဩဇာသုံးစွဲတတ်လာစေရေး၊ မြေဆီလွှာပြုပြင်ထိန်းသိမ်းရေးအတွက် ပညာပေးဆောင်ရွက်လျက်ရှိပါသည်။

တောင်သူများ ဝင်ငွေတိုးတက်ရေးအတွက် သီးနှံအထွက်နှုန်းတိုးတက်လာစေရေး ပညာပေးဆောင်ရွက်ပေးခြင်းအပြင် ဇီဝမျိုးများ ထိန်းသိမ်းထားနိုင်ပြီး ရေရှည်တည်တံ့သော ပတ်ဝန်းကျင်အဖြစ် ထိန်းသိမ်းထားနိုင်ရေးအတွက် မှန်ကန်သော ထွန်ယက်စိုက်ပျိုးခြင်း၊ မျိုးစေ့အရည်အသွေးမြှင့်တင်ခြင်း၊ သီးနှံပိုးမွှားရောဂါကာကွယ်ရေး၊ မြေဆီဩဇာတိုးတက်ရေးနှင့် စိုက်ပျိုးရေကို စနစ်တကျစီမံခန့်ခွဲခြင်း နည်းပညာများကို တောင်သူများသို့ ပညာပေးဖြန့်ဝေလျက်ရှိပါသည်။ တောင်သူလယ်သမားများ စိုက်ပျိုးရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများရရှိရေးအတွက်လည်း မျိုးစေ့ထုတ်အသင်းအဖွဲ့များ (Seed Grower Association–SGA)၊ မျိုးစေ့ထုတ်သမဝါယမအသင်းများ (Seed Grower Cooperation–SGC)၊ မျိုးစေ့ထုတ်လယ်သမားအသင်းများ (Farmer Group Association)၊ ပုဂ္ဂလိကကဏ္ဍ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ချိတ်ဆက်ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများကိုလည်း စီမံဆောင်ရွက်ပေးလျက်ရှိပါသည်။

**ချစ်ခင်လေးစားအပ်ပါသော တောင်သူလယ်သမားကြီးများခင်ဗျား**

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှုအနေဖြင့် ၂၀၂၂– ၂၀၂၃ ခုနှစ်တွင် ကျေးရွာ ( ၂၉,၂၉၄ )ရွာတွင် ကျေးလက်ရေရရှိရေးလုပ်ငန်း (၁၂၀၄)ခု၊ ဆီထွက်သီးနှံ (၄,၄၃၁) ဧကအတွက် ဆိုလာရေတင်စနစ် (၁၁၁) ခု၊ မြို့ (၁၄) မြို့တွင် ရေပေးဝေခြင်း၊ ကျေးရွာ (၁၅,၀၆၃)ရွာတွင် ကျေးလက်မီးလင်းရေးအတွက် (Solar Home System–SHS) (၄၃,၇၀၇)ခုနှင့် Mini–grid (၈)ခု၊ ဆီထွက်သီးနှံ (၅၂၀၃)ဧကအတွက် ကုန်ထုတ်လမ်း၊ တံတားများနှင့် ဧက (၁.၈၆)သန်းအတွက် ပုံမှန်ကျေးလက်ကုန်ထုတ်လမ်း၊ တံတားများ တည်ဆောက်ခြင်း၊ ကျေးလက်အိမ်ရာ (၇၂)လုံး တည်ဆောက်ခြင်း၊ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်း (၆၇၆)ကြိမ် ဆောင်ရွက်ခဲ့ခြင်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး စီမံကိန်းများအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း၊ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစီမံကိန်း၊ ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်း၊ လူထုဗဟိုပြုစီမံကိန်းနှင့် ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

အသားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်ထောက်ပံ့ငွေဖြင့် သွင်းအားစုများပံ့ပိုးခြင်း လုပ်ငန်းများဖြစ်သော မြစိမ်းရောင် (အသားကဏ္ဍ) ကျေးရွာများ ထူထောင်ခြင်း၊ မျိုးကောင်းမျိုးသန့် တိရစ္ဆာန်ဖြန့်ဖြူးခြင်း၊ မျိုးမြင့်၊ မျိုးပွား၊ မျိုးထိန်းသိမ်းပေးခြင်းလုပ်ငန်းများတွင် မေထုန်မဲ့သားစပ်လုပ်ငန်း ဆောင်ရွက်ပေးခြင်း၊ မျိုးထိန်း၊ မျိုးပွား သုတေသနခြံများ တည်ထောင်ပြီး တောင်သူများအား မျိုးဖြန့်ဖြူးပေးခြင်း၊ တောင်သူလယ်သမားများအား ကောင်းမွန်သော တိရစ္ဆာန်မွေးမြူရေးကျင့်စဉ် (Good Animal Husbandry Practices–GAHP) နှင့်အညီ မွေးမြူထုတ်လုပ်ခြင်းလုပ်ငန်းများ လုပ်ဆောင်နိုင်ရန်အတွက် မွေးမြူရေးနည်းပညာ ပံ့ပိုးပေးခြင်းနှင့် အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ တိရစ္ဆာန်ရောဂါကာကွယ်ဆေးများ ထိုးနှံပေးခြင်း၊

**စာမျက်နှာ ၄ သို့ ☆**

❒ ပြည်သူမှ
သမိုင်းအကျဉ်း၊ တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း လုံခြုံရေး၊ နယ်မြေစိုးမိုးရေးနှင့် တရားဥပဒေစိုးမိုးရေး ဆောင်ရွက်နေမှုအခြေအနေများ၊ နယ်စပ်ဒေသ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးဆိုင်ရာများ ဆောင်ရွက်ထားရှိမှု၊ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိမှု၊ တရားမဝင်ကုန်သွယ်မှုများအား တားဆီးဆောင်ရွက်လျက်ရှိမှု၊ ယာယီနေရပ်စွန့်ခွာသူများအား ၎င်းတို့၏ နေရပ်အသီးသီးသို့ ပြန်လည်ပို့ဆောင်ပေးခြင်းနှင့် လိုအပ်သည့် ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးလျက်ရှိမှု၊ ဒေသခံပြည်သူလူထုတို့အား ကျန်းမာရေးစောင့်ရှောက်ပေးနိုင်မှု၊ ပညာရေးရိပ်သာများ ဖွင့်လှစ်၍ ကျောင်းသား၊ ကျောင်းသူများ၏ စားဝတ်နေရေး အဆင်ပြေမှုရှိအောင် ဆောင်ရွက်ပေးလျက်ရှိမှု၊ တပ်ပိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ သက်သာချောင်ချိရေး ဆောင်ရွက်ပေးနိုင်မှုတို့ကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း တာဝန်ထမ်းဆောင်နေသူများအနေဖြင့် မိမိတို့ တာဝန်ထမ်းဆောင်ရသည့် နယ်မြေဒေသ၏ သမိုင်းကြောင်း အစဉ်အလာနှင့် ပကတိအခြေအနေမှန်များကို သိရှိနားလည်ရမည်ဖြစ်ပြီး ဒေသတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဒေသခံများနှင့် အတူတကွ ဝိုင်းဝန်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်ပြောကြားရာတွင် တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်ရှိ တပ်ရင်းတပ်ဖွဲ့များအနေဖြင့်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် အမ်းတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်စဉ်။

တိုက်စွမ်းရည်၊ တိုက်စွမ်းအားပြည့်ဝနေရန် လိုအပ်မည်ဖြစ်ပြီး တပ်ရင်းတပ်ဖွဲ့အလိုက် လေ့ကျင့်ရမည်ဖြစ်သကဲ့သို့ လေ့ကျင့်ရေးသင်တန်းကျောင်းများကလည်း အမြဲမပြတ်လေ့ကျင့်ပေးနေရန် လိုအပ်မည်ဖြစ်ကြောင်း၊ မိမိတို့ သင်ကြားထားသည့် စစ်ပညာများကို ထိထိရောက်ရောက် အသုံးချနိုင်ရန် လိုကြောင်း၊ အဆင့်ဆင့်သော ခေါင်းဆောင်များကိုယ်တိုင် စိတ်ဓာတ်၊ စည်းကမ်းကောင်းမှသာလျှင် တိုက်စွမ်းရည်၊ တိုက်စွမ်းအား ကောင်းမွန်သည့် တပ်များဖြစ်လာမည်ဖြစ်သဖြင့် စစ်သည်တစ်ဦးချင်း စိတ်ဓာတ်၊ စည်းကမ်းနှင့် ခံယူချက်ကောင်းများ ရှိအောင် လေ့ကျင့်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ညီညွတ်မှုတပြီး တပ်မှူးကောင်းစိတ်ထား၍ မိမိတို့၏ လက်အောက်ငယ်သားများကို မှန်မှန်ကန်ကန် ကွပ်ကဲအုပ်ချုပ် ဆောင်ရွက်ရန်လိုကြောင်းဖြင့် မှာကြားခဲ့သည်။

**❋ အဆင့်ဆင့်သော ခေါင်းဆောင်များကိုယ်တိုင် စိတ်ဓာတ်၊ စည်းကမ်းကောင်းမှသာလျှင် တိုက်စွမ်းရည်၊ တိုက်စွမ်းအား ကောင်းမွန်သည့် တပ်များဖြစ်လာမည်ဖြစ်သဖြင့် စစ်သည်တစ်ဦးချင်း စိတ်ဓာတ်၊ စည်းကမ်းနှင့် ခံယူချက်ကောင်းများရှိအောင် လေ့ကျင့်ဆောင်ရွက်ပေးရမည်**

### အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြား

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် အမ်းတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တိုင်းစစ်ဌာနချုပ်ခန်းမ၌ သွားရောက်တွေ့ဆုံ အမှာစကားပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် တာဝန်ရှိသူများ၊ အမ်းတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

### စွမ်းရည်ရှိပြီး စွမ်းပကားမြင့်မားသည့် တပ်မတော်ဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်

ထိုသို့ တွေ့ဆုံအမှာစကားပြောကြားရာ၌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေရှိ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် တွေ့ဆုံရသည့်အတွက် ဝမ်းမြောက်ပါကြောင်းနှင့် တိုင်းစစ်ဌာနချုပ်နယ်မြေ အတွင်းရှိ တပ်ရင်းတပ်ဖွဲ့များအနေဖြင့် နိုင်ငံ၏ အနောက်ဘက်ခြမ်း နယ်မြေလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးတာဝန်များကို ခေတ်အဆက်ဆက် တာဝန်ထမ်းဆောင်လျက်ရှိကြောင်း၊ တပ်မတော်၏ အဓိကတာဝန်သည် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ထိပါးလာသည့် ပြည်ပအန္တရာယ်များကို ကာကွယ်စောင့်ရှောက်ရန်နှင့် နိုင်ငံနှင့် နိုင်ငံသားတို့၏ အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်ဖြစ်ကြောင်း၊ နိုင်ငံတကာရှိ တပ်မတော်တိုင်းသည် ပြည်ပအန္တရာယ်၊ ရန်စွယ်များကို ကာကွယ်ရန်ဖြစ်ပြီး ရဲတပ်ဖွဲ့သည် ပြည်တွင်းလက်နက်ကိုင် အကြမ်းဖက်မှုများ၊ ပဋိပက္ခများကို ကိုင်တွယ်ဖြေရှင်းရသည် ဖြစ်သော်လည်း မိမိတို့နိုင်ငံတွင် သမိုင်းကြောင်း အခြေအနေများအရ တပ်မတော်မှ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့်အတူ ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခဖြေရှင်းရေးနှင့် ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ် လုံခြုံရေးတွင် ဝင်ရောက်တာဝန်ထမ်းဆောင်နေရခြင်းဖြစ်ကြောင်း၊ နိုင်ငံ၏ ပထဝီဝင်အနေအထားအရ မိမိတို့အနေဖြင့် ဖြစ်ပေါ်လာနိုင်သည့်အခြေအနေများ အပေါ်တွင်လည်း ကျယ်ကျယ်ပြန့်ပြန့် သုံးသပ်၍ အရှည်မြော်တွေးပြီး ဆောင်ရွက်ကြရန်လိုကြောင်း။

**စာမျက်နှာ ၅ သို့ ❒**

**✰ စာမျက်နှာ ၃ မှ**
ရောဂါဖြစ်ပွားမှုများအား ထိန်းချုပ်ခြင်းနှင့် ကုသခြင်း၊ ရောဂါစူးစမ်းလေ့လာခြင်း၊ သဘာဝဘေးဒဏ်သင့်ဒေသများသို့ တိရစ္ဆာန်အစာနှင့် ဆေးများ ထောက်ပံ့ပေးခြင်းတို့ ဆောင်ရွက်လျက်ရှိပါသည်။ ကုန်သွယ်မှုအတွက် ရည်ရွယ်၍ ပြောင်းချဉ်ဖတ် (Corn Silage) ကို ပို့ကုန်အမယ်အသစ်အနေဖြင့် တင်ပို့နိုင်ရန် တိရစ္ဆာန်အစာချဉ်ဖတ်ထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်သူများ လိုက်နာရမည့် ညွှန်ကြားချက်ကို ထုတ်ပြန်ထားရှိပြီးဖြစ်ပြီး နယ်စပ်ဒေသမှတစ်ဆင့် ပြည်ပဈေးကွက်လိုအပ်ချက်များ အရ သုတေသနဆောင်ရွက်၍ တင်ပို့လျက်ရှိပါသည်။

ပြည်ပသို့ တိရစ္ဆာန်ထွက်ပစ္စည်းများတင်ပို့မှု အနေဖြင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း (ဧပြီလမှ ဒီဇင်ဘာလအထိ) စုစုပေါင်းတန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ (၄၂.၉၈၂) သန်း ဝင်ငွေရရှိခဲ့ပါသည်။ အသား/ နို့/ ဥထုတ်လုပ်မှုအနေဖြင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း (ဧပြီလမှ ဒီဇင်ဘာလအထိ) အသားပိဿာ (၅၅၅.၉၇၅)သန်း၊ နို့ပိဿာ (၉၇၇.၈၃၄) သန်း၊ ဥလုံးရေ (၂၈၄၉.၅၃၀) သန်း ထုတ်လုပ်နိုင်ခဲ့ပါသည်။

ငါးကဏ္ဍအနေဖြင့် ဖမ်းဆီး၊ မွေးမြူ ပြုပြင်ထုတ်လုပ်သူများနှင့် ထုတ်လုပ်မှုကွင်းဆက်တစ်လျှောက် ငါးလုပ်ငန်းနှင့်ပတ်သက်သည့် ပါဝင်ဆက်သွယ်သူအားလုံး စုစုပေါင်း (၂)သန်းကျော်ရှိပြီး ပြီးခဲ့သည့်နှစ် ငါး/ ပုစွန်ဖမ်းဆီး၊ မွေးမြူခြင်းမှ မက်ထရစ်တန် ထောင်ပေါင်း (၆၀၇၄.၈၂) တန် ထုတ်လုပ်ခဲ့ပြီး (၁၀ %)ခန့်ကိုသာ ပြည်ပတင်ပို့ခဲ့ပြီး အများစုမှာ ပြည်တွင်းငါးရိက္ခာလိုအပ်ချက်ကို ဖြည့်တင်းဆောင်ရွက်ပေးလျက်ရှိပါသည်။ ၂၀၂၂-၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလအထိ ငါးပုစွန်မွေးမြူခြင်း၊ ဖမ်းဆီးခြင်းတို့မှ မက်ထရစ်တန်ထောင်ပေါင်း (၄၅၂၈.၅၁) တန် ထုတ်လုပ်ခဲ့ပြီး ၎င်းအနက်မှ ရေထွက်ကုန်ပစ္စည်း (၃၀၀) မျိုးခန့်၊ မက်ထရစ်တန်ချိန် (၄၀၇,၄၆၉.၈၀၄) တန်ကို ပြည်ပသို့ တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ (၆၃၁.၂၄၂) သန်းရရှိခဲ့ပါသည်။ ၂၀၂၂-၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလအထိ မွေးမြူရေးငါးပုစွန် (၉၇၆.၀၆၆) တန် ထုတ်လုပ်ခဲ့ပြီး ၎င်းအနက်မှ ရေထွက်ကုန်ပစ္စည်း (၃၀)မျိုးခန့်၊ မက်ထရစ်တန်ချိန် (၄၇,၈၁၂.၈၄၅) တန်ကို ပြည်ပသို့တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ (၆၀.၂၈၅) သန်း ရရှိခဲ့ပါသည်။ ရေထွက်ကုန်ပစ္စည်းများအား နိုင်ငံပေါင်း (၄၀)ကျော်သို့ တင်ပို့လျက်ရှိရာ ရေထွက်ကုန်ပစ္စည်းများ အစားအစာ ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် နိုင်ငံတကာမှ သတ်မှတ်ထားသည့် စံချိန်စံညွှန်းများနှင့်အညီ တင်ပို့နိုင်ရေးကို စစ်ဆေးဆောင်ရွက်လျက်ရှိပါသည်။ ရေထွက်ကုန်များကို ကဏ္ဍစုံမှ ထုတ်လုပ်နိုင်ခြင်းသည် နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာအထောက်အကူဖြစ်စေလျက်ရှိရာ ငါးလုပ်ငန်းနှင့်ပတ်သက်သည့် ပါဝင်ဆက်သွယ်သူများအားလုံး၏ လုံ့လဝီရိယဖြင့် ကြိုးပမ်းမှုများအပေါ် အသိအမှတ်ပြုပါကြောင်း ဖော်ပြအပ်ပါသည်။

**ချစ်ခင်လေးစားအပ်ပါသော တောင်သူလယ်သမားကြီးများခင်ဗျား**

နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသူ တောင်သူလယ်သမားများအနေဖြင့် တန်ဖိုးမြှင့်ထုတ်ကုန် ကွင်းဆက်တစ်လျှောက် ပါဝင်ပတ်သက်နေကြသူများ၊ အဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ရန် လိုအပ်ပါသည်။ စိုက်ပျိုးမွေးမြူရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများ၊ လိုအပ်သည့် စက်ကိရိယာအပါအဝင် သွင်းအားစုများ၊ စိုက်ပျိုးနည်းပညာများ ပြည့်စုံလာပါက ထုတ်လုပ်မှုစွမ်းအားတိုးလာပြီး နိုင်ငံ့စီးပွားရေး ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။

စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် ကုန်ကြမ်းများမှ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး စဉ်းစားဆောင်ရွက်ကြရန် လိုအပ်ပါသည်။ ထို့အပြင် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ဒေသတစ်ခု ထုတ်ကုန်တစ်မျိုး (One Region One Product) နှင့် စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များနှင့် ဆက်စပ်နေသော အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ (MSME)ကိုလည်း အောင်မြင်အောင် မြှင့်တင်ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုပါသည်။ စိုက်ပျိုးမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာခြင်းဖြင့် ပါဝင်ဆောင်ရွက်လျက်ရှိသော တောင်သူများ၊ လယ်ယာလုပ်သားများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ သီးနှံတန်ဖိုးကွင်းဆက်တစ်လျှောက် ပါဝင်ပတ်သက်ကြသူများအားလုံး အကျိုးကျေးဇူးကို မျှတစွာ ခံစားကြရမည်ဖြစ်သကဲ့သို့ နိုင်ငံစီးပွားရေးကိုလည်း အထောက်အကူပြုမည်ဖြစ်ပါသည်။

မိမိတို့နိုင်ငံသည် သဘာဝမြေသယံဇာတ၊ ရေသယံဇာတ ပေါကြွယ်ဝလျက်ရှိပြီး စိုက်ပျိုးမွေးမြူရေးအတွက် ပြောင်းလဲဖြစ်ပေါ်လာသော ရာသီဥတု အခြေအနေအပေါ်မူတည်၍ လိုက်လျောညီထွေသော နည်းပညာများနှင့် ပေါင်းစပ်စိုက်ပျိုးမှုများပြုလုပ်ကာ၊ တောင်သူလယ်သမားတို့၏ ပေါင်းစည်းအင်အားဖြင့်၊ လယ်ယာကဏ္ဍအပါအဝင် နိုင်ငံတော်၏ အမျိုးသားရေးအကျိုးစီးပွား ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်မြှင့်တင်၍ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ အခက်အခဲအကျပ်အတည်းများနှင့် ပြည်တွင်း၊ ပြည်ပကုန်သွယ်မှု ကန့်သတ်ချက်များရှိနေသည့်ကြားမှ ယခုကဲ့သို့ လယ်ယာထွက်ကုန်၊ တိရစ္ဆာန်ထွက်ပစ္စည်းများ၊ အရှိန်အဟုန်မပျက် ထုတ်လုပ်တင်ပို့နိုင်သည်အထိ စွမ်းအားပြည့်ဆောင်ရွက်ပေးခဲ့ကြသော စားရေရိက္ခာထုတ်လုပ်ပေးကြသူ ကျေးဇူးရှင် တောင်သူလယ်သမားကြီးများကို အစဉ်ဂုဏ်ပြုအပ်ပါကြောင်းနှင့် ပြည်ထောင်စုတစ်ဝန်းလုံးရှိ တောင်သူလယ်သမားများ အပါအဝင် နိုင်ငံသားအားလုံး၏ ရေရှည်အကျိုးစီးပွားအတွက် မိမိတို့ ရင်ဆိုင်ကြုံတွေ့ကြရမည့် စိန်ခေါ်မှုများ၊ အတားအဆီးများနှင့် အခက်အခဲမှန်သမျှတို့ကို ကျော်လွှားပြီး ရည်မှန်းချက်ပန်းတိုင်အရောက် အတူလက်တွဲချီတက်ကြပါစို့ဟု အလေးအနက် တိုက်တွန်းလျက် သဝဏ်လွှာပေးပို့အပ်ပါသည်။

**ဗိုလ်ချုပ်မှူးကြီးသတိုးမဟာသရေစည်သူ**
**သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်**
**နိုင်ငံတော်ဝန်ကြီးချုပ်**
**ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

❒ စာမျက်နှာ ၄ မှ

တပ်မတော်အနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နေရမည် ဖြစ်သကဲ့သို့ ပြည်ပရန်ကာကွယ်ရေးအတွက်လည်း Standard Army တစ်ခုဖြစ်စေရေး လိုအပ်သည်များကို ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ လက်နက်များ စွမ်းအားမြင့်မားရေး၊ အရာရှိ၊ စစ်သည်များ၏ စွမ်းရည်မြင့်မားရေးအတွက် အမြဲမပြတ် မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း၊ တပ်မတော်(ကြည်း၊ရေ၊လေ)တပ်ဖွဲ့များအားလုံး အဆင့်မြှင့်တင်ခြင်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိသဖြင့် တပ်မတော်၏စွမ်းပကားမြှင့်တင်ရန်အတွက် စစ်သည်တစ်ဦးချင်း၏စွမ်းရည်မြင့်မားစေရေး လေ့ကျင့်ရေးတာဝန်များကိုလည်း မှန်မှန်ကန်ကန်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စစ်မြေပြင်တွင် သင်ကြားပေးထားသည့် စစ်အတတ်ပညာများကို စနစ်တကျ အသုံးချမည်ဆိုပါက ထိခိုက်မှုများ နည်းပါးစေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် စစ်သည်တစ်ဦးချင်း၊ တပ်တစ်တပ်ချင်းမှအစပြု၍ တပ်မတော်တစ်ရပ်လုံး စစ်ရေးစွမ်းရည် ထက်မြက်စေရေး ယခုထက်ပိုမိုကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် အမ်းတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ အမ်းမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသည့် အရာရှိစစ်သည်မိသားစုဝင်များ၏ ကျန်းမာရေးအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်း အားပေးစကားပြောကြားစဉ်။

### ပြည်သူအပေါ် ရေလို လလို ကျင့်ကြံ၊ ဒေသနှင့် တိုင်းပြည်အကျိုးကိုကြည့်၍ တာဝန်ကို ကျေပွန်စွာထမ်းဆောင်

ယခင်က ရခိုင်ပြည်နယ်သည် အကြောင်းအမျိုးမျိုးကြောင့် ဖွံ့ဖြိုးတိုးတက်မှု နည်းပါးခဲ့ပြီး လမ်းပန်းဆက်သွယ်မှု ခက်ခဲခြင်းများဖြစ်ပေါ်ခြင်းကြောင့် ဒေသခံများအနေဖြင့် ခေတ်အဆက်ဆက် အစိုးရများအပေါ် ရင်းနှီးနားလည်မှု နည်းပါးခဲ့ကြောင်း၊ ထို့ကြောင့် တပ်မတော်အစိုးရလက်ထက်တွင် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကနဦးအရေးအကြီးဆုံးဖြစ်သည့် လမ်းပန်းဆက်သွယ်မှုများ ကောင်းမွန်စေရေး ဆောင်ရွက်ပေးခဲ့ကြောင်း၊ စစ်တွေ-ရန်ကုန်လမ်းမကြီးကို ဖောက်လုပ်ပေးခဲ့ကြောင်း၊ ယခင်က သွားလာမှုခက်ခဲခြင်းကြောင့် ဒေသခံရခိုင်လူမျိုးများအနေဖြင့် မြေပြန့်ဒေသရှိ ပြည်သူများနှင့် ထိတွေ့ဆက်ဆံမှု နည်းပါးခဲ့ကြောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုပြိုကွဲပြီး ပြည်ထောင်စုကြီး ပြိုကွဲစေရေးကို လိုလားသည့် အချို့သော အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှုများကြောင့် တိုင်းရင်းသားအချင်းချင်း အထင်အမြင်လွဲမှားမှုများကို ပိုမိုဖြစ်ပေါ်စေခဲ့ကြောင်း၊ ထို့ကြောင့် ဒေသတွင်း တာဝန်ထမ်းဆောင်နေကြသူများအနေဖြင့် နယ်မြေဒေသ၏နောက်ခံသမိုင်းကြောင်းကို သိရှိနားလည်ရန်လိုပြီး ဒေသတွင်းတည်ငြိမ်အေးချမ်းရေး၊ သက်သာချောင်ချိရေး၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဒေသခံတိုင်းရင်းသားများ၏စိတ်နေသဘောထားများကိုသိရှိပြီး စိတ်ရှည်သည်းခံစွာဖြင့် ဆောင်ရွက်ရန်လိုကြောင်း၊ ဒေသနှင့် တိုင်းပြည်အကျိုးကိုကြည့်၍ မိမိတို့၏တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ကြရန်လိုကြောင်း၊ တပ်မတော်သားများသည် စည်းကမ်းနှင့်အညီ နေထိုင်ကြသူများဖြစ်ခြင်းကြောင့် ပြည်သူများနှင့်ထိတွေ့ဆောင်ရွက်ရာတွင် ပြည်သူ့အပေါ် ထားရှိရမည့် ကျင့်ဝတ်တွင်ပါဝင်သည့်အတိုင်း ပြည်သူအပေါ် ရေလို လလို ကျင့်ကြံကြရန်လိုကြောင်း၊ အလားတူ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း လူထုအကျိုးပြုလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ကြရန်လိုကြောင်း။

### ပညာရည်မြင့်မားသည့် လူသားအရင်းအမြစ်ကောင်းများ ပေါ်ကြွယ်ဝမှသာလျှင် ဒေသနှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်

ယခင်က ရခိုင်ပြည်နယ်သည် အုပ်ချုပ်မှုစနစ်၊ ပညာရေးတို့တွင် အားကောင်းခဲ့သည်များရှိသည်ကို လေ့လာတွေ့ရှိရကြောင်း၊ သို့သော်လည်း နောက်ပိုင်းတွင် မူဂျာဟစ်သောင်းကျန်းသူများနှင့် ဒေသတွင်းလူမျိုးရေးပဋိပက္ခများ ဖြစ်ပေါ်ခဲ့မှုများ စသည့်အကြောင်းအမျိုးမျိုးကြောင့် ရခိုင်ပြည်နယ်သည် ဖွံ့ဖြိုးတိုးတက်ရေးတွင် များစွာနောက်ကျခဲ့ရကြောင်း၊ ဒေသတစ်ခု၊ နိုင်ငံတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာအတတ်ပညာနှင့် ပြည့်စုံသည့် လူသားအရင်းအမြစ်ကောင်းများရှိရန် မဖြစ်မနေလိုအပ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ပညာရေးကို နိုင်ငံနှင့်အဝှမ်း မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိပြီး ရခိုင်ပြည်နယ်အတွင်း ပညာရည် မြင့်မားရေးအတွက်လည်း နိုင်ငံတော်အနေဖြင့် အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ပညာတတ်များ ပေါ်များမှသာ ဒေသဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်ပြီး ထိုမှတစ်ဆင့် တိုင်းရင်းသားအချင်းချင်း အထင်အမြင်လွဲမှားနေမှုများကို နည်းပါးစေကာ ချစ်ကြည်ရင်းနှီးမှုကို ပိုမိုအထောက်အကူပြုစေမည်ဖြစ်ပြီး စုစည်းညီညွတ်ပြီး ဖွံ့ဖြိုးတိုးတက်သည့် ပြည်ထောင်စုကြီးကို ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း။

အသိပညာ၊ အတတ်ပညာများသည် အတန်းပညာအပေါ်တွင် မူတည်ကြောင်း၊ ထို့ကြောင့် တပ်မတော်သားများ အတန်းပညာမြင့်မားရေးအတွက်လည်း တပ်မတော်မှ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အလားတူ တပ်မတော်သားများ၏ မိသားစုဝင် သားသမီးများ ပညာရည်မြင့်မားစေရေး အားပေးဆောင်ရွက်ကြစေလိုကြောင်း၊ ကျောင်းသားကျောင်းသူများအနေဖြင့် လမ်းခုလတ်တွင် ပညာရေးမပြီးဆုံးစေလိုဘဲ အဆင့်မြင့်ပညာရပ်များ သင်ကြားပြီးမြောက်သည်အထိ အားပေးဆောင်ရွက်ကြစေလိုကြောင်း၊ သို့မှသာ မိမိတို့သားသမီးများ၏ ဘဝရပ်တည်ရေးအတွက် အဆင်ပြေချောမွေ့စေမည်ဖြစ်ကြောင်း၊ မိမိတို့၏ မိဘများအနေဖြင့် မိမိတို့အပေါ် မိဘတာဝန်ကျေခဲ့သကဲ့သို့ မိမိတို့အနေဖြင့်လည်း မိမိတို့သားသမီးများအပေါ် မိဘဝတ္တရားကျေအောင် ဆောင်ရွက်ပေးကြစေလိုကြောင်း၊ အလားတူ မိမိတို့၏ အသိပညာ၊ အတတ်ပညာများမြင့်မားတိုးတက်စေရေးအတွက်လည်း ဗဟုသုတတိုးပွားစေမည့် စာအုပ်စာပေများကို အမြဲမပြတ်ဖတ်ရှုလေ့လာနေရန်လိုကြောင်း။

### မိမိကိုယ်ကို ထိန်းသိမ်းနေထိုင်ခြင်းဖြင့် လူမှုဘဝတိုးတက်စေရေး မြှင့်တင်ရမည်

ထို့ပြင် အရာရှိ၊ စစ်သည်၊ မိသားစုများအနေဖြင့် မိမိအတွက် အကျိုးမရှိသည့်အရက်သေစာ သောက်စားမှုများကို တစ်ဦးချင်းအသိတရားဖြင့် စနစ်တကျ ထိန်းသိမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ အရက်သေစာ လွန်ကျူးစွာ သောက်စားမှုကြောင့် ကျန်းမာရေး ထိခိုက်မှုကိုသာမက လူမှုရေးပြဿနာများပါ ကြုံတွေ့ရနိုင်ကြောင်း၊ အလားတူ ကျန်းမာရေးကို ထိခိုက်စေနိုင်သည့် ဆေးလိပ်နှင့် ကွမ်းစားသုံးမှုများကိုလည်း အတတ်နိုင်ဆုံးထိန်းသိမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ သက်သာချောင်ချိရေးနှင့် ပတ်သက်၍ တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ယခုထက်ပိုမိုတိုးတက်အောင် ဆောင်ရွက်ကြစေလိုကြောင်း၊ တပ်ပိုင်စိုက်ပျိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင်လည်း အများအတွက် အကျိုးရှိမည့် မွေးမြူရေးကိုဆောင်ရွက်ကြစေလိုကြောင်း၊ တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးများကို ဆောင်ရွက်ရာတွင်လည်း မိမိတို့ တတ်နိုင်သလောက် အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်ကြစေလိုကြောင်း၊ သို့မှသာ အသား၊ ငါး၊ ဟင်းသီးဟင်းရွက်များကို ဈေးနှုန်းသက်သာစွာဖြင့် စားသုံးနိုင်ပြီး မိမိတို့၏ ငွေကြေးသုံးစွဲမှုကို များစွာသက်သာစေမည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် အရာရှိ၊ စစ်သည်တစ်ဦးချင်း အဆင့်အလိုက် ရသင့်ရထိုက်သည့် ရပိုင်ခွင့်များနှင့် အခွင့်အရေးများကို နေရေး၊ စားရေး၊ ဝတ်ရေးတို့မှအစ တတ်နိုင်သရွေ့ ဖြည့်ဆည်းဆောင်ရွက်ပေးထားပြီးဖြစ်ကြောင်း၊ ထို့ပြင် စစ်သည်တစ်ဦးချင်းအတွက် အကျိုးကို ခိုင်မာစွာ ဖြစ်ပေါ်စေနိုင်ပြီး

စာမျက်နှာ ၆ သို့ ❒

✻ ရခိုင်ပြည်နယ်သည် အကြောင်းအမျိုးမျိုးကြောင့် ဖွံ့ဖြိုးတိုးတက်မှု နည်းပါးခဲ့ပြီး လမ်းပန်းဆက်သွယ်မှု ခက်ခဲခြင်းများ ဖြစ်ပေါ်ခြင်းကြောင့် ဒေသခံများအနေဖြင့် ခေတ်အဆက်ဆက် အစိုးရများအပေါ် ရင်းနှီးနားလည်မှု နည်းပါးခဲ့

✻ တပ်မတော်အစိုးရလက်ထက်တွင် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကနဦးအရေးအကြီးဆုံးဖြစ်သည့် လမ်းပန်းဆက်သွယ်မှုများ ကောင်းမွန်စေရေး ဆောင်ရွက်ပေးခဲ့

❒ စာမျက်နှာ ၅ မှ
စဉ်ဆက်မပြတ်သော အမြတ်ငွေများ နှစ်စဉ်ရရှိစေနိုင်သည့် မြန်မာ့စီးပွားရေးဦးပိုင်အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက် အစုရှယ်ယာထည့်ဝင်ခြင်းများကို ဆောင်ရွက်နိုင်ရန်လည်း အခွင့်အလမ်းများ ဖော်ဆောင်ပေးထားပြီးဖြစ်ကြောင်း၊ စစ်သည်တစ်ဦးတစ်ယောက်ချင်း၏အကျိုးကို မြော်တွေး၍ ဆောင်ရွက်ပေးထားခြင်းဖြစ်သဖြင့် မိမိတို့၏ကိုယ်ပိုင်စဉ်းစားဆင်ခြင်မှုများဖြင့် ရေရှည်ကိုကြည့်ကာ ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း။

အရာရှိ၊ စစ်သည်များအနေဖြင့် မိမိတို့လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာတွင် အောင်မြင်မှုများ ရရှိမည်ဆိုပါက လူအများက မိမိအပေါ်ယုံကြည်မှု တိုးတက်စေမည်ဖြစ်ကြောင်း၊ သို့မှသာ မိမိတို့ဘဝတိုးတက်ရေးအတွက် အထောက်အကူပြုမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အား ပေးအပ်လာသည့် လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာတွင် စိတ်လက်ကြည်သာစွာဖြင့် ပျော်ရွှင်စွာထမ်းဆောင်ကြရန်လိုကြောင်း မှာကြားသည်။

**စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်ရာ တိုင်းမှူးကလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီးက တပ်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကိုပေးအပ်ရာ တိုင်းမှူး၏ ဇနီးကလည်းကောင်း လက်ခံရယူကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြပြီး အရာရှိ၊ စစ်သည်၊ မိသားစုများ၏ တင်ပြချက်များကို လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

**ဆေးရုံတက်ရောက် ကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများ၏ ကျန်းမာရေးအခြေအနေများအား ရင်းရင်းနှီးနှီး မေးမြန်းအားပေး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဇနီးနှင့် အဖွဲ့ဝင်များသည် အမ်းမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံသို့သွားရောက်၍ ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၏ ကျန်းမာရေးအခြေအနေများကို တစ်ဦးချင်း ရင်းရင်းနှီးနှီး မေးမြန်းအားပေး စကားပြောကြားကာ စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့သည် တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့များက ဆေးကုသရေးအစီအစဉ်ဖြင့် ကုသပေးခဲ့ပြီး ဆေးရုံတက်ရောက်ကုသလျက်ရှိသည့် ဒေသခံပြည်သူများ၏ ကျန်းမာရေးအခြေအနေ တိုးတက်မှုများကို တစ်ဦးချင်း ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်သည်။ အဆိုပါ အမ်းမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံအနေဖြင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၏ ကျန်းမာရေးစောင့်ရှောက်မှုများအပြင် ဒေသခံပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုများကိုလည်း ထိထိရောက်ရောက်ဆောင်ရွက်ပေးလျက်ရှိသဖြင့် ဒေသခံပြည်သူအများအပြားတက်ရောက် ဆေးကုသမှု ခံယူလျက်ရှိပြီး ဒေသခံများကလည်း အားကိုးယုံကြည်လျက်ရှိကြောင်းနှင့် နယ်မြေဒေသအတွင်းရှိပြည်သူလူထု၏ ကျန်းမာရေးမြှင့်တင်မှုများကို များစွာအထောက်အကူပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်သူများအား အခွန်ဆိုင်ရာဗဟုသုတများ နားလည်မှုရှိစေရေးအတွက် အသိပညာပေးဆောင်ရွက်

**နေပြည်တော် မတ် ၁**

ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်သည် ရခိုင်ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးစံရွှေမောင်နှင့်အတူ ဖေဖော်ဝါရီ ၂၆ ရက်တွင် ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ စီမံကိန်းရေးဆွဲရေးဦးစီးဌာန ဗဟိုစာရင်းအင်းအဖွဲ့၊ မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ မြန်မာ့အာမခံလုပ်ငန်း၊ ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနနှင့် ပင်စင်ဦးစီးဌာနတို့မှ ဝန်ထမ်းများကို တွေ့ဆုံသည်။



**သွားရောက်စစ်ဆေး**

ထို့ပြင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်သည် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့်အတူ ဖေဖော်ဝါရီ ၂၈ ရက်တွင် ကျောက်ဖြူမြို့ရှိ မြန်မာ့စီးပွားရေးဘဏ် (ခရိုင်ဘဏ်ခွဲ)၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (ခရိုင်ဘဏ်ခွဲ)နှင့် အကောက်ခွန်ဦးစီးဌာနရုံးများသို့လည်းကောင်း၊ ယနေ့တွင် အမ်းမြို့ရှိ မြန်မာ့စီးပွားရေးဘဏ် (မြို့နယ်ဘဏ်ခွဲ)၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (မြို့နယ်ဘဏ်ခွဲ)၊ ပြည်တွင်းအခွန်များဦးစီးဌာနနှင့် စီမံကိန်းရုံးများသို့ လည်းကောင်း သွားရောက်စစ်ဆေးပြီး ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံစဉ် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများအနေဖြင့် နှစ်အလိုက် စီမံကိန်းများကို လျာထားချက်အလိုက် အောင်မြင်စွာ အကောင်အထည်ဖော်ရေး၊ အရည်အသွေးပြည့်မီသောချေးငွေများကို ထုတ်ချေးနိုင်ရေးနှင့် Non–Preforming Loans (NPL) ကျဆင်းရေးအတွက် စီမံချက်များရေးဆွဲပြီး ထိရောက်စွာ ဆောင်ရွက်နိုင်ရေး၊ သတ်မှတ်ဘဏ္ဍာနှစ်အတွင်း အခွန်လျာထားချက် ပြည့်မီအောင် ကောက်ခံနိုင်ရေးနှင့် ပြည်သူများအား အခွန်ဆိုင်ရာဗဟုသုတများ နားလည်မှုရှိစေရေးအတွက် အသိပညာပေးဆောင်ရွက်ရေး၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဝန်ထမ်းများအနေဖြင့် MSME လုပ်ငန်းရှင်များကို ဝိုင်းဝန်းပံ့ပိုးဆောင်ရွက်ပေးနိုင်ရေးနှင့် ဝန်ထမ်းများအနေဖြင့် စည်းလုံးညီညွတ်စွာဖြင့် မိမိတို့၏ လုပ်ငန်းတာဝန်များကို ကြိုးပမ်းဆောင်ရွက်ရေးကို မှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များအား ဖြေရှင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုဆိုင်ရာအဖွဲ့၏ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ ညီလာခံနှင့် ပြပွဲသို့ တက်ရောက်ရန် အိန္ဒိယနိုင်ငံသို့ ထွက်ခွာ

**နေပြည်တော် မတ် ၁**

ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် မတ် ၂ ရက်မှ ၃ ရက်အထိ အိန္ဒိယနိုင်ငံ Guwahati မြို့တွင် ကျင်းပမည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုဆိုင်ရာအဖွဲ့ (Shanghai Cooperation Organization)၏ တိုင်းရင်းဆေး ပညာရပ်ဆိုင်ရာ ညီလာခံနှင့် ပြပွဲသို့ တက်ရောက်ရန် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ အိန္ဒိယနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။



**ပို့ဆောင်နှုတ်ဆက်**

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E. Mr. Vinay Kuma နှင့် ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင် နှုတ်ဆက်ကြသည်။ ပြည်ထောင်စုဝန်ကြီးနှင့်အတူ အဖွဲ့ဝင်များအဖြစ် ညွှန်ကြားရေးမှူးချုပ်(တိုင်းရင်းဆေးပညာဦးစီးဌာန)၊ ပါမောက္ခချုပ် (မန္တလေးတိုင်းရင်းဆေးတက္ကသိုလ်) နှင့် မြန်မာနိုင်ငံမှ တိုင်းရင်းဆေးလုပ်ငန်းရှင်များ လိုက်ပါသွားကြသည်။

အဆိုပါ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ ညီလာခံနှင့်ပြပွဲကို ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာအဖွဲ့၏ အလှည့်ကျဥက္ကဋ္ဌဖြစ်သည့် အိန္ဒိယနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပခြင်းဖြစ်ပြီး ညီလာခံနှင့်ပြပွဲတွင် ရှန်ဟိုင်း ပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာအဖွဲ့၏အဖွဲ့ဝင်နိုင်ငံများ၊ လေ့လာသူနိုင်ငံများ၊ မိတ်ဖက်နိုင်ငံများအကြား တိုင်းရင်းဆေးပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် တိုက်ကြီးမြို့နယ် ကျေးရွာ ၄၇ ရွာ၌ ရန်ပုံငွေထုတ်ချေး

**တိုက်ကြီး မတ် ၁**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်အတွင်း ကျေးရွာ ၄၇ ရွာမှ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေများကို နေ့ချင်းပြီး ပြန်ဆပ်/ထုတ်ချေးစနစ်ဖြင့် ရာနှုန်းပြည့်ထုတ်ချေးပြီးဖြစ်သည်။

မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် တိုက်ကြီးမြို့နယ်အတွင်းရှိကျေးရွာ ၄၇ ရွာ၌ စိုက်ပျိုးရေးလုပ်ကိုင်သူ ၂၄၆၉ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၁၁၁ ဦး၊ ရေလုပ်ငန်းလုပ်ကိုင်သူ ၉၁ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၁၆ ဦး၊အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူ ၉၈၀ စုစုပေါင်း အသင်းသား ၅၈၆၇ ဦးတို့ကို စီမံကိန်းရန်ပုံငွေကျပ် ၁၈၁၁ ဒသမ ၉၆၅ သန်းအား တိုက်ကြီးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်လှဲ့လှဲ့မွန်က ကြီးကြပ်၍မြို့နယ်ဦးစီးမှူး၊ ကျေးရွာစီမံကိန်းတာဝန်ခံများ၊ ကျေးရွာစီမံကိန်းကော်မတီဝင်များနှင့်အတူ ယမန်နေ့ နံနက် ၁၀ နာရီက ရင်းတိုက်ကွင်းကျေးရွာ အုပ်ချုပ်ရေးမှူးရုံးတွင် နေ့ချင်းပြီး ထုတ်ချေးစနစ်ဖြင့် ဆောင်ရွက်ခဲ့သည်။ **ဉာဏ်ဟိန်း**



# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ရခိုင်ပြည်နယ် အမ်းမြို့နယ်မှ ခရိုင်အဆင့်၊ မြို့နယ်အဆင့် ဝန်ထမ်းများနှင့်တွေ့ဆုံ

**နေပြည်တော် မတ် ၁**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ယနေ့နံနက်ပိုင်းက ရခိုင်ပြည်နယ် အမ်းမြို့နယ်ရှိ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ဦးစီးဌာနများမှ ခရိုင်အဆင့်၊ မြို့နယ်အဆင့် ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ်ပြည်ထောင်စုဝန်ကြီးက ရခိုင်ပြည်နယ်အတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သော မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး MSME လုပ်ငန်းများ၊ သမဝါယမလုပ်ငန်းများနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အောင်မြင်ရေး အားစိုက်ကြိုးပမ်းဆောင်ရွက်ကြရန်၊ ဝန်ကြီးဌာနရှိ ဦးစီးဌာနလေးခုက အချိတ်အဆက်မိမိ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ပိုမိုအောင်မြင်နိုင်မည်ဖြစ်သဖြင့် ဝန်ကြီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်နေသော ကျေးလက်လမ်း၊ တံတား၊ ကျေးလက်ကုန်ထုတ်လမ်း၊ ရေရရှိရေး၊ မီးလင်းရေးလုပ်ငန်းများအား သတ်မှတ်ဘဏ္ဍာနှစ်အလိုက် အရည်အသွေးပြည့်မီစွာ အချိန်မီပြီးစီးရေး ဆောင်ရွက်ကြရန်၊ သီးထပ်စိုက်ပျိုးနိုင်သော နေရာဒေသများတွင် ယာယီချောင်းပိတ်၊ မြောင်းပိတ်၊ ဆိုလာပန့်များဖြင့် ရေရရှိရေးဆောင်ရွက်ပေးရန်၊ သမဝါယမအသင်းအရောင်းဆိုင်များတွင် ပြည်သူများ အမှန်တကယ်လိုအပ်ပြီး ဝယ်လိုအားမြင့်မားသော ကုန်စည်များကိုသာ ဖြန့်ဖြူးရောင်းချပေးရန်၊ ဒေသထွက်ကုန် အခြေခံ တန်ဖိုးမြှင့်စားသောက်ကုန် (Value Added)များ ထုတ်လုပ်နိုင်ရေး သင်တန်းများ ပို့ချဆောင်ရွက်သွားရန်၊ သင်တန်းအောင်မြင်ပြီး ထူးချွန်သင်တန်းသားများအတွက် လိုအပ်သည့် အရင်းအနှီး၊ နည်းပညာများ ဆက်လက်ပံ့ပိုးဆောင်ရွက်ပေးရန်၊ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ကြရန် မှာကြားသည်။



ဆက်လက်ပြီး ဦးစီးဌာနများမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့၍ ဝန်ထမ်းများ၏ လိုအပ်ချက်များ တင်ပြမှုအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံ့ဝန်ထမ်းကောင်းပီသစွာ စည်းလုံးညီညွတ်ပြီး တာဝန်ကိုကျေပွန်စွာထမ်းဆောင်

**မန္တလေး မတ် ၁**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ပုံနှိပ်စက်ရုံသို့ ရောက်ရှိပြီး ကျောင်းသုံးစာအုပ်များ ပုံနှိပ်ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် စက်ရုံမှူးနှင့် အရာထမ်း၊ ဝန်ထမ်းများအား တွေ့ဆုံ၍ ပုံနှိပ်ထုတ်လုပ်မှုအရည်အသွေးကောင်းမွန်ရေး၊ ကုန်ကြမ်းပစ္စည်းများ အလေအလွင့်မရှိစေရေး၊ မီးဘေးလုံခြုံရေးနှင့် လုပ်ငန်းခွင် လုံခြုံရေးတို့ကို အလေးထားဆောင်ရွက်ရေး၊ နိုင်ငံ့ဝန်ထမ်းကောင်းပီသစွာ စည်းလုံးညီညွတ်စွာ တာဝန်ထမ်းဆောင်ကြရေးတို့ကို မှာကြားသည်။



မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ တိုင်းဒေသကြီးဦးစီးမှူး၊ ခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူးများနှင့် ဝန်ထမ်းများ၊ စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး၊ စစ်ကိုင်းဖုန်ထပ်ဆင့်လွှင့်စက်ရုံများ ဖုန်နယ်တာဝန်ခံ၊ ပုံနှိပ်စက်ရုံ စက်ရုံမှူး၊ ကိုယ်ပွားသတင်းစာတိုက် တာဝန်ခံနှင့် စာပေဗိမာန်စာကြည့်တိုက်မှူးတို့အားတွေ့ဆုံ၍ မိမိတို့လုပ်ငန်းများ တိုးတက်အောင်မြင်အောင် စည်းလုံးညီညွတ်စွာ ဆောင်ရွက်ရန်၊ နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း ကျောင်းသားလူငယ်များအား အသိပညာပေးခြင်းများကို တိုးမြှင့်ဆောင်ရွက်ရန်၊ လာမည့်နှစ်စာသင်ကျောင်းများ ဖွင့်သည့်ကာလတွင် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံနိုင်ရေး လှုံ့ဆော်ပညာပေးရန်၊ KG + 9 အောင်မြင်ပြီးပါက ခရိုင် ၅၀ တွင် ဖွင့်လှစ်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုလက်မှု အသက်မွေးဝမ်းကျောင်းပညာရပ်များ ဆက်လက်သင်ကြားနိုင်ခွင့်နှင့် ထူးချွန်စွာအောင်မြင်ပါက သက်ဆိုင်ရာသိပ္ပံများ၊ တက္ကသိုလ်များသို့ ဆက်လက်သင်ကြားနိုင်ခွင့်ရှိကြောင်း အသိပညာပေးရန်၊ သတင်းစာများ အရည်အသွေးကောင်းမွန်ရေးနှင့် အချိန်မီဖြန့်ဝေနိုင်ရေး ဆောင်ရွက်ရန်၊ နိုင်ငံ့ဝန်ထမ်းကောင်းပီသစွာ တာဝန်ကို ကျေပွန်စွာထမ်းဆောင်ကြစေရန် မှာကြားသည်။

**သတင်းစဉ်**



ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် ဒေါပုံမြို့နယ်တွင် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ ဒေါပုံမြို့နယ် လျှပ်စစ်မန်နေဂျာရုံးက မြို့နယ်အတွင်း ဓာတ်အားပြတ်တောက်မှုမရှိစေရေး၊ ဓာတ်အားပျောက်ဆုံးမှု လျော့နည်းကျဆင်းရေး၊ ဗို့အားပြည့်ဝစွာ ရရှိစေရေး ရပ်/ပျက်/နှေးမီတာများ အစားထိုးလဲလှယ်ခြင်းနှင့် ရှုပ်ထွေးရှည်လျားဆားဗစ်ကြိုးများ ရှင်းလင်းခြင်းကို ဖေဖော်ဝါရီ ၂၈ ရက် နံနက်က ယမုံနာ(၂)ရပ်ကွက် ယမုံနာလမ်း၌ ဆောင်ရွက်စဉ်။ ကြေးမုံ

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

**နေပြည်တော် မတ် ၁**

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အလယ်ပိုင်းတို့တွင် အများအားဖြင့်သာယာနေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေကာ ကပ္ပလီပင်လယ်ပြင် တောင်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

**မိုး/ဇလ**

# ရုပ်သံအစီအစဉ်ထုတ်လွှင့်ခြင်းနှင့် ကျင့်ဝတ်ဆိုင်ရာသင်တန်းသို့ MRTV မှ ဝန်ထမ်းများ အွန်လိုင်းဖြင့်တက်ရောက်

**နေပြည်တော် မတ် ၁**

ABU Media Academy မှ စီစဉ်ပြုလုပ်သည့် ရုပ်သံအစီအစဉ်ထုတ်လွှင့်ခြင်းနှင့် ကျင့်ဝတ်ဆိုင်ရာသင်တန်း (Broadcasting Programming and Ethics Course)ကို ယနေ့မွန်းလွဲပိုင်းက အွန်လိုင်းဖြင့်ကျင်းပရာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဝန်ထမ်းများ တက်ရောက်ကြသည်။



ဆွေးနွေးပွဲတွင် Broadcasting Ethics & Program Improvement Organization မှ International Affairs Officer Mr.Jun Ogawa က ဂျပန်နိုင်ငံ BPO ၏ မှတ်တမ်းရုပ်ရှင် ထုတ်လုပ်မှုနှင့် လူငယ်ကာကွယ်မှုဆိုင်ရာ ကိစ္စများနှင့်စပ်လျဉ်း၍ မကြာမီက ထုတ်ပြန်ခဲ့သည့် ဆုံးဖြတ်ချက်များ၊ စိန်ခေါ်မှုများစွာရှိနေသော မီဒီယာပတ်ဝန်းကျင်တွင် ယှဉ်ပြိုင်မှုများ ဆက်လက်ရှိနေရန်၊ ရုပ်သံလွှင့်သူများအတွက် အဓိကသော့ချက်ဖြစ်သော နှစ်ပေါင်းများစွာ အောင်မြင်ခဲ့သည့် ယုံကြည်မှုကို ဆက်လက်ထိန်းထားရန် သို့မဟုတ် ပြန်လည်ရရှိရန်၊ ရုပ်သံထုတ်လွှင့်သူများ၏ ကျင့်ဝတ်စံနှုန်းများ မြှင့်တင်နိုင်ရန်တို့ကို ဥပမာများဖြင့် ဆွေးနွေးမျှဝေသည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV) သည် Asia-Pacific Broadcasting Union (ABU) သို့ နိုင်ငံကိုယ်စားပြု၍ ၂၀၁၀ ပြည့်နှစ်မှစ၍ Full Member အဖြစ် ဝင်ရောက်ခဲ့ကြောင်း၊ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ပြီးနောက် ABUမှ Webinar မှတစ်ဆင့် သတင်းနှင့် အစီအစဉ်များကို အွန်လိုင်းသင်တန်းများဖြင့် ပြုလုပ်ပေးလျက်ရှိရာ MRTV မှ စိတ်ပါဝင်စားပြီး လုပ်ငန်းခွင်တွင် လက်တွေ့လုပ်ဆောင်နေကြသည့် ဝန်ထမ်းများအနေဖြင့်တက်ရောက်လေ့လာသင်ယူလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ် အမ်းမြို့နယ်၊ ဂွမြို့နယ်နှင့် သံတွဲမြို့နယ်အတွင်းရှိ လေအားလျှပ်စစ်စီမံကိန်းများဆိုင်ရာ သဘောတူညီမှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်းအခမ်းအနား ကျင်းပ




နေပြည်တော် မတ် ၁

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်စွမ်းအားစီမံရေးဦးစီးဌာနနှင့် Primus Advanced Technologies Limited၊ Asia Ecoenergy Development Limited ၊ Yunnan Machinery and Equipment Import and Export Co., Ltd. တို့အကြား ရခိုင်ပြည်နယ် အမ်းမြို့နယ်၊ ဂွမြို့နယ်နှင့် သံတွဲမြို့နယ်အတွင်းရှိ လေအားလျှပ်စစ်စီမံကိန်းများဆိုင်ရာ သဘောတူညီမှုစာချွန်လွှာ (Memorandum of Agreement–MOA) လက်မှတ်ရေးထိုးခြင်း အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်၊ ဒုတိယဝန်ကြီး ဦးအေးကျော်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chen Hai၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ဌာနအကြီးအကဲများ၊ Primus Advanced Technologies Limited၊ Asia Ecoenergy Development Limited နှင့် Yunnan Machinery and Equipment Import and Export Co., Ltd. တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်က စွမ်းအင်ဖူလုံမှုသည် နိုင်ငံသားအားလုံးအတွက် အဓိကကျပြီး စွမ်းအင်အရင်းအမြစ်များမှာ အကန့်အသတ်ဖြင့်သာ တည်ရှိနေပါကြောင်း၊ ယနေ့ လက်မှတ်ရေးထိုးသည့် သဘောတူညီမှုစာချွန်လွှာမှာ လေအားလျှပ်စစ်စီမံကိန်း သုံးခုဖြစ်သည့် အမ်းလေအားလျှပ်စစ်စီမံကိန်း ၁၅၀ မဂ္ဂါဝပ်၊ ဂွလေအားလျှပ်စစ်စီမံကိန်း ၁၀၀ မဂ္ဂါဝပ်၊ သံတွဲ လေအားလျှပ်စစ်စီမံကိန်း ၁၁၀ မဂ္ဂါဝပ်တို့ကို အကောင်အထည်ဖော် ဆောင်ရွက်ရန်ဖြစ်ပါကြောင်း၊ စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်မည့် မြန်မာနိုင်ငံသားပိုင် PRIMUS ၊ ဟောင်ကောင်အခြေစိုက် AED နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ YMEC တို့အနေဖြင့် MOA ကို လက်မှတ်ရေးထိုးပြီးနောက် ဆောင်ရွက်ရန်ကိစ္စများစွာရှိနေပါကြောင်း၊ စီမံကိန်းဆောင်ရွက်ခြင်းကြောင့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင် ထိခိုက်မှုမဖြစ်စေရန် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားကြရန်လည်း လိုအပ်မည်ဖြစ်ပါကြောင်း၊ စီမံကိန်းသုံးခုလုံးအား ၂၀၂၅ ခုနှစ်အတွင်း လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်အောင် ဆောင်ရွက်သွားကြရန်နှင့် စီမံကိန်းသုံးခုအနက်မှ ဂွစီမံကိန်း၏ ပထမအဆင့် ၅၀ မဂ္ဂါဝပ်ကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာလတွင် တည်ဆောက်ရေးလုပ်ငန်းများ စတင်နိုင်ရေးအတွက် ကုမ္ပဏီများအနေဖြင့် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

**အကျိုးဖြစ်ထွန်းစေမည်**

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chen Hai က လျှပ်စစ်ကဏ္ဍ၌ ကမ္ဘာ့အကြီးဆုံးဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရန် လိုအပ်သည့် လေစွမ်းအင်၊ နေစွမ်းအင်၊ ရေအားနှင့် သဘာဝဓာတ်ငွေ့အရင်းအမြစ်များ ပေါကြွယ်ဝသည့် မြန်မာနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှုသည် နှစ်နိုင်ငံအတွက် အထူးအကျိုးဖြစ်ထွန်းစေမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ပြည်တွင်းလျှပ်စစ်ဓာတ်အားဖူလုံမှုနှင့် ၂၀၃၀ ပြည့်နှစ်တွင် နိုင်ငံတော်ဓာတ်အားစနစ်မှ တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားရရှိနိုင်ရေး ရည်မှန်းချက်များ ပြည့်မီစေရန် လျှပ်စစ်ကဏ္ဍတွင် ဆောင်ရွက်နေသည့် စီမံကိန်းများ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကုမ္ပဏီများက ဆက်လက်ပူးပေါင်း ပါဝင်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ ပထမဆုံးတည်ဆောက်မည့် လေအားလျှပ်စစ်စီမံကိန်းများဖြစ်သည့်အတွက် တရုတ်–မြန်မာ လျှပ်စစ်ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု၏ ခြေလှမ်းသစ် စတင်ခြင်းလည်း ဖြစ်ပါကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ လေအားလျှပ်စစ်ထုတ်လုပ်နိုင်မှုပမာဏသည် ကီလိုဝပ်နာရီ သန်း ၄၀၀ ထိ ရောက်ရှိနေပြီဖြစ်ကာ ကမ္ဘာ့လေစွမ်းအင်ထုတ်လုပ်မှု စုစုပေါင်း၏ သုံးပုံတစ်ပုံခန့်ရှိပြီး ကမ္ဘာ့အဆင့် (၁) လေအားလျှပ်စစ် ထုတ်လုပ်သူအဖြစ် နှစ်ပေါင်းများစွာ ဆက်လက်ရပ်တည်လျက်ရှိပါကြောင်း၊ တရုတ်–မြန်မာ လေအားလျှပ်စစ် ပူးပေါင်းဆောင်ရွက်ရေးစီမံကိန်းကြီး အောင်မြင်ပါစေကြောင်းနှင့် နှစ်နိုင်ငံအကြား လျှပ်စစ်ဓာတ်အားကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုအတွက် တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့မှ ကုမ္ပဏီများ၏ ကြိုးပမ်းဆောင်ရွက်မှုများကို ကျေးဇူးတင်ဂုဏ်ယူမိပါကြောင်း ပြောကြားသည်။

ယင်းနောက် Yunnan Machinery and Equipment Import and Export Co., Ltd. (YMEC) ၏ Vice President Mr. Dong Fan က ကျေးဇူးတင်စကားပြောကြား၍ စီမံကိန်းဆောင်ရွက်မည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်စွမ်းအားစီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်မိမိခိုင်၊ Yunnan Machinery and Equipment Import and Export Co., Ltd. (YMEC) ၏ Vice President Mr. Dong Fan နှင့် Primus Advanced Technologies Limited (PRIMUS)၏ Managing Director ဦးကျော်လှဝင်းတို့က ရခိုင်ပြည်နယ် အမ်းမြို့နယ်၊ ဂွမြို့နယ်နှင့် သံတွဲမြို့နယ်အတွင်းရှိ လေအားလျှပ်စစ်စီမံကိန်းများဆိုင်ရာ သဘောတူညီမှုစာချွန်လွှာ (Memorandum of Agree–ment–MOA)အား လက်မှတ်ရေးထိုး၍ အပြန်အလှန်လဲလှယ်ကြကာ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယနေ့လက်မှတ်ရေးထိုးသော ရခိုင်ပြည်နယ် အမ်းမြို့နယ်၊ ဂွမြို့နယ်နှင့် သံတွဲမြို့နယ်အတွင်းရှိ လေအားလျှပ်စစ်စီမံကိန်းများသည် စုစုပေါင်း ၃၆၀ မဂ္ဂါဝပ်ထုတ်လုပ်ပေးနိုင်မည့် ဒေသအကျိုးပြုစီမံကိန်းတစ်ခုဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# လက်ထောက်ညွှန်ကြားရေးမှူးများနှင့် ဦးစီးအရာရှိများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေး မွမ်းမံသင်တန်း အမှတ်စဉ် (၁ / ၂၀၂၃) သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ



နေပြည်တော် မတ် ၁

လက်ထောက်ညွှန်ကြားရေးမှူးများနှင့် ဦးစီးအရာရှိများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးမွမ်းမံသင်တန်း အမှတ်စဉ် (၁/၂၀၂၃) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ အဆင့်မြင့် စာရင်းကိုင်နှင့် စာရင်းစစ် သင်တန်းကျောင်း ခတ္တာခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးတင်ဦးက ယခုသင်တန်းကို ဝန်ထမ်းများ၏ ကျွမ်းကျင်မှုအရည်အသွေးပြည့်ဝစေရန်နှင့် လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားစေရန် ရည်ရွယ်၍ ဖွင့်လှစ်ရခြင်းဖြစ်ပါကြောင်း၊ လက်ထောက်ညွှန်ကြားရေးမှူးများနှင့် ဦးစီးအရာရှိများသည် စစ်ဆေးရေးနှင့် စီမံခန့်ခွဲရေးလုပ်ငန်းများတွင် ဦးဆောင်၍ ကြီးကြပ်လမ်းညွှန်ရသူများဖြစ်သဖြင့် မိမိကိုယ်တိုင် အရည်အသွေး ပြည့်ဝနေစေရန် လိုအပ်ပါကြောင်း၊ သို့ပါ၍ သင်တန်းသားများအနေဖြင့် မိမိတို့၏ လိုအပ်ချက်များကို သိရှိနားလည်ပြီး ယခုသင်တန်းတွင် လေ့လာမှတ်သား ရယူသွားရမည်ဖြစ်ပါကြောင်း၊ ယခုသင်တန်းသည် Training for Trainer သင်တန်းဖြစ်သဖြင့် ဒေသရုံးများတွင် ဆင့်ပွားသင်တန်းများ ပြန်လည်ပို့ချနိုင်ရန် အတွက်လည်း အလေးထားသင်ယူကြစေ လိုပါကြောင်း၊ သင်တန်းမှ သင်ကြားပို့ချမှုများအပြင် ခေတ်နှင့်အညီ ပြောင်းလဲနေသည့် စစ်ဆေးရေးဆိုင်ရာများ၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်များကို စဉ်ဆက်မပြတ် လေ့လာဆည်းပူးမှုများဖြင့် လက်တွေ့လုပ်ငန်းခွင်တွင် ထိရောက်စွာ ပြန်လည်အသုံးချစေလိုပါကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင်လည်း ထိုက်သင့်သော သတိသမ္ပဇဉ်နှင့် ကျင့်ဝတ်များကို လိုက်နာစောင့်ထိန်းပြီး တာဝန်ယူမှု၊ တာဝန်ခံမှုရှိစွာဖြင့် မိမိတို့ရုံး၏ အစဉ်အလာကောင်းကို ဆက်လက်ထိန်းသိမ်းကြရန်၊ နိုင်ငံတော်က အားထားရသည့် ဝန်ထမ်းကောင်းများ ဖြစ်စေရန် ကြိုးစားကြစေလိုပါကြောင်း တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ နေပြည်တော်သင်တန်းကျောင်း ကျောင်းအုပ်က သင်တန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် ရုံးချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်နှင့် ဒေသစာရင်းစစ်ရုံးများမှ လက်ထောက်ညွှန်ကြားရေးမှူး ၁၃ ဦးနှင့် ဦးစီးအရာရှိ ၁၇၆ ဦး စုစုပေါင်း ၁၈၉ ဦးတို့ကို နေပြည်တော်သင်တန်းကျောင်းနှင့် ရန်ကုန်သင်တန်းကျောင်းတို့တွင် တစ်ပြိုင်တည်း မတ် ၁ ရက်မှ ၂၈ ရက်အထိ ဘာသာရပ်ခြောက်ခုဖြင့် ဖွင့်လှစ်သင်ကြား ပို့ချသွားမည်ဖြစ်သည်။ သင်တန်းဖွင့်ပွဲသို့ ဒုတိယစာရင်းစစ်ချုပ် ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ သင်တန်းကထိကများနှင့် သင်တန်းသားများက ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ် သင်တန်းကျောင်း ခတ္တာခန်းမ၌လည်းကောင်း၊ ရန်ကုန်သင်တန်းကျောင်းမှ တာဝန်ရှိသူများ၊ သင်တန်း ကထိကများနှင့် သင်တန်းသားများက အွန်လိုင်းဖြင့်လည်းကောင်း တက်ရောက်ကြကြောင်း သိရသည်။ **သတင်းစဉ်**

**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

# အဋ္ဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဥ္စမအစည်းအဝေး ဒုတိယနေ့ ကျင်းပ



ရန်ကုန် မတ် ၁

အဋ္ဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဥ္စမအစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူတော်ကြီးတွင် ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီးများ၊ သာသနာရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ် (စီမံ)နှင့် အရာထမ်း၊ အမှုထမ်းများ၊ တိုင်းဒေသကြီး/ပြည်နယ်သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေး၏ သဘာပတိဆရာတော်အဖြစ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယ ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကေသရာဘိဝံသက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူးဆရာတော်အဖြစ် တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တသီဟနာဒ က ဆောင်ရွက်တော်မူသည်။

ဦးစွာ အခမ်းအနားမှူးဆရာတော်က အစည်းအဝေးစတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေး အထမြောက်အောင်မြင်ကြောင်း ကြေညာသည်။ ထို့နောက် အစားထိုးရွေးချယ်ထားသည့် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌဆရာတော်၏ ဘွဲ့အမည်စာရင်းကို ဥက္ကဋ္ဌ ဆရာတော်ကြီးကိုယ်စား အခမ်းအနားမှူးဆရာတော်က ဖတ်ကြားတင်သွင်း၍ အတည်ပြုချက်ရယူသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌဆရာတော် ဒေါက်တာ ဘဒ္ဒန္တစန္ဒနသာရ၏ အကြံပြုတင်ပြလျှောက်ထားခြင်းနှင့် ပတ်သက်၍ ဆွေးနွေးဆုံးဖြတ်တော်မူကြ သည်။

ဆက်လက်၍ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များက တင်ပြလာသော အကြံ ဉာဏ်များကို တွဲဖက်အကျိုးတော်ဆောင် ဆရာတော်များဖြစ်ကြသည့် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တစန္ဒဝံသာလင်္ကာရာဘိဝံသနှင့် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဇောတိဿရ တို့ကရှင်းလင်းပြန်ကြားလျှောက်ထားပြီး နံနက်ပိုင်း အစည်းအဝေးကို ရပ်နားသည်။

မွန်းလွဲ ၁ နာရီတွင် အစည်းအဝေးကို ပြန်လည်စတင်ပြီး နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့၏ တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သော အစီရင်ခံစာနှင့်ပတ်သက်၍ ဝိနိစ္ဆယရေးရာကဏ္ဍတွင် မန္တလေးတိုင်းဒေသကြီးကိုယ်စားလှယ် နိုင်ငံတော်ဗဟိုသံဃာ့ဝန် ဆောင်ဆရာတော် ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍိတ၊ စစ်ကိုင်းတိုင်းဒေသကြီး ကိုယ်စားလှယ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝေပုလ္လစာရ၊ ရန်ကုန်တိုင်းဒေသကြီးကိုယ်စားလှယ် နိုင်ငံတော်ဗဟိုသံဃာ့ ဝန်ဆောင်ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသောဘိတ တို့ကလည်းကောင်း၊ သာသနာရေးရာကဏ္ဍတွင် ပဲခူးတိုင်းဒေသကြီးကိုယ်စားလှယ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် မဟာဂန္ထ ဝါစကပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍိစ္စ၊ မွန်ပြည်နယ် ကိုယ်စားလှယ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် မဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တနန္ဒဝံသ၊ ဧရာဝတီတိုင်းဒေသကြီးကိုယ်စားလှယ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညာသီဟ တို့ကလည်းကောင်း၊ ပညာရေးရာကဏ္ဍတွင် ရွှေကျင်ဂိုဏ်းကိုယ်စားလှယ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဉာဏိဿရ၊ မဟာဒွါရဂိုဏ်းကိုယ်စားလှယ် နိုင်ငံတော်ဗဟိုသံဃာ့ ဝန်ဆောင်ဆရာတော် ဘဒ္ဒန္တမေတ္တာနန္ဒ၊ ဝေဠုဝန်ဂိုဏ်းကိုယ်စားလှယ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိဇယ တို့ကလည်းကောင်း ဆွေးနွေးတော်မူကြသည်။

ယင်းတစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သော အစီရင်ခံစာအပေါ် ဝေဖန်ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ စန္ဒဝံသာလင်္ကာရာဘိဝံသက ပြန်လည်ရှင်းလင်းလျှောက်ထား၍ အတည်ပြုချက်ရယူပြီး မွန်းလွဲပိုင်း ဒုတိယနေ့ အစည်းအဝေးကို ရပ်နားသည်။

ယနေ့ အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော ဆရာတော်များအား တစ်နေ့တာ ဆွမ်းအလှူရှင်အဖြစ် မိခင်ကြီး ဒေါ်တင်ဝင်းရီကို အမှူးထား၍ (ဦးမောင်မောင်ဆွေတင်) ဇနီး သီဟသုဓမ္မသိင်္ဂီ ဒေါက်တာမြသီတာဆွေတင်၊ သမီး အမရာဆွေတင်၊ ဦးထက်မြက်ဦး ဇနီး ဒေါ်အိန္ဒြေမဒီဆွေတင်၊ သား မောင်လင်းမောင်မောင်ဆွေတင်နှင့် မောင်လင်းညီညီဆွေတင် မိသားစုနှင့် ဦးဌေးနိုင် ဇနီး သီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်ရီ မိသားစုတို့က ဆက်ကပ်လှူဒါန်းကြသည်။

သတင်းစဉ်

## မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)၌ ဆေးရုံတက်ရောက်ကုသမှု ခံယူလျက်ရှိသော ဗန်းမော်ဆရာတော်ကြီးအား သွားရောက်ဖူးမြော်၊ အလှူငွေနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း



နေပြည်တော် မတ် ၁

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀)၌ ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ အား ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ် ညွန့်ဝင်းဆွေနှင့် တာဝန်ရှိသူများက သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

ဦးစွာ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆရာတော်ကြီး၏ ကျန်းမာရေးအခြေအနေများကို မေးမြန်းလျှောက်ထားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆရာတော်ကြီးအား အလှူငွေနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတွင် (၁၅)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်အကြို(၁၄၅) ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းမြတ် ရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲမင်္ဂလာအခမ်းအနား ကျင်းပ

နေပြည်တော် မတ် ၁

(၁၄၅)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းမြတ် ရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲမင်္ဂလာအခမ်းအနားကို ယနေ့နံနက်၁၀နာရီက ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ရင်ပြင်တော်ဓမ္မာရုံအတွင်း၌ကျင်းပရာ နေပြည်တော်တိုင်း သံဃာ့ဝန်ဆောင် တပ်ကုန်းမြို့ ရွှေအင်းရိပ်သာပရိယတ္တိစာသင်တိုက် စာချနာယက သာသနဓဇ ဓမ္မာစရိယ ဆရာတော် ဘဒ္ဒန္တပညာလင်္ကာရနှင့် သံဃာတော်ခြောက်ပါး၊ မဟာဇနကကျောင်းတိုက်မှ သံဃာတော်ခြောက်ပါး စုစုပေါင်း ၁၂ ပါးတို့ ကြွရောက်တော်မူခဲ့ကြသည်။

အခမ်းအနားသို့ ဂေါပကအဖွဲ့ဝင်များနှင့် ဂေါပကရုံးဝန်ထမ်းများ တက်ရောက်ခဲ့ကြပြီး ရွှေအင်းရိပ်သာပရိယတ္တိစာသင်တိုက် စာချနာယက သာသနဓဇဓမ္မာစရိယ ဆရာတော် ဘဒ္ဒန္တပညာလင်္ကာရ က ငါးပါးသီလ ချီးမြှင့်ပေးကြားခဲ့ပြီး “ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု” သုံးကြိမ် ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းကာ ကြွရောက်လာသော သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်ပူဇော်ခဲ့ကြသည်။

သတင်းစဉ်



## အောင်မြေသာစံမြို့နယ်နှင့် သာစည်မြို့နယ်တို့၌ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် မတ် ၁

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် နိုင်ငံတော်ပရိယတ္တိ သာသနာ့ တက္ကသိုလ်(မန္တလေး) မှ သံဃာတော်များအား အဆိုပါတက္ကသိုလ်၌လည်းကောင်း၊ သာစည်မြို့နယ် လှိုင်းတက်ကျေးရွာရှိ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင် များနှင့် ဒေသခံပြည်သူများကို အဆိုပါကျေးရွာရှိ ညောင်ပင်သာဘုန်းတော်ကြီးကျောင်း၌လည်းကောင်း၊ ယနေ့တွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံ ဆေးကုသရေးအဖွဲ့များက ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးကြသည်။

တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့များက သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူ စုစုပေါင်း ၁၄၃၁ ဦးတို့ကို သွေးတိုးရောဂါ၊ အဆစ်အမြစ်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်း ဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်း ရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်နှင့် မိတ္ထီလာတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ သတင်းစဉ်

# အာရှနိုင်ငံများအကြား ခွဲခြားမှုမရှိဘဲ အားကစားဖွံ့ဖြိုးတိုးတက်ရေးအတွက် အတူတကွပူးပေါင်းဆောင်ရွက်ရေးသည် အဓိကကျ

**ရန်ကုန် မတ် ၁**

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံသည် ယနေ့ ညနေ ၅ နာရီတွင် သဃ်န်းကျွန်းမြို့နယ် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏပတ္တမြားအစည်းအဝေးခန်းမ၌ Director General Of Olympic Council of Asia and World Aquatic President Mr. Husain AHZ Al Musallam အဖွဲ့ဝင်များကို လက်ခံတွေ့ဆုံသည်။



**တက်ရောက်**

တွေ့ဆုံပွဲသို့ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ယှဉ်ပြိုင်ရေးနှင့် လေ့ကျင့်ရေးဌာနခွဲ(၁) ညွှန်ကြားရေးမှူး ဦးခွန်ဂျာအောင်၊ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးအောင်နိုင်ဆွေ၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မိုးတို့ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက Director General Of Olympic Council of Asia and World Aquatic President Mr. Husain AHZ Al Musallam နှင့် အဖွဲ့ဝင်များကို လှိုက်လှဲနွေးထွေးစွာကြိုဆိုကြောင်း၊ ကမ္ဘာ့ရေကူးအဖွဲ့ချုပ်ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခံရသဖြင့် ဂုဏ်ပြုလိုကြောင်း၊ ယခုလို လာရောက်ပြီး တွေ့ဆုံသည့်အတွက် အာရှအိုလံပစ်ကောင်စီနှင့် စပ်လျဉ်း၍လည်းကောင်း၊ မြန်မာ့ရေကူးအားကစားဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်းကောင်း အသေးစိတ်ဆွေးနွေးနိုင်မည်ဖြစ်သည့်အတွက် များစွာဝမ်းမြောက်မိကြောင်း၊ မြန်မာ့ရေကူးအားကစားနည်းသည် အစဉ်အလာရှိခဲ့ပြီး ယခုအခါ နိုင်ငံတကာအဆင့်မီ ရေကူးကန်များနည်းပါးလာသည့်အတွက် အဆင့်မီရေကူးကန်တည်ဆောက်ရေးအတွက်လည်း ပံ့ပိုးအကြံပြုပေးနိုင်မည်ဟု မျှော်လင့်မိကြောင်း ပြောကြားသည်။

Director General Of Olympic Council of Asia and World Aquatic President Mr. Husain AHZ Al Musallam က ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ အသက်ခြောက်နှစ်မှစ၍ ကလေးသူငယ်များကို ရေကူးသင်တန်းပေးခြင်း ဆောင်ရွက်လိုကြောင်း၊ နည်းပြနှစ်ဦး စေလွှတ်၍ နေပြည်တော်၌ တစ်ဦး၊ ရန်ကုန်၌ တစ်ဦး တာဝန်ပေးအပ်၍ အခြေခံပညာဦးစီးဌာနမှ ကာယဆရာ ဆရာမများအား သင်တန်းပေးခြင်း၊ ရေကူးအားကစားသမားများအား လေ့ကျင့်ပေးခြင်းများကို ဆောင်ရွက်ပေးလိုကြောင်း၊ ၂၀၂၃ -၂၀၂၄ ဘတ်ဂျက်တွင် မြန်မာနိုင်ငံ၌ နိုင်ငံတကာအဆင့်မီရေကူးကန် တည်ဆောက်ရေးကိုလည်း ထည့်သွင်းစဉ်းစားပေးမည် ဖြစ်သည့်အတွက် Drawing ပုံစံ ရေးဆွဲပေးပို့ပေးရန် လိုအပ်ကြောင်း၊ အာရှနိုင်ငံများအကြား ဆင်းရဲချမ်းသာ ဖွံ့ဖြိုးဆဲနိုင်ငံများဟူ၍ ခွဲခြားမှုမရှိဘဲ အားကစားဖွံ့ဖြိုး တိုးတက်ရေးအတွက် အတူတကွပူးပေါင်းဆောင်ရွက်ရေးသည် အဓိကကျကြောင်း၊ မိမိအနေဖြင့် ဆောင်ရွက်ပေးလိုသည့်ကိစ္စများရှိလျှင် ဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက ရေကူးအားကစားနည်းနှင့်စပ်လျဉ်း၍လည်းကောင်း၊ ညွှန်ကြားရေးမှူး ဦးခွန်ဂျာအောင်က Sports Science, Nutrition နှင့် စပ်လျဉ်း၍လည်းကောင်း မြန်မာနိုင်ငံ၌ ကျယ်ကျယ်ပြန့်ပြန့်သိရှိရေးကို ဆောင်ရွက်လိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အမှတ်တရလက်ဆောင်များပေးအပ်ပြီး Olympic Council of Asia (OCA) ညွှန်ကြားရေးမှူးချုပ်၊ ကမ္ဘာ့ရေကူးအဖွဲ့ချုပ်ဥက္ကဋ္ဌကလည်း ကမ္ဘာ့ရေကူးအဖွဲ့ချုပ် Logo ပါ အမှတ်တရလက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်သည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်မြို့ ပြည်လမ်းရှိ Novotel Yangon Max Hotel ၌ ကျင်းပသည့် Olympic Council of Asia(OCA) ညွှန်ကြားရေးမှူးချုပ်အား တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ဝန်ကြီးများနှင့်အတူ တက်ရောက်ခဲ့သည်။

**သတင်းစဉ်**



# ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး ပင်းတယမြို့နယ် အထက(ကျုံး) RCC တစ်ထပ်ကျောင်းဆောင်သစ်တည်ဆောက်နေမှု ကြည့်ရှုစစ်ဆေး

**ပင်းတယ မတ် ၁**

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ဖေဖော်ဝါရီ ၂၈ ရက် မွန်းလွဲ ၃ နာရီက ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် အထက(ကျုံး) ကျောင်း၌ ပွင့်ဖြိုးကုမ္ပဏီက တာဝန်ယူဆောက်လုပ်လျက်ရှိသော စက်မှု၊ စိုက်ပျိုးနှင့် မွေးမြူရေး အထက်တန်းကျောင်း RCC တစ်ထပ်ကျောင်းဆောင်သစ် တည်ဆောက်နေမှုအား ကြည့်ရှုစစ်ဆေးသည်။

**ဖြည့်စွက်မှာကြား**

ထို့နောက် လုပ်ငန်းတည်ဆောက်နေမှုကို ကုမ္ပဏီတာဝန်ရှိသူတစ်ဦးက ရှင်းလင်းရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။ ယင်းနောက် ပင်းတယမြို့တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေး ထောက်ပံ့ငွေဖြင့် ဆောင်ရွက်လျက်ရှိသော ကျုံးကျေးရွာအုပ်စု ရွှေတက်လမ်းအစုအဖွဲ့၏ အာလူးအအေးခန်း တန် ၂၅၀ ကျ စက်ရုံတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်မှာကြားကာ ဒေသတွင်းစိုက်ပျိုးသည့် အာလူးများကို ကြည့်ရှုကြသည်။

ဆက်လက်၍ ညနေ ၄ နာရီခွဲတွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပင်းတယမြို့နယ် ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံရာ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်းက ဒေသဆိုင်ရာ လုပ်ငန်းဆောင်ရွက်ထားရှိမှုအား ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသည့် ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများက ဒေသလိုအပ်ချက်များ တင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က ဒေသခံများ၏ တင်ပြချက်အပေါ် မြေပြင်ကွင်းဆင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်၌ တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများအား ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ထောက်ပံ့ငွေများကို ပြည်နယ်ဝန်ကြီးချုပ်က ပေးအပ်ရာ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်းက လက်ခံရယူကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# မိုင်းပန်မြို့နယ်၌ အခြေခံပညာအလယ်တန်းအဆင့် အောင်မြင်ပြီးမြောက်သော ကျောင်းသား ကျောင်းသူများအား ပညာသင်ယူနိုင်ခွင့် အသိပညာပေးဟောပြော

**မိုင်းပန် မတ် ၁**

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းပန်မြို့နယ်၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် အခြေခံပညာအလယ်တန်းအဆင့် Grade-9 အောင်မြင် ပြီးမြောက်သော ကျောင်းသား ကျောင်းသူများအား ပညာသင်ယူနိုင်ခွင့် အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းတွင် အခြေခံပညာအထက်တန်းကျောင်းနှင့် အခြေခံပညာအလယ်တန်း ကျောင်းခွဲ(မြို့မ)၌ ကျင်းပသည်။



ထိုသို့ ကျင်းပရာတွင် မိုင်းပန်မြို့နယ် ပညာရေးဦးစီးဌာန မြို့နယ်ပညာရေးမှူး ဦးအောင်မင်းက နွေရာသီကျောင်းပိတ်ရက်များတွင် အသိပညာဗဟုသုတများ ပိုမိုတိုးတက်စေရန်အတွက် စာအုပ်စာစောင်များ အဆက်မပြတ်ဖတ်ရှုလေ့လာရန် ဟောပြောခဲ့ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အိရွှေစင်လတ်က Grade-9 အောင်မြင် ပြီးမြောက်သော ကျောင်းသား ကျောင်းသူများ ပညာသင်ယူနိုင်ခွင့်နှင့် ပတ်သက်၍ အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**နော်မှိုင်း(ပြန်/ဆက်)**



တောင်ကြီးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ဖေဖော်ဝါရီ ၂၈ ရက်တွင် Grade -9 အောင်မြင်ပြီးမြောက်သော ကျောင်းသား ကျောင်းသူ ၂၀၀ နှင့် မိဘ ၁၀၀ တို့အား စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးပညာရပ်များကို သင်ယူလေ့လာခွင့်ရရှိရေး အသိပညာပေးဟောပြောပွဲကျင်းပစဉ်။ သတင်းစဉ်

# ဓာတ်ခွဲနမူနာစုစုပေါင်း ၃၈၀၉ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ခုနစ်ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁-၃-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၈-၂-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁-၃-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း(၃,၈၀၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၇) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၁၈) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၀၅၇,၁၅၉) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၃၃,၉၂၅) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၄၀၀) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၂၈-၂-၂၀၂၃) ရက်နေ့အထိ အသက်(၁၈)နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၃၀,၉၅၆,၃၅၆) ဦးနှင့် အသက် (၁၈) နှစ်အောက် လူဦးရေစုစုပေါင်း (၆,၈၃၄,၁၅၄) ဦးတို့အား ထိုးနှံထားရှိပြီး ဖြစ်ပါသည်။

**ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးမှု (၂၈-၂-၂၀၂၃ ရက်နေ့အထိ)**

| | |
|---|---|
| အသက် (၁၈) နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၃၀,၉၅၆,၃၅၆ |
| အသက် (၁၈) နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၆,၈၃၄,၁၅၄ |

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်း တွေ့ရှိရပါသည်။

ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ်နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် -

- အသက် (၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့် သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ(သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့်အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂-၃-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၃၅ | ၂၁၈၅ | ၂၁၇၅ | ၂၁၄၅ | ၂၁၈၀ | ၂၂၀၅ | ၂၁၉၀ | ၂၁၇၀ | ၂၂၆၅ | ၂၂၈၀ | ၂၁၇၅ | ၂၁၈၅ | ၂၂၂၀ | ၂၂၂၀ | ၂၂၂၅ | ၂၄၅၀ | ၂၈၁၀ |
| 95 Ron | ၂၂၂၀ | ၂၂၆၅ | ၂၂၆၅ | ၂၂၂၅ | ၂၂၆၅ | ၂၂၉၀ | ၂၂၇၅ | ၂၂၅၀ | ၂၃၅၀ | ၂၃၆၅ | ၂၂၅၅ | ၂၂၇၅ | ၂၃၀၅ | ၂၃၀၅ | ၂၃၀၅ | ၂၅၃၅ | ၂၈၈၅ |
| HSD (500 ppm) | ၂၂၂၅ | ၂၂၇၅ | ၂၂၇၀ | ၂၂၃၅ | ၂၂၇၀ | ၂၂၉၅ | ၂၂၉၀ | ၂၂၆၀ | ၂၃၈၀ | ၂၃၇၅ | ၂၂၆၅ | ၂၂၇၅ | ၂၃၁၀ | ၂၃၁၀ | ၂၃၁၅ | ၂၅၄၅ | ၃၁၆၀ |
| HSD (50 ppm) | ၂၃၀၅ | ၂၃၅၅ | ၂၃၅၀ | ၂၃၁၅ | ၂၃၅၀ | ၂၃၇၅ | ၂၃၇၀ | ၂၃၄၀ | ၂၄၆၀ | ၂၄၅၅ | ၂၃၄၅ | ၂၃၅၅ | ၂၃၉၀ | ၂၃၉၀ | ၂၃၉၅ | ၂၆၂၅ | ၃၁၉၀ |
| HSD (10 ppm) | ၂၃၀၅ | ၂၃၅၅ | ၂၃၅၀ | ၂၃၁၅ | ၂၃၅၀ | ၂၃၇၅ | ၂၃၇၀ | ၂၃၄၀ | ၂၄၆၀ | ၂၄၅၅ | ၂၃၄၅ | ၂၃၅၅ | ၂၃၉၀ | ၂၃၉၀ | ၂၃၉၅ | ၂၆၂၅ | ၃၁၉၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၂၆ | ၂၁၀၀ |
| 95 Ron | ၂၁၀၆ | ၂၁၈၂ |
| HSD (500 ppm) | ၂၁၁၇ | ၂၁၈၉ |
| HSD (50 ppm) | ၂၁၉၁ | ၂၂၆၄ |
| HSD (10 ppm) | ၂၁၉၁ | ၂၂၆၄ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ဂရိနိုင်ငံ၌ ရထားနှစ်စင်း ခေါင်းချင်းဆိုင်တိုက်မိ၊ ၃၂ ဦး သေဆုံး

**အေသင် မတ် ၁**

ဂရိနိုင်ငံ၌ ရထားနှစ်စင်း ခေါင်းချင်းဆိုင်တိုက်မိမှုကြောင့် ၃၂ ဦး သေဆုံးပြီး ၈၅ ဦး ထိခိုက်ဒဏ်ရာရရှိကြောင်း သိရသည်။

**ဖြစ်ပွားခဲ့**

ရထားမတော်တဆ တိုက်မိမှုသည် လာရစ်ဆာမြို့အနီး၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ လာရစ်ဆာမြို့သည် အေသင်မြို့တော်မြောက်ဘက် ကီလိုမီတာ ၂၀၀ ခန့်အကွာတွင် တည်ရှိသည်။

ရထားနှစ်စင်းအနက် တစ်စင်းသည် ခရီးသည်တင်ရထားဖြစ်ပြီး ကျန်တစ်စင်းသည် ကုန်တင်ရထားဖြစ်ကြောင်း သိရသည်။ အခင်းဖြစ်ပွားမှုကြောင့် ရထားတွဲဆိုင်းများ ပြေးလမ်းချော်ထွက်ပြီး တိမ်းမှောက်မှုများဖြစ်ပွားခဲ့သည်။ အခင်းဖြစ်ပွားစဉ် ခရီးသည် ၃၅၀ တင်ဆောင်လာသည့် ကုန်တင်ရထားသည် နိုင်ငံ၏မြောက်ဘက်ပိုင်းရှိ ဆိပ်ကမ်းမြို့သို့ ဦးတည်ထွက်ခွာလာခဲ့ကြောင်း သိရသည်။

လက်ရှိတွင် ကယ်ဆယ်ရေးအဖွဲ့များက ရထားတွဲဆိုင်းများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်မှုများ ဆောင်ရွက်လျက်ရှိသည်။ ရထားနှစ်စင်း ခေါင်းချင်းဆိုင်တိုက်မိမှု၏ အကြောင်းရင်းကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ၊**
**ဘာသာပြန် - အောင်ကျော်ကျော်**





# ကမ္ဘောဒီးယားနိုင်ငံရှိ ဖနောင်ပင်-ဆီဟန်နောဗီလီ အဝေးပြေးလမ်းမကြီး၌ ငါးလအတွင်း မော်တော်ယာဉ် နှစ်သန်းနီးပါး သွားလာ

**ဖနောင်ပင် မတ် ၁**

ကမ္ဘောဒီးယားနိုင်ငံရှိ ဖနောင်ပင်-ဆီဟန်နောဗီလီ အဝေးပြေးလမ်းမကြီး၌ စတင်ဖွင့်လှစ်သည့်အချိန်မှ ငါးလကြာကာလအတွင်း မော်တော်ယာဉ် ၁ ဒသမ ၉ သန်း သွားလာခဲ့ကြောင်း ကမ္ဘောဒီးယားနိုင်ငံ ပြည်သူ့ဆောက်လုပ်ရေးနှင့် သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာန၏ ယနေ့ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါအဝေးပြေးလမ်းမကြီး၌ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် အဝေးပြေးလမ်းများ၌ လိုက်နာရမည့်လမ်းစည်းကမ်းများနှင့် ဥပဒေများကို ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးမှုများဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြည်သူ့ဆောက်လုပ်ရေးနှင့် သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး Sun Chanthol က ပြောကြားသည်။

တရုတ်နိုင်ငံ လမ်း၊ တံတားကော်ပိုရေးရှင်းက အမေရိကန်ဒေါ်လာ ၂ ဘီလီယံ ရင်းနှီးမြှုပ်နှံတည်ဆောက်ခဲ့သည့် ယင်းအဝေးပြေးလမ်းမကြီးသည် ၁၈၇ ကီလိုမီတာ ရှည်လျားပြီး မြို့တော်ဖနောင်ပင်နှင့် အပြည်ပြည်ဆိုင်ရာ ရေနက်ဆိပ်ကမ်းရှိရာ Preah Sihanouk ပြည်နယ်တို့ကို ဆက်သွယ်ဖောက်လုပ်ထားသည်။ ထရပ်ကားများသည် အဝေးပြေးလမ်းမကြီးကို သုံးစွဲခြင်းဖြင့် မိမိတို့၏ကုန်စည်များကို ပို့ဆောင်ရာတွင် လောင်စာကို ချွေတာနိုင်ပြီး အချိန်တိုအတွင်းရောက်ရှိစေနိုင်သောကြောင့် ထရပ်ကားများအား အဝေးပြေးလမ်းမကြီးကို သုံးစွဲရန် တိုက်တွန်းကြောင်း ဝန်ကြီးချုပ်ဟွန်ဆန်က ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**

# အမေရိကန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ကလေးငယ်ပေါင်း ၁၅ ဒသမ ၅ သန်းနီးပါးရှိ

**ဝါရှင်တန် မတ် ၁**

အမေရိကန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ စတင်ကူးစက်ပျံ့နှံ့သည့်အချိန်မှစပြီး လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါကူးစက်ခံထားရသူ ကလေးငယ်ပေါင်း ၁၅ ဒသမ ၅ သန်းနီးပါးရှိကြောင်း အမေရိကန်ကလေးငယ်ဆိုင်ရာ ဆေးပညာအကယ်ဒမီနှင့် ကလေးဆေးရုံအသင်းတို့၏ နောက်ဆုံးအစီရင်ခံစာအရ သိရသည်။

လွန်ခဲ့သည့် ရက်သတ္တလေးပတ်အတွင်း ရောဂါကူးစက်ခံရသူ ကလေးငယ် ၁၂၁၀၀၀ ကျော်ကို စစ်ဆေးတွေ့ရှိခဲ့သည်။ ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်း ရောဂါကူးစက်ခံရသူကလေးငယ် ၂၈၀၀၀ နီးပါး စစ်ဆေးတွေ့ရှိခဲ့ကြောင်း အစီရင်ခံစာအရ သိရသည်။

ပျမ်းမျှအားဖြင့် ရောဂါကူးစက်ခံရသူကလေးငယ်အရေအတွက် ၃၂၀၀၀ ခန့် အပတ်စဉ် မြင့်တက်လာခဲ့ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

မျိုးကွဲအသစ်များနှင့် ဆက်စပ်သော ရောဂါခံစားရမှုနှင့် ရေရှည်အကျိုးသက်ရောက်မှုများကို အကဲဖြတ်ရန် အသက်အရွယ်အလိုက် အချက်အလက်များကို ပိုမိုစုဆောင်းရန် လိုအပ်သည်ဟု အစီရင်ခံစာတွင် ရေးသားထားသည်။

ကလေးငယ်များ၏ ကျန်းမာရေးအပေါ် ကပ်ရောဂါ၏ လတ်တလောသက်ရောက်မှုကို ဦးစားပေးဆောင်ရွက်ရမည့်အပြင် မျိုးဆက်သစ်ကလေးငယ်များနှင့် လူငယ်များ၏ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် လူမှုဘဝအပေါ် ရေရှည်အကျိုးသက်ရောက်မှုများကို ဖော်ထုတ်ဖြေရှင်းရန် လိုအပ်ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အောင်ကျော်ကျော်**

# အာဖရိကဦးချိုဒေသရှိ ဒုက္ခသည်များအား အကူအညီပေးရန် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာအေဂျင်စီက ကန်ဒေါ်လာ ၁၃၇ သန်း တောင်းဆို

**နိုင်ရိုဘီ မတ် ၁**

ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ အေဂျင်စီသည် မိုးရာသီခြောက်ရာသီဆက်တိုက် မိုးရွာသွန်းမှုမရှိခဲ့ခြင်းကြောင့် အာဖရိကဦးချိုဒေသတွင် ပြည်တွင်းရွှေ့ပြောင်းအခြေချနေထိုင်သူများနှင့် ဒုက္ခသည်စုစုပေါင်း ၃ ဒသမ ၃ သန်းအား အကူအညီပေးရန် ရန်ပုံငွေအဖြစ် အမေရိကန်ဒေါ်လာ ၁၃၇ သန်း တောင်းဆိုထားကြောင်း ယနေ့ဆင်ဟွာသတင်းတစ်ရပ်အရ သိရသည်။

အဆိုပါရန်ပုံငွေများကို ဘေးကင်းလုံခြုံရေးနှင့် အထောက်အပံ့ရရှိရေး နေအိမ်များစွန့်ခွာခဲ့ရသည့် ပြည်တွင်းရွှေ့ပြောင်းအခြေချသူများနှင့် ဒုက္ခသည်များ၏ အသက်ဘေးကယ်တင်ရေး အထောက်အပံ့ပေးရန် အသုံးပြုသွားမည်ဖြစ်ကြောင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာအေဂျင်စီက ပြောကြားသည်။

အာဖရိကဦးချိုဒေသ၌ မိုးရာသီခြောက်ရာသီဆက်တိုက်မိုးရွာသွန်းမှုမရှိခဲ့ခြင်းကြောင့် ဆိုမာလီယာ၊ အီသီယိုးပီးယားနှင့် ကင်ညာနိုင်ငံတို့မှ လူသန်းပေါင်းများစွာတို့သည် ရေအရင်းအမြစ်ရှားပါးမှု၊ ငတ်မွတ်မှု၊ မလုံခြုံမှုနှင့် ပဋိပက္ခများကြားတွင် အသက်ရှင်သန်ရန် ရုန်းကန်နေရသောကြောင့် ရွှေ့ပြောင်းအခြေချနေထိုင်သူများ ဆက်လက်မြင့်တက်လာမည်ဖြစ်ကြောင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာအေဂျင်စီက ပြောကြားသည်။

မိုးခေါင်မှုကြောင့် ပြီးခဲ့သည့်နှစ်အတွင်းက အီသီယိုးပီးယားနိုင်ငံနှင့် ဆိုမာလီယာနိုင်ငံတို့တွင် ပြည်တွင်းရွှေ့ပြောင်းအခြေချနေထိုင်သူ ၁ ဒသမ ၇ သန်းကျော်ရှိကြောင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ အေဂျင်စီက ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အလင်းသစ်**

# အီတလီနိုင်ငံ၌ ရွှေ့ပြောင်းဒုက္ခသည်တင်စက်လှေ တိမ်းမှောက်မှုကြောင့် သေဆုံးသူ ၆၂ ဦး ရှိလာ

**ရောမ မတ် ၁**

အီတလီနိုင်ငံ ကမ်းရိုးတန်းဒေသ၌ ဖေဖော်ဝါရီ ၂၆ ရက်က ရွှေ့ပြောင်းဒုက္ခသည်တင်စက်လှေ တိမ်းမှောက်မှုကြောင့် သေဆုံးသူ ၆၂ ဦး ရှိလာကြောင်းနှင့် သေဆုံးသူများထဲတွင် ကလေးငယ် ၁၄ ဦးပါဝင်ကြောင်း ဒေသတွင်းမီဒီယာများက သတင်းဖော်ပြသည်။

အဆိုပါ ရွှေ့ပြောင်းဒုက္ခသည်တင်စက်လှေ တိမ်းမှောက်မှုတွင် ပါဝင်သူများအနက် အနည်းဆုံး ၈၀ ကို ကယ်ဆယ်နိုင်ခဲ့ကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက ပြောကြားသည်။ ယင်းကယ်ဆယ်ထားသူများထဲတွင် အီတလီအာဏာပိုင်များက ဖမ်းဆီးထိန်းသိမ်းထားသည့် လူမှောင်ခိုသမားများဟု သံသယရှိသူ သုံးဦးလည်း ပါဝင်ကြောင်း ဒေသတွင်းမီဒီယာများက ပြောကြားသည်။

ရွှေ့ပြောင်းဒုက္ခသည်အများအပြား တင်ဆောင်လာသည့် စက်လှေသည် ပြီးခဲ့သည့်သီတင်းပတ်အတွင်းက တူကီယဲနိုင်ငံမှ အီတလီနိုင်ငံတောင်ပိုင်း ကာလာဘရီယာဒေသသို့ ဦးတည်လာခြင်းဖြစ်ကြောင်း သိရသည်။ ကြမ်းတမ်းသောရာသီဥတုကြောင့် အဆိုပါစက်လှေသည် ကျောက်ဆောင်များနှင့် တိုက်မိကာ တိမ်းမှောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သေဆုံးသူရုပ်အလောင်းအများစုကို ကမ်းခြေတွင် ရှာဖွေတွေ့ရှိခဲ့ပြီး တချို့ကိုမူ ပင်လယ်ပြင်အတွင်းမှ တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ စက်လှေပေါ်ပါရှိသူအများစုသည် အီရန်၊ ပါကစ္စတန်နှင့် အာဖဂန်နစ္စတန်နိုင်ငံတို့မှဖြစ်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အလင်းသစ်**



## Online မှ လောင်းကစားခြင်း၊ ကံစမ်းမဲဖောက်ခြင်း၊ ငွေချေးခြင်းပြုလုပ်၍ ငွေကြေးလိမ်လည်ခံရမှု မဖြစ်စေရေး ပြည်သူသို့ အသိပေးထုတ်ပြန်

နေပြည်တော် မတ် ၁

နည်းပညာများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ Online မှတစ်ဆင့် လိမ်လည်မှုကျူးလွန်ခြင်း၊ လောင်းကစားခြင်းကို ဗန်းပြ၍ ငွေကြေးလိမ်လည်မှု ကျူးလွန်ခြင်းများကြောင့် ပြည်သူများအနေဖြင့် ငွေကြေးနစ်နာဆုံးရှုံးမှု ဖြစ်ပေါ်လျက်ရှိသည်။

ထိုသို့ Online အသုံးပြု၍ လောင်းကစားလုပ်ငန်း၊ ကံစမ်းမဲဖောက်လုပ်ငန်း၊ တရားမဝင်ချေးငွေလုပ်ငန်း လုပ်ကိုင်သူများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က စုံစမ်းဖော်ထုတ်ဆောင်ရွက်ခဲ့ရာ TTbet Online Game လုပ်ငန်း၊ Golden Gift Online ကံစမ်းမဲဖောက်လုပ်ငန်း၊ Money Bag Application၊ Cash Now Application၊ Cola Kyat Application နှင့် U Loan Application တို့အား အသုံးပြုပြီး တရားမဝင် ချေးငွေလုပ်ငန်း လုပ်ကိုင်နေကြသည့် ပြစ်မှုကျူးလွန်သူ ၇၁ ဦးကို ဖော်ထုတ်ဖမ်းဆီးအရေးယူခဲ့ရသည်။

ပြစ်မှုကျူးလွန်သူများသည် နိုင်ငံသားစိစစ်ရေးကတ်များကို တစ်ကတ်လျှင် တစ်သောင်းကျပ်ဖြင့် ငှားရမ်းပြီး Online လောင်းကစားလုပ်ငန်းများ၊ Online လိမ်လည်မှုများ၊ တရားမဝင်ချေးငွေလုပ်ငန်းများတွင် အသုံးပြုရန် Bank Account များဖွင့်လှစ်၍ လုပ်ကိုင်ကြောင်းတွေ့ရှိရသဖြင့် နိုင်ငံသားစိစစ်ရေးကတ်ငှားရမ်းသူများအနေဖြင့်လည်း ဥပဒေအရ အရေးယူခံရနိုင်သည်။

သို့ဖြစ်၍ Online အသုံးပြုပြီး လောင်းကစားခြင်း၊ ကံစမ်းမဲဖောက်ခြင်း၊ ချေးငွေလုပ်ငန်း လုပ်ကိုင်ခြင်းများတွင် ပါဝင်လုပ်ကိုင်ပါက တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုကျူးလွန်ရာမှရရှိသော ငွေကြေးနှင့် အကျိုးအမြတ်များကိုလည်း ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေအရစိစစ်ပြီး အရေးယူခံရမည်ဖြစ်သဖြင့် ယင်းလုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်ခြင်းမပြုလုပ်ကြရန် အသိပေးထုတ်ပြန်ထားကြောင်း သိရသည်။

သတင်းစဉ်

## အမျိုးသမီးတစ်ဦးကို တရုတ်အမျိုးသားထံရောင်းစား၍ ငွေကြေး အကျိုးအမြတ်ရယူခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ် ချမှတ်

နေပြည်တော် မတ် ၁

အမျိုးသမီးတစ်ဦးကို တရုတ်အမျိုးသားထံရောင်းစား၍ ငွေကြေး အကျိုးအမြတ်ရယူခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်စီ ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်နေ ဒေါ်အေးအေးလွင်၊ လိပ်စာတူ နိုင်လင်းအောင်(ခ) ပွကြီးနှင့် ကချင်ပြည်နယ် မိုးကောင်းမြို့နယ်နေ မခိုင်သဇင်မိုး(ခ) မပိုးဥတို့က ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်နေ မ ---၊ ၂၁/၂၀၂၀ နှစ်အား တရုတ်ပြည်၌ အလုပ်ရမည်၊ လစာကောင်းမည်ဟု လိမ်လည်ပြောဆိုစည်းရုံးကာ တရုတ်အမျိုးသားထံ ရောင်းစား၍ ငွေကြေးအကျိုးအမြတ် ရယူခဲ့ သဖြင့် ရွှေပြည်သာမြို့မရဲစခန်း (ပ) ၃၁၆၆/၂၀၂၀၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ ပုဒ်မ ၂၄/၃၂ ဖြင့် အမှုရေးဖွင့်၍ မင်္ဂလာဒုံခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ဖေဖော်ဝါရီ ၂၇ ရက်တွင် တရားခံ ဒေါ်အေးအေးလွင်၊ မခိုင်သဇင်မိုး(ခ)မပိုးဥနှင့် နိုင်လင်းအောင်(ခ)ပွကြီးတို့အား လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄ ဖြင့် အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် မတ် ၁

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့်နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်နေ စန်းစန်းအေးသည် ၎င်းအသုံးပြုသည့် “San San Aye” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် ဆင်မင်းရပ်ကွက်နေ လှနှင်းနွယ်သည် ၎င်းအသုံးပြုသည့် “Hla Hinn Nwe” Facebook အကောင့်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၂၂)ရပ်ကွက်နေ ခင်မျိုးသူသည် ၎င်းအသုံးပြုသည့် “Myo Myo” Facebook အကောင့်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် အမှတ်(၃)ရပ်ကွက်နေ ခင်ချိုထွေးသည် ၎င်းအသုံးပြုသည့် “Khin Cho Htwe” Facebook အကောင့်တို့သည် အသိပေးသတင်း ထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## သုတဝေဖြာ သီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာမျှဝေမှု အစီအစဉ်၊ လူရွှင်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်

နေပြည်တော် မတ် ၁




သုတဝေဖြာ သီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် (Family Quiz) ပွဲစဉ်(၁၀၇)ကို မတ် ၃ ရက်တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ဆက်လက်ထုတ်လွှင့်မည်ဖြစ်သည်။

အဆိုပါ ကိုဗစ်-၁၉ ဆိုင်ရာ အသိပညာမျှဝေမှု အစီအစဉ်ကို အစီအစဉ်တင်ဆက်သူ နေခွေးနှင့် ဖြူဖြူခိုင်တို့က တင်ဆက်ကြမည်ဖြစ်ပြီး လူရွှင်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို မတ် ၃ ရက်၊ ၄ ရက်နှင့် ၅ ရက်တို့တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD မှ ည ၇ နာရီခန့်တွင် ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## “နိပါတ်တော်လာ ဇာတ်သဘင်မဟာ အစီအစဉ်” မှ “အပဏ္ဏက လှည်းသားငါးရာ” ဇာတ်တော်ကို မြန်မာ့ရုပ်မြင်သံကြား၌ ပြသမည်

နေပြည်တော် မတ် ၁

မိဘပြည်သူများ ဇာတ်သဘင်ဖျော်ဖြေတင်ဆက်မှုဖြင့် စိတ်အပန်းပြေစေရန်၊ လူငယ်လူရွယ်များ ဗုဒ္ဓဝင် ဇာတ်နိပါတ်တော်များအကြောင်း သိရှိနားလည်ပြီး အသိပညာဗဟုသုတရရှိနိုင်ရန်နှင့် သဘင်ပညာရှင်များ၏ အနုပညာစွမ်းရည်များ ဖော်ထုတ်ပြသနိုင်ရန် ရည်ရွယ်ချက်များဖြင့် “နိပါတ်တော်လာ ဇာတ်သဘင် မဟာအစီအစဉ်” ဆန်းသစ်တင်ဆက်မှုကို အောက်တိုဘာ ၂၂ ရက်မှစတင်၍ အပတ်စဉ် စနေနေ့ညတိုင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV- HD Channel မှ ထုတ်လွှင့်ပြသလျက်ရှိသည်။

အဆိုပါအစီအစဉ်မှ **“အပဏ္ဏက လှည်းသားငါးရာ”** ဇာတ်တော်ကို ပတ္တမြားကေခိုင် စီစဉ်ပြီး Art Director ဆန်းမင်း၏ အနုပညာဖန်တီးမှု၊ ရွှာစား ဝါးခယ်မ စိန်မုန့်လုံး၏ တီးခတ်မှု၊ ဇံဟိန်း၊ ဖြိုးကျော်၊ ဆန်းနေအောင်၊ ပေါက်ကျော်၊ ချမ်းချမ်းမိုး၊ မစိမ်းစိမ်းနှင့်အတူ သဘင်အနုပညာရှင်များက ပါဝင်တင်ဆက်ကြမည်ဖြစ်သည်။

ထိုသို့တင်ဆက်မှုကို မတ် ၄ ရက် (စနေနေ့) ည ၉ နာရီခန့်တွင် ပြသမည်ဖြစ်ပြီး မတ် ၈ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၆ နာရီခွဲတွင်လည်း ပြန်လည်ပြသမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## “ပြည်ချစ်သားမွန် တေးသဝဏ်” တေးဂီတဖျော်ဖြေပွဲကို မြန်မာ့ရုပ်မြင်သံကြား၌ ပြသမည်

နေပြည်တော် မတ် ၁




ပြည်သူများ အပန်းပြေစေရန် ပျော်ရွှင်စေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဖျော်ဖြေရေးအစီအစဉ်များကို တိုးမြှင့်တင်ဆက်လျက်ရှိရာ Friday Night Live Show အစီအစဉ်ဆန်းသစ်မှုအဖြစ် မတ်လ ၂၇ ရက်နေ့တွင် ရောက်ရှိမည့် (၇၈)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် **“ပြည်ချစ်သားမွန် တေးသဝဏ်”** တေးဂီတဖျော်ဖြေပွဲ အစီအစဉ်ကို ဖေဖော်ဝါရီ ၂၄ ရက်မှ မတ် ၂၄ ရက်အထိ ပွဲစဉ် ငါးခုဖြင့် အပတ်စဉ် သောကြာနေ့ ည ၈ နာရီသတင်းများ အပြီးတွင် MRTV-HD Channel မှ ထုတ်လွှင့်ပြသလျက်ရှိသည်။

အဆိုပါအစီအစဉ်ကို **“မြန်မာ့အသံတေးဂီတ”**အဖွဲ့၏ တီးခတ်မှုနှင့်အတူ မူရင်းတေးသံရှင်များ၊ နာမည်ကျော် တေးသံရှင်များ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းအဆိုရှင်များနှင့် တူယှဉ်နွှဲပျော်ဂီတပွဲတော်များမှ တေးသံရှင်များ ပါဝင်သီဆိုလျက်ရှိရာ မတ် ၃ ရက်တွင် တင်ဆက်မည့် ပွဲစဉ်(၂)တွင် ကေတုဝင်းထွဋ်၊ စိုးအောင်(ကောင်းကင်ပြာ)၊ ချာန်ထူး၊ စောဒယ်နီရယ်၊ လင်းဘုန်းကျော်၊ မြင့်မိုရ်သွန်းခ၊ ရေဂျီးနား၊ ချိုသဲဦး၊ နန်းခိုင်သစ္စာနှင့် ဖူးကေရီဆောင်းတို့ ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်ကြောင်းနှင့် ထိုသို့တင်ဆက်မှုကို မတ် ၅ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီခွဲတွင် ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ကော့သောင်းကုန်သွယ်ရေးစခန်းမှ ရေထွက်ပစ္စည်းများ အဓိက တင်ပို့



**နေပြည်တော် မတ် ၁**

ကော့သောင်းကုန်သွယ်ရေးစခန်းသည် တစ်ဖက်ထိုင်းနိုင်ငံသို့ ရေထွက်ပစ္စည်းများကို FOB စနစ်ဖြင့် အဓိကတင်ပို့နေသော ပို့ကုန်အသာစီးရသည့် စခန်းတစ်ခုဖြစ်သည်။ အဓိကတင်ပို့နေသော ပစ္စည်းများမှာ ငါးမျိုးစုံ၊ ငါးစီဖောင်း၊ ပုစွန်၊ ငါးဆားနယ်၊ ကဏန်း၊ ကင်းမွန်(စို/ခြောက်)၊ ခရုနှင့် ငါးမုန့်၊ သီဟိုဠ်စေ့နှင့် ဆီအုန်းတို့ဖြစ်သည်။

ဖေဖော်ဝါရီ ၁ ရက်မှ ၂၈ ရက်အထိ ပို့ကုန်တန်ချိန် ၂၂၅၉ တန် (တန်ဖိုး အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၅၃၇ သန်း)၊ သွင်းကုန်တန်ချိန် ၆၃၆၃ ဒသမ ၁၇တန် (တန်ဖိုး အမေရိကန်ဒေါ်လာ ၂ ဒသမ ၄၃၉ သန်း)ရှိပြီး ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၉ ဒသမ ၉၇၆ သန်းရရှိခဲ့သည်။ အများဆုံး တင်ပို့နိုင်သည့် ပို့ကုန်ပစ္စည်းမှာ ငါးမျိုးစုံနှင့် ကင်းမွန်၊ ဆီအုန်း၊ အုန်းဖက်အက်ဆစ်၊ ခနိအုန်း၊ ဆီအုန်းကြိတ်ဖတ်တို့ဖြစ်ပြီး အများဆုံးတင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်းများမှာ ဓာတ်ဆီ၊ ဒီဇယ်၊ ပီလောပီနံမှုန့်၊ ဟိုက်ဒရိုဂျင်ပါအောက်ဆိုက်၊ ဆိုဒီယမ်ကာဗွန်နိတ်၊ အနံ့ရည်၊ ဆား၊ ရေခဲပုံး၊ ဆီလီကွန်၊ မီးသွေးမှုန့်၊ ထုံးမှုန့်၊ ကုန်စုံ၊ ဘက်ထရီ၊ ဆီအုန်းမျိုးစေ့၊ ငှက်သိုက်၊ ကြိုး၊ ကျောက်ချဉ်၊ စတီးဝါယာကြိုး၊ ပုလင်းခွံ၊ ဆိုးဆေးမှုန့်၊ ဓာတုကုန်ကြမ်း၊ နှင်းရည်တို့ဖြစ်ကြောင်း သိရသည်။

# မောင်တောကုန်သွယ်ရေးစခန်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၇၅၈ သန်း ဆောင်ရွက်နိုင်



**နေပြည်တော် မတ် ၁**

မောင်တောကုန်သွယ်ရေးစခန်း၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် လျာထားချက်မှာ ပို့ကုန် အမေရိကန်ဒေါ်လာ ၁၁ သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ သုည ဒသမ ၅ သန်း၊ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၅ သန်းဖြစ်သည်။ ဖေဖော်ဝါရီ ၂၅ ရက်အထိ အမှန်ဆောင်ရွက်နိုင်မှုမှာ ပို့ကုန် အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၇၁၆ သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ သုည ဒသမ ၀၄၂ သန်း၊ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၇၅၈ သန်း ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ပြီး တစ်နှစ်လုံး၏ လျာထားချက်အပေါ် ၁၃၇ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့သည်။

# စစ်ကိုင်းတိုင်းဒေသကြီး၌ ပဲကြီးဈေးကောင်းသဖြင့် တောင်သူများ ပိုမိုတိုးချဲ့စိုက်ပျိုးလာ

**နေပြည်တော် မတ် ၁**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ပဲကြီးစိုက်တောင်သူများအနေဖြင့် ပဲကြီးဈေးကောင်းရသည့်အတွက် ပိုမိုတိုးချဲ့စိုက်ပျိုးလာကြောင်း၊ ပဲကြီးသည် ပြည်တွင်းသာမက နိုင်ငံတကာဈေးကွက်တွင်လည်း ဝယ်လိုအားမြင့်မားသည့် သီးနှံတစ်မျိုးဖြစ်ကြောင်းသိရသည်။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ပဲကြီးသီးနှံစိုက်ပျိုးမှု များပြားလာပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်လျာထားချက်မှာ မိုးစိုက်ဧက ၆,၃၀၀၊ ဆောင်းစိုက်ဧက ၅၈,၃၀၀၊ စုစုပေါင်းဧက ၆၄,၆၀၀ ရှိပြီး စိုက်ပျိုးဧက စုစုပေါင်း ၆၅,၄၀၄ ဧက စိုက်ပျိုးပြီးဖြစ်ရာ လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

စိုက်ပျိုးမှုအနေဖြင့် မိုးသီးနှံကို ဇူလိုင်လ၊ ဩဂုတ်လနှင့် စက်တင်ဘာလများတွင် စိုက်ပျိုးပြီး နိုဝင်ဘာလ၊ ဒီဇင်ဘာလနှင့် ဇန်နဝါရီလများတွင် ရိတ်သိမ်းကြောင်း၊ ဆောင်းသီးနှံကို အောက်တိုဘာလ၊ နိုဝင်ဘာလနှင့် ဒီဇင်ဘာလများတွင်စိုက်ပျိုးပြီး ဖေဖော်ဝါရီလ၊ မတ်လနှင့် ဧပြီလများတွင် ရိတ်သိမ်းကြောင်း၊ ယခုအချိန်တွင် ဆောင်းသီးနှံပဲကြီးများ စတင်ရိတ်သိမ်းနေပြီဖြစ်ရာ ဈေးနှုန်းအနေဖြင့် သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၂၆,၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။ ပဲကြီးသည် အိန္ဒိယနိုင်ငံ၏ အဓိကအစားအစာဖြစ်ရာ ပြည်တွင်းဈေးကွက်သာမက နိုင်ငံခြားဈေးကွက်အတွက်ပါ ဈေးကွက်ဝယ်လိုအားရှိသည့်အတွက် ပိုမိုစိုက်ပျိုးလာကြောင်း သိရသည်။



# မုံရွာမြို့နယ်၌ ကွမ်းဈေးနှုန်း သိသိသာသာကျဆင်း

**နေပြည်တော် မတ် ၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်၌ ကွမ်းကို ဆောင်းစိုက်နှင့် မိုးစိုက်ဟူ၍ နှစ်မျိုးခွဲခြားစိုက်ပျိုးကြပြီး မိုးစိုက်သည် ပိုးကျလွယ်သည့်အတွက် အစိုက်နည်းကာ ဆောင်းစိုက်ကိုသာ ပိုမိုစိုက်ပျိုးကြကြောင်း သိရသည်။

မုံရွာမြို့နယ် ကွမ်းဈေးကွက်အနေဖြင့် ဇန်နဝါရီလနောက်ဆုံးပတ်တွင် ကွမ်းတစ်ပိဿာလျှင် ငွေကျပ် ၁၀၀၀၀-၁၁၀၀၀ ဈေးရရှိပြီး ယခု ဖေဖော်ဝါရီလနောက်ဆုံးပတ်တွင် အရည်အသွေးအပေါ်မူတည်ပြီး တစ်ပိဿာလျှင် ငွေကျပ် ၂၅၀၀-၅၀၀၀ ဖြင့်သာ ရောင်းချရရာ ဆောင်းအကုန်နွေအကူးတွင် အထွက်နှုန်းပိုမိုများလာခြင်း၊ ဈေးကွက်အတွင်း ကုန်ဝင်ရောက်မှုများနေခြင်းကြောင့် ဈေးနှုန်းသိသိသာသာကျဆင်းခြင်းဖြစ်ကြောင်း သိရသည်။

# လွယ်ဂျယ် နယ်စပ်ကုန်စည်စီးဆင်းမှု အခြေအနေ

**နေပြည်တော် မတ် ၁**

လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ဖေဖော်ဝါရီ ၂၈ ရက်တွင် လယ်ယာထွက်ကုန်အနေဖြင့် ဆန်ကားစီးရေ ခြောက်စီး (တန်ချိန် ၁၉၈ ဒသမ ၅တန်)၊ ဆန်ကွဲကားစီးရေ သုံးစီး(တန်ချိန် ၁၀၀)၊ တစ်သျှူးငှက်ပျော ကားစီးရေ၃၃ စီး(တန်ချိန် ၅၂၈ တန်)၊ မြေထောက်ပဲကားစီးရေ တစ်စီး(တန်ချိန် ၃၂ ဒသမ ၅ တန်)၊ ပဲယင်းသုံးစီး(၉၉ ဒသမ ၇၅ တန်)၊ ပဲတီစိမ်း နှစ်စီး (၆၄ တန်) တင်ပို့နိုင်ခဲ့သည်။ တစ်ဖက်နိုင်ငံမှ ကုန်စုံကားစီးရေ နှစ်စီး (တန်ချိန် ၁၄ ဒသမ ၄၅ တန်) တင်သွင်းနိုင်ခဲ့သည်။ ကုန်သွယ်မှုလမ်းကြောင်းမှာ ပုံမှန်အတိုင်း ကောင်းမွန်လျက်ရှိကြောင်း သိရသည်။



မြေထောက်ပဲ | တစ်သျှူးငှက်ပျော

# စလင်းမြို့နယ် ရှားတောကျေးရွာ၌ စားတော်ပဲစိုက်တောင်သူများ အကျိုးအမြတ်ရရှိ



**နေပြည်တော် မတ် ၁**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်ရှိ တောင်သူများအနေဖြင့် ယခင်နှစ်က စားတော်ပဲသီးနှံများ စိုက်ပျိုးခဲ့ရာ အထွက်နှုန်း လျော့နည်းခဲ့ပြီး အကျိုးအမြတ်ရရှိမှုနည်းပါးခဲ့သည်။ ယခုနှစ်တွင် စားတော်ပဲသီးနှံများ စိုက်ပျိုးရာတွင် ဒေသမျိုးများကို စိုက်ပျိုးပြီး ကြဲပက်စနစ်ဖြင့် စိုက်ပျိုးကြရာ ကုန်ကျစရိတ်အနေဖြင့် တစ်ဧကလျှင် မျိုးတစ်တင်းခန့် ကုန်ကျပြီး ထွန်ယက်စိုက်ပျိုးခ၊ လုပ်သားခနှင့် သွင်းအားစုအပါအဝင် စုစုပေါင်း ငွေကျပ် ငါးသိန်း ကုန်ကျကြောင်း သိရသည်။

**တစ်ဧက ၁၀ တင်းထွက်**

စိုက်ပျိုးပြီး သုံးလခန့်အကြာတွင် ရိတ်သိမ်းရပြီး ဈေးနှုန်းအနေဖြင့် သီးနှံပေါ်ချိန်၌ စားတော်ပဲ တစ်တင်းလျှင် ငွေကျပ် ၁၁၀၀၀၀ ခန့်ရရှိ၍ အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ၁၀ တင်းထွက်ရှိကာ ဝင်ငွေကျပ် ၁၁ သိန်းရရှိပြီး ပျမ်းမျှအားဖြင့် အကျိုးအမြတ် ကျပ် ခြောက်သိန်းခန့်ရရှိကြောင်း သိရသည်။ ဈေးကွက်အနေဖြင့် ထွက်ရှိလာသော စားတော်ပဲများကို မြို့ပေါ်ရှိပွဲရုံများသို့ ရောင်းချကြပြီး ယခင်နှစ် စားတော်ပဲဈေးနှုန်းမှာ ငွေကျပ် ၈၀၀၀၀ နှုန်းဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သော်လည်း ယခုနှစ် စားတော်ပဲ စိုက်ရာသီချိန်တွင် အအေးဓာတ်ပိုမိုရရှိခြင်း၊ ရာသီဥတုကောင်းမွန်ခြင်းတို့အပြင် ပိုးမွှားကျရောက်မှု နည်းပါးခြင်း၊ မှိုရောဂါကျရောက်မှု နည်းပါးခြင်းတို့ကြောင့် အပင်အသေအပျောက်နည်းပါးကာ အထွက်နှုန်းကောင်းမွန်၍ ယခင်နှစ်ထက် ဈေးနှုန်းပိုမိုရရှိကာ စားတော်ပဲစိုက်တောင်သူများ အကျိုးအမြတ်ရရှိကြောင်း သိရသည်။

# မိတ္ထီလာမှ မြဝတီဈေးကွက်သို့ ကြက်သွန်နီ အဝယ်လိုက်၍ ဈေးနှုန်းအနည်းငယ် မြင့်တက်

**နေပြည်တော် မတ် ၁**

မန္တလေးတိုင်း ဒေသကြီးတွင် မိတ္ထီလာဈေးကွက်မှ မြဝတီသို့ ဖေဖော်ဝါရီလ တတိယပတ်အတွင်း ကြက်သွန်နီတင်ပို့မှုများ ရှိလာသောကြောင့် ယခင်အပတ်၌ ဈေးနှုန်းမြင့်တက်လာသည်။ ကြက်သွန်နီ တင်ပို့မှုအနေဖြင့် ယခုအပတ်အတွင်း မိတ္ထီလာမှ ရန်ကုန်သို့ အခြားကုန်များရောရော၍ ၁၂ ဘီးကား တစ်စီးလျှင် ကြက်သွန်နီပိဿာချိန် ၅၀၀၀ ခန့်၊ မိတ္ထီလာမှ ပဲခူးသို့အခြားကုန်များရောရော၍ ခြောက်ဘီးကား နှစ်စီးလျှင် ကြက်သွန်နီပိဿာချိန် ၃၀၀၀ ခန့်ဖြင့် နေ့စဉ်ပုံမှန် တင်ပို့လျက်ရှိရာ မိတ္ထီလာမှမြဝတီသို့ တစ်ပတ်အတွင်း ၁၂ ဘီးကားနှင့် တွဲကားအပါအဝင် စုစုပေါင်းကား ငါးစီးဖြင့် ကြက်သွန်နီပိဿာချိန် ၇၉၆၁၀ တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။ ကုန်တင်ပို့ခမှာ မိတ္ထီလာ-ရန်ကုန် တစ်ပိဿာလျှင် ငွေကျပ် ၁၁၀၊ မိတ္ထီလာ-ပဲခူး ငွေကျပ် ၁၀၀ ဖြင့် ဈေးငြိမ်နေပြီး မိတ္ထီလာ-မြဝတီ ငွေကျပ် ၁၆၀ ဈေးနှုန်းဖြင့် တင်ပို့နိုင်ခဲ့ကြောင်း၊ ဈေးနှုန်းအနေဖြင့် ယခင်တစ်ပတ်က တစ်ပိဿာလျှင် ငွေကျပ် ၈၀၀-၈၅၀ မှ ယခုတစ်ပတ် တစ်ပိဿာလျှင် ငွေကျပ် ၉၀၀ ဖြင့် ဈေးနှုန်းအနည်းငယ် မြင့်တက်လာကြောင်း သိရသည်။



**သတင်းအရင်းအမြစ်**
**စီးပွား/ကူးသန်း**

# NUG လက်အောက်ခံ FOEIM Online ပညာရေးစနစ်အပေါ် ဖော်ထုတ်တွေ့ရှိချက်များအား အများပြည်သူသိရှိစေရန်

## NUG လက်အောက်ခံ FOEIM Online ပညာရေးစနစ်အပေါ် ဖော်ထုတ်တွေ့ရှိချက်များအား အများပြည်သူသိရှိစေရန် အသိပေးကြေညာခြင်း

အကြမ်းဖက်အဖွဲ့အစည်းအဖြစ် ကြေညာထားသော အမျိုးသားညီညွတ်ရေး အစိုးရ(NUG)သည် မြန်မာနိုင်ငံ၏ အလုံးစုံပျက်သုဉ်းရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စရပ်များအား အစဉ်တစိုက် လုပ်ဆောင်လျက်ရှိရာ နိုင်ငံတစ်ခု၏ အနာဂတ်ဖြစ်သော ပညာရေးကဏ္ဍပျက်စီးစေပြီး ၎င်းတို့အကျိုးအမြတ်ရရှိစေရန် ရည်ရွယ်၍ ပညာရေးဝန်ကြီးဌာနအား ဖွဲ့စည်းခဲ့။

→ အကြမ်းဖက်အဖွဲ့အစည်းမှ တည်ထောင်ဖွင့်လှစ်ထားသည့် Online စာသင်ကျောင်းများတွင် ကလေးများအား ကျောင်းအပ်နှံပါက ငွေကြေးလိမ်လည်မှုကြောင့် ငွေကြေးဆုံးရှုံးသည် သာမက အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ အရပါ အရေးယူခံရမည်။

NUG ၏ Ministry of Education (MOE) တွင် ဇော်ဝေစိုး၊ ဂျာထွယ်ပန်၊ စိုင်းခိုင်မျိုးထွန်း တို့က ဦးဆောင်ပြီး ကြားကာလပညာ သင်ကြားရေး အစီအစဉ်ဟု ခေါင်းစဉ်တပ်၍ Online စနစ်ဖြင့် သင်ကြားသည့် ကျောင်းများ ဖွင့်လှစ်ခဲ့။

→ NUG အသိအမှတ်ပြုကျောင်း ၆၂ ခု ဖွင့်လှစ်ထားသည်ဟု ထုတ်ပြန်ကြေညာထားသော်လည်း ၃ ခု ခန့်သာ ဖွင့်လှစ်သည့် အထောက်အထားများ တွေ့ရှိရ။



NUG လက်အောက်ခံ Online စနစ် ကျောင်း ၆၂ ခု ဖွင့်လှစ်ထားကြောင်း ကြေညာထား။



NUG နှင့် FOEIM ချိတ်ဆက်ဆောင်ရွက်မှု။

လက်အောက်ခံ Online စနစ် ကျောင်း ၆၂ ခု တို့မှ ကျောင်းအပ်နှံနိုင်ရန်အတွက် Google Application Form နှင့် Telegram တို့မှ ကျောင်းသား/ကျောင်းသူများ လက်ခံ။

ကျောင်းဝင်ကြေးအဖြစ် မူလတန်း ၁ ဦး လျှင် ထိုင်းဘတ်ငွေ ၁၀၀၀ ၊ အလယ်တန်း ၁ ဦးလျှင် ထိုင်းဘတ်ငွေ ၂၀၀၀ ၊ အထက်တန်း ၁ ဦး လျှင် ထိုင်းဘတ်ငွေ ၃၀၀၀ ကောက်ခံခဲ့။

Facebook ၊ Youtube ၊ Telegram ၊ Website ၊ Zoom Application နှင့် Mobile Apk တို့ဖြင့် အခြေခံပညာသင်ရိုးများ အား လွှင့်တင်ခြင်း၊ သင်ခန်းစာပို့ချခြင်းများ ဆောင်ရွက်လျက်ရှိ။



ကျောင်းအပ်နှံရန် နှင့် ကျောင်းဝင်ကြေး ပေးသွင်းရန် လှုံ့ဆော်မှု။

Free Online Educational Institution Myanmar (FOEIM)သည် အကြမ်းဖက်အဖွဲ့အစည်း NUG ၏ လက်အောက်ခံတစ်ခုဖြစ်ပြီး သင်ကြားရေးနှင့် ကျောင်းသားလက်ခံရေး(ရုံးအဖွဲ့) တို့အကြား သဘောထားကွဲလွဲမှုများ ဖြစ်ပေါ်ခဲ့ပြီး ငွေကြေးသုံးစွဲမှုစာရင်း ချပြရှင်းလင်းနိုင်မှုမရှိဘဲ ငွေကြေး လိမ်လည်မှုဖြစ်ပေါ်ခဲ့ရာမှ ကျောင်းအပ်နှံခဲ့သူများ၏ စာရင်းများပေါက်ကြားခဲ့။



| ကျော်စွာထွန်း | ခန့်စည်သူ | မင်းညီ | ကောင်းထက်လွင် | ဆုဝေဝေနှင်း |
|---|---|---|---|---|

FOEIM Online ကျောင်း ငွေကြေးလိမ်လည်မှုတွင် ပါဝင်ပတ်သက်သူများ။



ကျောင်းများဖွင့်လှစ်သည်ဟု ပြည်သူလူထု ထင်မြင်စေရန် Facebook Page မှ မဟုတ်မမှန် လှုံ့ဆော်ဝါဒဖြန့်မှု။

NUG မှ တာဝန်ယူဖြေရှင်းပေးမည်ဟု ထုတ်ပြန်ထားသော်လည်း လေလှိုင်း အစိုးရအနေဖြင့် ငွေကြေးရယူလိုမှုသာ အလေးထားပြီး ကျောင်းအပ် မိဘများအပေါ် လျစ်လျူရှုကာ ဘယ်သူသေသေ ငတေမာပြီးရော သဘောဖြင့် တိကျပြတ်သားသည့် ဖြေရှင်းချက် ထုတ်ပြန်နိုင်ခြင်း မရှိကြောင်းတွေ့ရှိရ။



MOE(NUG)မှ FOEIM ဖြစ်စဉ်နှင့်ပတ်သက်၍ ထုတ်ပြန်ကြေညာချက်။



FOEIM မှ ကျောင်းသား/ ကျောင်းသူ ၅၀၀ အမည်စာရင်း ပေါက်ကြားမှု။

## အသိပေးကြေညာခြင်း

အကြမ်းဖက် NUG လက်အောက်ခံ Free Online Education Institution Myanmar (FOEIM) Online ပညာရေးစာသင်ကျောင်းတွင် နှစ်စဉ်ကျောင်းဝင်ကြေးအဖြစ် မူ/လယ်/ထက် တစ်ဦးလျှင် ထိုင်း ဘတ်ငွေ ၁၀၀၀/ ၂၀၀၀/ ၃၀၀၀ ကောက်ခံခဲ့ပြီး ကျောင်းသားကျောင်းသူ နှစ်သောင်းခန့် ကျောင်းအပ်နှံခဲ့ကြောင်းနှင့် NUG အသိအမှတ်ပြု ကျောင်း ၆၂ ကျောင်းခွင့်ပြုထားသည်ဟု ထုတ်ပြန်ကြေညာ ထားသော်လည်း ကျောင်းသုံးကျောင်းခန့်သာ ဖွင့်လှစ်သင်ကြားသည့် အထောက်အထားများ ဖော်ထုတ်တွေ့ရှိရပါသည်။ အဆိုပါ Online စာသင်ကျောင်းများ၏ထောက်ခံချက်ဖြင့်လည်း တက္ကသိုလ်၊ ကောလိပ်ကျောင်းများတွင် ဝင်ခွင့်ဖြေဆိုတက်ရောက်နိုင်မှုမရှိဘဲ အချိန်ကုန်၊ ငွေကုန်မည့်အပြင် အကြမ်းဖက်အဖွဲ့အစည်းမှ တည်ထောင်ဖွင့်လှစ်ထားသည့် FOEIM ကဲ့သို့ Online စာသင်ကျောင်းများတွင် ကလေးများအား ကျောင်းအပ်နှံပါက ငွေကြေးလိမ်လည်မှုကြောင့် ငွေကြေးဆုံးရှုံးသည်သာမက အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရပါ အရေးယူခံရမည်ဖြစ်သည်။

မိဘပြည်သူများအနေဖြင့် သိရှိရန်မှာ FOEIM သည် အကြမ်းဖက် အားပေးထောက်ခံသည့် Online စာသင်ကျောင်းဖြစ်သည့်အပြင် နိုင်ငံတကာအသိအမှတ်ပြု အထောက်အထားများ ခိုင်လုံစွာ ပြသနိုင်မှုမရှိခြင်း၊ ကျောင်းအခြေပြုတည်နေရာ ပြသနိုင်မှုမရှိခြင်းနှင့် စနစ်တကျဖွဲ့စည်းအုပ်ချုပ်မှုမရှိခြင်းတို့အား ဖော်ထုတ်တွေ့ရှိရသည်။ NUG မှ ကျောင်းဝင်ငွေ၏ သုံးပုံတစ်ပုံအား ၎င်းတို့ထံ ပေးအပ်စေခဲ့ရာမှ FOEIM ကျောင်းသားလက်ခံရေး(ရုံးအဖွဲ့)အကြား သဘောထားကွဲလွဲမှုများ ဖြစ်ပေါ်ခဲ့ပြီး ငွေကြေးသုံးစွဲမှုစာရင်း ချပြရှင်းလင်းနိုင်မှုမရှိဘဲ ငွေကြေးလိမ်လည်မှုဖြစ်ပေါ်ခဲ့ရာမှ ကျောင်းအပ်နှံသူများ၏ အမည်စာရင်း ပေါက်ကြားခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။ FOEIM Online စာသင်ကျောင်းမှ အချက်အလက်များပေါက်ကြားမှုမရှိစေရန် Facebook Page၊ Website နှင့် Telegram တို့မှ အာမခံချက်များပေးခဲ့သော်လည်း ယုံကြည်စွာဖြင့် ကျောင်းအပ်နှံခဲ့သည့် ကျောင်းသားကျောင်းသူ ၅၀၀ ၏ အမည်စာရင်းများ ပေါက်ကြားလာခဲ့သည်။

ထိုသို့ အမည်စာရင်းများ ပေါက်ကြားခြင်းကို အကြမ်းဖက် NUG ၏ Facebook Page မှ တာဝန်ယူဖြေရှင်းပေးမှု မရှိသည့်အပြင် ၎င်းတို့၏ သင်ကြားရေးနှင့် ကျောင်းသားလက်ခံရေး(ရုံးအဖွဲ့) တို့မှ ငွေကြေးလိမ်လည်သူ ငါးဦး ဖော်ထုတ်ရရှိခဲ့သဖြင့် တရားဥပဒေအရ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ကျောင်းသားမိဘများအနေဖြင့် ပတ်ဝန်းကျင်အား မလွန်ဆန်နိုင်၍ဖြစ်စေ၊ မသိနားမလည်၍ဖြစ်စေ၊ ရည်ရွယ်ချက်ရှိရှိဖြင့်ဖြစ်စေ အကြမ်းဖက်အဖွဲ့အစည်းမှ တည်ထောင်ဖွင့်လှစ်ထားသည့် Online စာသင်ကျောင်းများတွင် ကျောင်းအပ်နှံပါက ငွေကြေးလိမ်လည်မှုကြောင့် ငွေကြေးဆုံးရှုံးသည်သာမက **အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ** အရပါ အရေးယူခံရမည်ဖြစ်ကြောင်းနှင့် အစိုးရစာသင်ကျောင်းများနှင့် အစိုးရအသိအမှတ်ပြု စာသင်ကျောင်းများတွင်သာ ကျောင်းအပ်နှံပညာသင်ကြားနိုင်ရေး အသိပေးထားကြောင်း သိရသည်။

## အင်းစိန်မြို့နယ်၌ ပြည်သူများလက်ဝယ်အရောက် ဆီနှင့်အသားငါးများ ဈေးနှုန်းချိုသာစွာ ရောင်းချ

**ရန်ကုန် မတ် ၁**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ ပြည်သူများ လူမှုဘဝစားသောက်ရေးတွင် အထောက်အကူဖြစ်စေရန်နှင့် အခြေခံစားကုန်များ ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူနိုင်စေရန် ရည်ရွယ်၍ ပြည်သူများထံသို့ လက်ဝယ် အရောက် ဆီနှင့် သား/ငါး များရောင်းချပေးခြင်းကို ယမန်နေ့ နံနက် ၇ နာရီက အင်းစိန်မြို့နယ် ရွာမအနောက်ရပ်ကွက် သံမဏိစက်ရုံလမ်းရှိ စည်ပင်ဝန်ထမ်းအိမ်ရာရှေ့၌ ရောင်းချပေးခဲ့သည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် အင်းစိန်မြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်၊ မြို့ပြပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန၊ တိရစ္ဆာန်ဆေးကုဌာန၊ ဈေးများဌာနနှင့် ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့တို့မှ ဆီတစ်ပိဿာငွေကျပ် ၄၈၀၀၊ ဝက်သားတစ်ပိဿာ ငွေကျပ် ၁၅၀၀၀၊ ကြက်တစ်ပိဿာ ငွေကျပ် ၉၀၀၀၊ ဆိတ်သားတစ်ပိဿာ ငွေကျပ် ၂၅၀၀၀၊ အမဲသားတစ်ပိဿာ ငွေကျပ် ၁၄၀၀၀၊ ငါးကြင်းတစ်ပိဿာ ငွေကျပ် ၈၅၀၀၊ ငါးမြစ်ချင်း တစ်ပိဿာ ငွေကျပ် ၄၂၀၀ နှုန်းဖြင့် ရောင်းချပေးရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက



ဈေးဝယ်သူများနှင့် လမ်းသွားလမ်းလာပြည်သူများအား နှာခေါင်းစည်းအခုရေ ၁၅၀၀ ဝေငှပေးကြကာ ဈေးဝယ်ပြည်သူများ ဝယ်ယူမှုအဆင်ပြေစေရန် ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြင့်ဦး**

## နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်မည့် နွေစပါးဧက ၆၀၀၀ အတွက် သွင်းအားစုမြေသြဇာများပေးအပ်ပွဲ ကျင်းပ



**အုတ်ဖို မတ် ၁**

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့်ဆောင်ရွက်မည့် နွေစပါးစီမံကိန်းအတွင်း ပါဝင်သော တောင်သူများအား သွင်းအားစုမြေသြဇာများပေးအပ်ပွဲကို ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယနေ့ မွန်းလွဲပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်မင်းက စိုက်ပျိုးရေးကဏ္ဍများတွင် တစ်ဧကအထွက်နှုန်း တိုးတက်ထွက်ရှိရေး စိုက်စနစ်မှန်စိုက်ပျိုးရေး၊ နွေစပါး ပန်းတိုင်အထွက်နှုန်းထက် ပိုမိုထွက်ရှိစေရေး ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်ချိုချိုဝင်းက ရေသောက်စနစ်အလိုက် သက်လျှင်အထွက်ကောင်း ရက် ၉၀ စပါးမျိုးများကို တိုးချဲ့စိုက်ပျိုးရန်နှင့်ပေါင်းမြက်၊ ပိုးမွှားရောဂါကာကွယ်ခြင်းကို အချိန်မီဆောင်ရွက်၍ တစ်ဧကအထွက်နှုန်း တိုးတက်ထွက်ရှိရေး ဆောင်ရွက်ကြရန် ရှင်းလင်းပြောကြားပြီး နိုင်ငံ့စီးပွားမြှင့်တင်ရေးကဏ္ဍ နွေစပါးဧက ၆၀၀၀ အတွက် ယူရီးယားမြေသြဇာ၊ ကွန်ပေါင်းဓာတ်မြေသြဇာတို့ကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။ **အောင်သူ (ပြန်/ဆက်)**

## Hinamatsuri (Girl's festival/ Dolls festival) ဂျပန်ယဉ်ကျေးမှုစင်တာ၌ ဟိနပွဲတော် ကျင်းပမည်

**ရန်ကုန် မတ် ၁**

ဂျပန်ဖောင်ဒေးရှင်းရန်ကုန်သည် ဂျပန်ယဉ်ကျေးမှုကို စိတ်ဝင်စား၍ ကိုယ်တိုင်ပါဝင်လိုသူများအတွက် ဂျပန်၏ ရိုးရာယဉ်ကျေးမှု အလေ့အထများ၊ ၁၂ လရာသီ ပွဲတော်များနှင့် ပတ်သက်သည့် ပွဲအစီအစဉ်များကို တင်ဆက်ပြုလုပ်ပေးလျက်ရှိသည်။ မတ် ၃ ရက်တွင် Hinamatsuri (Girl's Festival) ဟိနပွဲတော် ကျရောက်မည်ဖြစ်၍ Hinamatsuri စကားဝိုင်းနှင့် workshopတို့ကို ပြုလုပ်သွားမည်ဖြစ်သည်။

ဟိနပွဲတော်သည် ဂျပန်၏ gosekku ငါးရာသီပွဲတော်များထဲမှ ပွဲတော်တစ်ခုဖြစ်ပြီး သမီးမိန်းကလေးများ ကျန်းကျန်းမာမာဖြင့် ကြီးပြင်းလာစေရန်နှင့် ကံကောင်းစေရန်အတွက် ဆုတောင်းသည့် ပွဲတော်ဖြစ်သည်။ ထိုနေ့တွင် ဟိနအရုပ်များဖြစ်သည့် ဂျပန်ဧကရာဇ်ဘုရင်နှင့် မိဖုရားအရုပ်များ၊ အပျိုတော်အရုပ်များ၊ နန်းတွင်းဂီတပညာရှင်အရုပ်များနှင့် အခြားနန်းတွင်းအခြွေအရံအရုပ်များကို သမီးမိန်းကလေးများရှိသည့်အိမ်၌ အလှဆင်ကြသည်။

Hinamatsuri စကားဝိုင်းတွင် ဂျပန်လူမျိုး volunteer တစ်ဦးမှ ဟိနပွဲတော်အကြောင်းကို မိတ်ဆက်ရှင်းပြမည်ဖြစ်သည်။

ထို့နောက် game၊ quiz အစီအစဉ်များ ပါဝင်မည်ဖြစ်ပြီး ဟိနပွဲတော်နေ့တွင် စားကြမည့် မုန့်များ၊ သောက်စရာများကို မြည်းစမ်းကြည့်ကြမည်ဖြစ်သည်။

ဟိနပွဲတော်ကို မတ် ၄ ရက် နံနက် ၁၀ နာရီတွင် ဂျပန်ဖောင်ဒေးရှင်းရန်ကုန် ဂျပန်ယဉ်ကျေးမှုစင်တာ အမှတ် (၇၀) နတ်မောက်လမ်းသွယ် (၁) ဗဟန်းမြို့နယ်၌ ကျင်းပမည်ဖြစ်ကာ လူဦးရေ ၃၀ သာ တက်ရောက်ခွင့်ပြုမည်ဖြစ်ပြီး https://forms.gle/Jhva9cWsUDj66YaA6 လင့်ခ်တွင် စာရင်းပေးသွင်းရမည်ဖြစ်ကြောင်း သိရသည်။

**မျိုးမင်းသူရ**



## လပွတ္တာမြို့နယ်၌ ပလတ်စတစ်အိတ်မသုံးစွဲရေး အသိပညာပေးလှုပ်ရှားမှု ပြုလုပ်

**လပွတ္တာ မတ် ၁**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်၌ ပလတ်စတစ်အိတ်မသုံးစွဲရေး အသိပညာပေးလှုပ်ရှားမှုကို ယနေ့ နံနက် ၈ နာရီတွင် ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသူရမှ ဦးဆောင်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒေါ်လေးမြမြဦးနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ မီးသတ်တပ်ဖွဲ့များနှင့် ရပ်ကွက်နေပြည်သူများ ပူးပေါင်း၍ မြို့ဝင် / ထွက်၌လမ်းသွားလမ်းလာများ၊ ခရီးသွားပြည်သူများနှင့် ဒေသခံများအား ပလတ်စတစ်အမှိုက်များ စည်းကမ်းမဲ့ မစွန့်ပစ်ကြရန် အသိပညာပေးပြောကြားပြီး လမ်းမကြီးတစ်လျှောက် ပလတ်စတစ် အမှိုက်များစုပေါင်းကောက်ယူခဲ့ကြကာ မြို့နယ်အတွင်း ပလတ်စတစ်ကင်းစင်ရေးကို တာဝန်ရှိသူများက အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# လုပ်ငန်းခွင်အေးချမ်းသာယာရေး အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းပေး

သဒ္ဒါ

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုသည် ယင်းနိုင်ငံ၏ ကုန်ထုတ်စွမ်းအား တိုးတက်မြင့်မားမှု၊ ဝန်ဆောင်မှုအရည်အသွေး တိုးတက်မြင့်မားမှုတို့အပေါ် တည်မှီနေပြီး နိုင်ငံတိုင်းတွင် ကာယအား၊ ဉာဏအားဖြင့် အလုပ်သမားများက အရည်အသွေးကောင်းမွန်သည့် ထုတ်ကုန်များကို ဖန်တီးဖော်ဆောင်လျက်ရှိရာ အလုပ်သမားအင်အားထုကြီးအား ဥပဒေနှင့်အညီ ခံစားခွင့်များရရှိရေး၊ သင့်တင့်မျှတသော လုပ်ငန်းခွင်ဖြစ်ပေါ်စေရေး၊ လုပ်ငန်းခွင် အေးချမ်းသာယာရေးနှင့် အလုပ်ရှင်နှင့် အလုပ်သမားများအကြား လုပ်ငန်းခွင်ဆက်ဆံရေး ကောင်းမွန်စေရေးတို့အတွက် အလုပ်သမားဝန်ကြီးဌာနက လုပ်ငန်းခွင်အတွင်း ဖြစ်ပွားသည့် အလုပ်သမားရေးရာအငြင်းပွားမှုများကို အလုပ်သမားရေးရာအငြင်းပွားမှု ဖြေရှင်းရေးယန္တရားဖြင့် ဖြေရှင်းခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

## ဦးစီးဌာနဖွဲ့စည်းမှုနှင့် ဥပဒေပြဋ္ဌာန်းမှု

အလုပ်သမားဝန်ကြီးဌာနသည် အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေး ဥပဒေပါကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ယခင်ဗဟိုဝါဏိဇ္ဇပဋိပက္ခမှုကော်မတီရုံးကို အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာနအဖြစ် ၁-၃-၂၀၁၂ ရက်နေ့တွင် အမည်ပြောင်းလဲပြင်ဆင်ဖွဲ့စည်းခဲ့သည်။

အလုပ်ရှင်၊ အလုပ်သမားအကြား ပေါ်ပေါက်လာသည့် အငြင်းပွားမှုများကို ဖြေရှင်းနိုင်ရန်အတွက် ပြည်ထောင်စုလွှတ်တော်သည် အလုပ်သမားများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရန်၊ အလုပ်ရှင်နှင့် အလုပ်သမားများအကြား ဆက်ဆံရေး ကောင်းမွန်ပြီး လုပ်ငန်းခွင်အေးချမ်းသာယာစေရန် အလုပ်ရှင်နှင့် အလုပ်သမား အငြင်းပွားမှုအား တရားမျှတစွာ ဖြေရှင်းဆောင်ရွက်ပေးခြင်းဖြင့် ရပိုင်ခွင့်များကို မျှတမှန်ကန်စွာနှင့် မြန်ဆန်စွာရရှိခံစားနိုင်စေရန်ဟူသော ရည်ရွယ်ချက်ဖြင့် ၂၀၁၂ ခုနှစ် အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာနက စည်းကြပ်ဆောင်ရွက်လျက်ရှိသည်။

## အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့များ ဖွဲ့စည်းမှုအခြေအနေများ

အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး ဥပဒေအရ အငြင်းပွားမှုများကို ဖြေရှင်းနိုင်ရန် အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီ ၃၇၃၄ ခု၊ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ ၃၂၅ ဖွဲ့၊ ပြည်ထောင်စုနယ်မြေ(နေပြည်တော်) အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ် ခုံသမာဓိအဖွဲ့ ၁၅ ဖွဲ့၊ ခုံသမာဓိကောင်စီတစ်ဖွဲ့ကို ဖွဲ့စည်းထားရှိပြီး အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာန၏ တာဝန်ခံအရာရှိများသည် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေး အဖွဲ့များနှင့် ခုံသမာဓိအဖွဲ့များတွင် အတွင်းရေးမှူးများအဖြစ် ပါဝင်ဆောင်ရွက်လျက်ရှိပြီး ခုံသမာဓိကောင်စီတွင် ယင်းဦးစီးဌာနရှိ ဝန်ထမ်းများက ရုံးလုပ်ငန်းများကို အထောက်အကူပြု ဆောင်ရွက်ပေးလျက်ရှိသည်။

## အငြင်းပွားမှုအမျိုးအစားများ

အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး ဥပဒေအရ လုပ်ငန်းခွင်အတွင်းဖြစ်ပွားသည့် အလုပ်သမားရေးရာအငြင်းပွားမှုများအနက် ဥပဒေပါ ရပိုင်ခွင့်နှင့်သက်ဆိုင်သည့် အခွင့်အရေးဆိုင်ရာ အငြင်းပွားမှုများကို သက်ဆိုင်ရာဦးစီးဌာနများက စည်းကြပ်သည့်ဥပဒေများနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးပြီး အကျိုးစီးပွားဆိုင်ရာ အငြင်းပွားမှုများကို အငြင်းပွားမှုဖြေရှင်းရေးယန္တရားဖြင့် ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိသည်။

## လုပ်ငန်းခွင်အတွင်းညှိနှိုင်းဆွေးနွေးစေခြင်းနှင့် အလုပ်သမားရေးရာလုပ်ငန်း ညှိနှိုင်းရေးကော်မတီ ဖွဲ့စည်းခြင်း

ဖွံ့ဖြိုးပြီးနိုင်ငံများတွင် အလုပ်သမားရေးရာ အငြင်းပွားမှုများအား လုပ်ငန်းခွင်အဆင့် ကနဦးဆွေးနွေးညှိနှိုင်းကြသည့်အတွက် လုပ်ငန်းခွင် အေးချမ်းသာယာမှုရှိပြီး ကုန်ထုတ်လုပ်မှုတိုးတက်လျက်ရှိသောကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်လျက်ရှိကြောင်း တွေ့ရှိရသည်။ နိုင်ငံတော်အစိုးရအနေဖြင့် လုပ်ငန်းခွင်အဆင့် အပြန်အလှန်ဆွေးနွေးညှိနှိုင်းသည့် Bipartite စနစ် အလေ့အထကောင်းများ ဖန်တီးဖော်ဆောင်နိုင်ရန်အတွက် အားပေးတိုက်တွန်းလျက်ရှိသည်။

အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး ဥပဒေပုဒ်မ ၃ အရ အလုပ်ရှင်၊ အလုပ်သမားများသည် လုပ်ငန်းခွင်အတွင်း ကနဦးဆွေးနွေးညှိနှိုင်းနိုင်ရေး အလုပ်သမား ၃၀ နှင့်အထက် အလုပ်လုပ်ကိုင်နေသောလုပ်ငန်းများတွင် အလုပ်သမားရေးရာလုပ်ငန်းညှိနှိုင်းရေးကော်မတီ (Workplace Coordinating Committee – WCC) ကို ဖွဲ့စည်းရမည်ဖြစ်ပြီး ဖွဲ့စည်းရန်ပျက်ကွက်ပါက ပုဒ်မ ၄၆(ခ)အရ အနည်းဆုံး ကျပ် သုံးသိန်းမှ အများဆုံး ကျပ် ဆယ်သိန်းအထိ ငွေဒဏ်ချမှတ်ခံရမည်ဖြစ်ပြီး ထပ်မံကျူးလွန်ပါက ပုဒ်မ ၄၆-က(ခ)အရ အနည်းဆုံး ကျပ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်း ၃၀ အထိ ငွေဒဏ်ချမှတ်ခံရမည်ဖြစ်သည့်အတွက် ဥပဒေအရ သတ်မှတ်အလုပ်သမားဦးရေရှိသည့် လုပ်ငန်းများအနေဖြင့် WCC ကို မဖြစ်မနေဖွဲ့စည်းရန် လိုအပ်သည်။

ထိုသို့ဖွဲ့စည်းနိုင်ရေးအတွက် အလုပ်သမားအဖွဲ့အစည်းရှိပါက အဖွဲ့အစည်းတစ်ခုချင်းက အဆိုပြုသည့် အလုပ်သမားကိုယ်စားလှယ် သုံးဦးစီနှင့် အလုပ်သမားကိုယ်စားလှယ်ဦးရေနှင့် အရေအတွက်တူညီသည့် အလုပ်ရှင်ကိုယ်စားလှယ်များဖြင့်လည်းကောင်း၊ အလုပ်သမားအဖွဲ့အစည်းမရှိလျှင် အလုပ်သမားများက ရွေးချယ်ပေးသော အလုပ်သမားကိုယ်စားလှယ် သုံးဦးနှင့် အလုပ်ရှင်ကိုယ်စားလှယ် သုံးဦးဖြင့်လည်းကောင်း ဖွဲ့စည်းရမည်ဖြစ်သည်။ သတ်မှတ်အလုပ်သမားဦးရေ ၃၀ မပြည့်မီသည့်လုပ်ငန်းများတွင် WCC ဖွဲ့စည်းနိုင်ခြင်းမရှိသော်လည်း လုပ်ငန်းခွင်အတွင်း အလုပ်ရှင်၊ အလုပ်သမား နှစ်ဖက်ဆွေးနွေးညှိနှိုင်းမှုပြုနိုင်သည်။

လက်ရှိကာလ၌ အလုပ်သမား ၃၀ နှင့်အထက်ရှိသော စက်ရုံ၊ အလုပ်ရုံ ၃၉၁၇ ရုံတွင် WCC ၃၇၃၄ ဖွဲ့ ဖွဲ့စည်းပြီးဖြစ်သည်။

အလုပ်ရှင်၊ အလုပ်သမားအကြား လုပ်ငန်းခွင်အတွင်း ဆွေးနွေးညှိနှိုင်းမှုပြုလုပ်ခြင်းဖြင့် ပူးပေါင်းဆောင်ရွက်သည့် အလေ့အထအားကောင်းလာခြင်း၊ ကောင်းမွန်သောလုပ်ငန်းခွင်ဆိုင်ရာ ရလဒ်များ ရရှိနိုင်ခြင်း၊ မြို့နယ်အဆင့်သို့ တိုက်ရိုက်တင်ပြတိုင်ကြားသော အငြင်းပွားမှုများ လျော့ကျနိုင်ခြင်း၊ လုပ်ငန်းခွင်အတွင်း အပြန်အလှန် ယုံကြည်မှုတိုးတက်စေပြီး အလုပ်သမားများအတွက် လုပ်ငန်းခွင်ပျော်ရွှင်မှုရှိခြင်းဖြင့် ထုတ်ကုန်များကို ပိုမိုထုတ်လုပ်နိုင်မည်ဖြစ်သကဲ့သို့ အလုပ်ရှင်များအနေဖြင့်လည်း လုပ်ငန်းအကျိုးအမြတ်များစွာ ရရှိနိုင်မည်ဖြစ်သည်။ သို့ဖြစ်၍ အလုပ်ရှင်များအနေဖြင့် အလုပ်သမား ၃၀ နှင့်အထက်ရှိသော စက်ရုံ၊ အလုပ်ရုံများတွင် WCC အဖွဲ့များ မဖြစ်မနေ ဖွဲ့စည်းထားရှိပေးရန် လိုအပ်သည်။

အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး ဥပဒေအရ အလုပ်ရှင်နှင့် အလုပ်သမားအကြား ဖြစ်ပွားသော အငြင်းပွားမှုများကို အခွင့်အရေးဆိုင်ရာအငြင်းပွားမှုနှင့် အကျိုးစီးပွားဆိုင်ရာ အငြင်းပွားမှုဟူ၍ အမျိုးအစားနှစ်မျိုး ခွဲခြားထားသည်ကို တွေ့ရှိရကြောင်း၊ အခွင့်အရေးဆိုင်ရာအငြင်းပွားမှုများကို သက်ဆိုင်ရာဦးစီးဌာနများ သို့မဟုတ် စီရင်ပိုင်ခွင့်ရှိသော တရားရုံးတွင် နစ်နာသူက လျှောက်ထားတောင်းဆိုနိုင်ပြီး အကျိုးစီးပွားဆိုင်ရာ အငြင်းပွားမှုကို မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့တွင် ဖျန်ဖြေ၍ ပြေလည်မှုရရှိပါက နှစ်ဖက်သဘောတူစာချုပ် ချုပ်ဆိုပြီး ပြေလည်မှုမရပါက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ခုံသမာဓိအဖွဲ့၊ ခုံသမာဓိကောင်စီအဆင့်ဆင့်တို့က စစ်ဆေးဆုံးဖြတ်ပေးလျက်ရှိသည်။

## အခွင့်အရေးဆိုင်ရာအငြင်းပွားမှုများအား ဆောင်ရွက်နိုင်မှုအခြေအနေများ

အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး ဥပဒေပုဒ်မ ၁၂(ခ) အရ အလုပ်သမားရေးရာလုပ်ငန်းညှိနှိုင်းရေးကော်မတီတွင် ပြေလည်မှုမရရှိသည့် အငြင်းပွားမှုများနှင့်စပ်လျဉ်း၍ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၏ လုပ်ငန်းတာဝန်များနှင့် အကျုံးမဝင်သည့် အငြင်းပွားမှုများ၊ အခွင့်အရေးဆိုင်ရာအငြင်းပွားမှုများနှင့် အလုပ်သမားရေးရာလုပ်ငန်းညှိနှိုင်းရေးကော်မတီ၏ စုပေါင်းသဘောတူညီချက်ကို လိုက်နာမှုမရှိ၍ တိုင်ကြားလာသည့် အချက်များသည် တည်ဆဲအလုပ်သမားဥပဒေပါ ရပိုင်ခွင့်ဆိုင်ရာကိစ္စရပ်များဖြစ်ပါက သက်ဆိုင်ရာဦးစီးဌာနများ၊ စီရင်ပိုင်ခွင့်ရှိသော တရားရုံးသို့ လျှောက်ထားနိုင်သည်။

အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး ဥပဒေပုဒ်မ ၂၃ အရ အလုပ်ရှင် သို့မဟုတ် အလုပ်သမား တစ်ဖက်ဖက်သည် အခွင့်အရေးဆိုင်ရာ အငြင်းပွားမှုနှင့်စပ်လျဉ်း၍ မကျေနပ်သူကိုယ်တိုင်ဖြစ်စေ၊ တရားဝင်လွှဲအပ်ထားသော ကိုယ်စားလှယ်ဖြင့်ဖြစ်စေ သက်ဆိုင်ရာဦးစီးဌာနများ သို့မဟုတ် စီရင်ပိုင်ခွင့်ရှိသော တရားရုံးသို့ လျှောက်ထားနိုင်သည်။

## အကျိုးစီးပွားဆိုင်ရာအငြင်းပွားမှုများအား ဆောင်ရွက်နိုင်မှုအခြေအနေများ

အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး ဥပဒေပုဒ်မ ၂၄ အရ အကျိုးစီးပွားဆိုင်ရာ အငြင်းပွားမှုဖြစ်ပါက လက်ခံရရှိသည့်နေ့ရက်မှ ခုနစ်ရက်အတွင်း ပြေငြိမ်းစေရန် ဖျန်ဖြေပေးပြီး ပြေငြိမ်းမှုရရှိပါက ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ ရှေ့မှောက်တွင် နှစ်ဖက်သဘောတူစာချုပ် ချုပ်ဆိုရမည်ဖြစ်သည်။ သတ်မှတ်ရက်အတွင်း ပြေငြိမ်းမှုရရှိအောင် ဖျန်ဖြေခြင်းမပြုနိုင်သည့်အခါ အလုပ်ရှင်၊ အလုပ်သမား နှစ်ဦးနှစ်ဖက်လုံးက ဆက်လက်ဖျန်ဖြေပေးစေလိုကြောင်း တောင်းဆိုလျှင် ပြေငြိမ်းမှုရသည်အထိ ဖျန်ဖြေပေးနိုင်သည်။

အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး ဥပဒေပုဒ်မ ၂၆ အရ ပြေငြိမ်းမှုမရသည့်အချက်များ အပေါ် သုံးသပ်အကြံပြုချက်ပါဝင်သော အသေးစိတ်အစီရင်ခံစာနှင့်အတူ အမှုတွဲအား တရားဝင်ရုံးပိတ်ရက်များမပါ နှစ်ရက်အတွင်း သက်ဆိုင်ရာခုံသမာဓိအဖွဲ့သို့ လွှဲပြောင်းပေးအပ်ရမည်ဖြစ်ကြောင်း၊ ပုဒ်မ ၂၇ အရ သက်ဆိုင်ရာခုံသမာဓိအဖွဲ့သည် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့က လွှဲအပ်သော အကျိုးစီးပွားဆိုင်ရာ အငြင်းပွားမှုအား လက်ခံရရှိသည့်နေ့ရက်မှ ခုနစ်ရက်အတွင်း ဆုံးဖြတ်ချက်ချမှတ်ရမည်ဖြစ်သည်။

အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေး ဥပဒေပုဒ်မ ၂၈ အရ ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်ကို မကျေနပ်ပါက အငြင်းပွားသူများသည် ခုံသမာဓိအဖွဲ့၏ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့ရက်မှ ခုနစ်ရက်အတွင်း ခုံသမာဓိကောင်စီ၏ အဆုံးအဖြတ်ခံယူရန် အငြင်းပွားသူတစ်ဖက်ဖက်မှ လျှောက်ထားနိုင်သည်။ စာမျက်နှာ ၁၉ သို့ ❖

> "အလုပ်ရှင်၊ အလုပ်သမားများအနေဖြင့် နှစ်ဦးနှစ်ဖက်ပွင့်လင်းမြင်သာမှုရှိပြီး အပြန်အလှန် ယုံကြည်မှုနှင့် အပြုသဘောဆောင်၍ ငြိမ်းချမ်းစွာလုပ်ဆောင်ခြင်း၊ အလုပ်သမားများအနေဖြင့် တည်ဆဲအလုပ်သမားဥပဒေများနှင့်အညီ အကျိုးခံစားခွင့်များမရရှိပါက မိမိတို့၏ အလုပ်ရှင်များထံ အေးချမ်းစွာတင်ပြတောင်းဆိုရန်လိုအပ်ပြီး အလုပ်ရှင်ကလည်း အလုပ်သမားများ၏ တင်ပြချက်များကိုလက်ခံ၍ နှစ်ဖက်ဆွေးနွေးညှိနှိုင်းမှုများ ဆောင်ရွက်ကြရန်လိုအပ်သည်။ နှစ်ဖက်ညှိနှိုင်း၍ ပြေလည်မှုမရရှိပါက အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေအရ ဖျန်ဖြေဆုံးဖြတ်ပေးမှု ခံယူခြင်းကို လုပ်ဆောင်ပါက အလုပ်ရှင်၊ အလုပ်သမားများအကြား ပဋိပက္ခများလျော့နည်း၍ လုပ်ငန်းခွင်ဆက်ဆံရေးကောင်းမွန်ကာ ကုန်ထုတ်လုပ်မှုတိုးတက်လာမည်"

❖ စာမျက်နှာ ၁၈ မှ

အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး ဥပဒေပုဒ်မ ၃၁ အရ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့သည် လွှဲပြောင်းလာသည့် အငြင်းပွားမှုကို လက်ခံရရှိသည့်နေ့ရက်မှ ၁၄ ရက်အတွင်း ဆုံးဖြတ်ချက်ချမှတ်ရမည်ဖြစ်ပြီး အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၃၂ အရ မရှိမဖြစ်လိုအပ်သည့် ဝန်ဆောင်မှုလုပ်ငန်းဖြစ်ပါက အငြင်းပွားမှုကို လက်ခံရရှိသည့်နေ့ရက်မှ ခုနစ်ရက်အတွင်း ဆုံးဖြတ်ချက်ချမှတ်ရမည်ဖြစ်သည်။

အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး ဥပဒေပုဒ်မ ၃၄ အရ ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်ကို နှစ်ဖက်အငြင်းပွားသူများက သဘောတူလျှင် သို့မဟုတ် အငြင်းပွားသူတစ်ဖက်ဖက်က သတ်မှတ်ကာလအတွင်း ခုံသမာဓိကောင်စီသို့ တင်ပြလျှောက်ထားခြင်းမရှိလျှင် ယင်းဆုံးဖြတ်ချက်သည် ချမှတ်သည့်နေ့မှစ၍ အတည်ဖြစ်ကြောင်း တွေ့ရှိရသည်။

အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး ဥပဒေပုဒ်မ ၃၇ အရ အတည်ဖြစ်ပြီးသည့် ဆုံးဖြတ်ချက်တစ်ရပ်ကို အငြင်းပွားမှုနှင့် သက်ဆိုင်သူအားလုံး၊ အငြင်းပွားမှုတွင်ပါဝင်သော အလုပ်ရှင်၏ ဥပဒေအရ တရားဝင်ဆက်ခံသူများ၊ အငြင်းပွားမှုဖြစ်ပွားသောအချိန်တွင် သို့မဟုတ် အငြင်းပွားမှုဖြစ်ပွားပြီးနောက် လုပ်ငန်းတွင် အလုပ်လုပ်ကိုင်နေကြသော အလုပ်သမားများအားလုံးက လိုက်နာရမည်ဖြစ်သည်။

အလုပ်မှရပ်စဲခံရသော အလုပ်သမားများနှင့် ပတ်သက်၍ အလုပ်ရှင်ကပေးရမည့် နစ်နာကြေးနှုန်းထားများကို ဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် (၈၄/၂၀၁၅)ဖြင့် ၃-၇-၂၀၁၅ ရက်နေ့တွင် သတ်မှတ်ထုတ်ပြန်ခဲ့သည်။ အလုပ်ရှင်သည် အလုပ်သမားများအား အလုပ်မှ ရပ်စဲခြင်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ တစ်ဆက်တည်း လုပ်သက်ရှိသူများအတွက် နောက်ဆုံးထုတ်လစာ (အချိန်ပိုကြေးမပါ)ဖြင့် အောက်ဖော်ပြပါ နစ်နာကြေးနှုန်းထားများအတိုင်းပေးရမည်ဖြစ်သည် -

(က) လုပ်သက် ခြောက်လပြည့်ပြီး တစ်နှစ်မပြည့်ပါက နစ်နာကြေးလဝက်လစာ
(ခ) လုပ်သက် တစ်နှစ်ပြည့်ပြီး နှစ်နှစ်မပြည့်ပါက နစ်နာကြေးတစ်လစာ
(ဂ) လုပ်သက် နှစ်နှစ်ပြည့်ပြီး သုံးနှစ်မပြည့်ပါက နစ်နာကြေးတစ်လခွဲစာ
(ဃ) လုပ်သက် သုံးနှစ်ပြည့်ပြီး လေးနှစ်မပြည့်ပါက နစ်နာကြေးသုံးလစာ
(င) လုပ်သက် လေးနှစ်ပြည့်ပြီး ခြောက်နှစ်မပြည့်ပါက နစ်နာကြေးလေးလစာ
(စ) လုပ်သက် ခြောက်နှစ်ပြည့်ပြီး ရှစ်နှစ်မပြည့်ပါက နစ်နာကြေးငါးလစာ

| စဉ် | ခုနှစ် | ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ | | ခုံသမာဓိအဖွဲ့ | | ခုံသမာဓိကောင်စီ | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| | | လက်ခံရရှိမှု | ဖြေရှင်းပြီးစီးမှု | လက်ခံရရှိမှု | ဖြေရှင်းပြီးစီးမှု | လက်ခံရရှိမှု | ဖြေရှင်းပြီးစီးမှု | |
| ၁ | ၂၀၁၂ | ၉၆၅ | ၉၄၉ | ၅၇ | ၄၇ | ၁၉ | ၁၆ | |
| ၂ | ၂၀၁၃ | ၉၀၂ | ၇၉၇ | ၁၃၂ | ၁၂၄ | ၅၅ | ၅၄ | |
| ၃ | ၂၀၁၄ | ၈၅၂ | ၇၁၅ | ၁၂၂ | ၁၁၁ | ၄၂ | ၄၂ | |
| ၄ | ၂၀၁၅ | ၁၀၁၈ | ၈၅၃ | ၁၆၇ | ၁၄၉ | ၇၅ | ၆၃ | |
| ၅ | ၂၀၁၆ | ၁၂၃၈ | ၁၀၆၁ | ၁၉၁ | ၁၇၂ | ၁၁၀ | ၁၀၂ | |
| ၆ | ၂၀၁၇ | ၁၁၄၂ | ၉၅၁ | ၂၁၉ | ၂၀၅ | ၉၆ | ၉၂ | |
| ၇ | ၂၀၁၈ | ၁၄၈၆ | ၁၃၆၀ | ၁၃၄ | ၁၃၂ | ၆၈ | ၆၈ | |
| ၈ | ၂၀၁၉ | ၁၀၄၅ | ၉၄၇ | ၁၀၁ | ၈၃ | ၃၅ | ၃၂ | |
| ၉ | ၂၀၂၀ | ၁၆၃၁ | ၁၂၀၅ | ၄၂၀ | ၃၆၃ | ၂၁၅ | ၂၀၆ | |
| ၁၀ | ၂၀၂၁ | ၃၈၃ | ၃၀၂ | ၁၃၄ | ၁၂၆ | ၆၀ | ၅၅ | |
| ၁၁ | ၂၀၂၂ | ၃၄၁ | ၂၇၃ | ၇၄ | ၇၄ | ၅၀ | ၄၉ | |
| စုစုပေါင်း | | ၁၁၀၀၃ | ၉၄၁၃ | ၁၇၅၁ | ၁၅၈၆ | ၈၂၅ | ၇၇၉ | |

(ဆ) လုပ်သက် ရှစ်နှစ်ပြည့်ပြီး ဆယ်နှစ်မပြည့်ပါက နစ်နာကြေးခြောက်လစာ
(ဇ) လုပ်သက် ဆယ်နှစ်ပြည့်ပြီး နှစ် ၂၀ မပြည့်ပါက နစ်နာကြေးရှစ်လစာ
(ဈ) လုပ်သက် နှစ် ၂၀ ပြည့်ပြီး ၂၅ နှစ်မပြည့်ပါက နစ်နာကြေးဆယ်လစာ
(ည) လုပ်သက် ၂၅ နှစ်နှင့်အထက်ရှိပါက နစ်နာကြေး ၁၃ လစာ

အလုပ်သမားရေးရာ အငြင်းပွားမှုများကို ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၊ ခုံသမာဓိအဖွဲ့နှင့် ခုံသမာဓိကောင်စီတို့က အငြင်းပွားမှုဖြေရှင်းရေးယန္တရားဖြင့် ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၂ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့များက အငြင်းပွားမှု ၁၁၀၀၃ မှုကို ညှိနှိုင်းပေးခဲ့ပြီး အလုပ်သမား ၁၃၈၃၃၈ ဦးအတွက် ငွေကြေးခံစားခွင့် ကျပ်သန်း ၂၅၇၇၅ ဒသမ ၉၆၆၊ US$ 416271.72 နှင့် ဘတ် ၁၂၁၁၆၆ ခံစားခွင့်ရရှိစေခဲ့ကြောင်း၊ ခုံသမာဓိအဖွဲ့များက အငြင်းပွားမှု ၁၇၅၁ မှုကို စစ်ဆေးဆုံးဖြတ်ပေးခဲ့ပြီး အလုပ်သမား ၇၅၁၂ ဦးအတွက် ငွေကြေးခံစားခွင့် ကျပ်သန်း ၁၀၂၂ ဒသမ ဝ၅၄ နှင့် US$ 11895 ခံစားခွင့်ရရှိစေခဲ့ကြောင်း၊ ခုံသမာဓိကောင်စီက အငြင်းပွားမှု ၈၂၅ မှုကို စစ်ဆေးဆုံးဖြတ်ပေးခဲ့ပြီး အလုပ်သမား ၁၁၁၂၃ ဦးအတွက် ငွေကြေးခံစားခွင့် ကျပ်သန်း ၂၁၄၉ ဒသမ ၄၀၂ နှင့် US$ 112472.760 ခံစားခွင့်ရရှိစေခဲ့သည်။

## လုပ်ငန်းခွင်အေးချမ်းသာယာရေးအတွက် အကြံပြုချက်များ

(က) စက်ရုံ၊ အလုပ်ရုံများတွင် WCC ဖွဲ့စည်းရန်လိုအပ်ပြီး အလုပ်သမားရေးရာ အငြင်းပွားမှုဖြစ်ပွားပါက အဆိုပါအဖွဲ့တွင် အလုပ်ရှင်နှင့် အလုပ်သမားကိုယ်စားလှယ်များက နှစ်ဦးနှစ်ဖက်ဆွေးနွေးခြင်း (Bipartite Process) ကို ကနဦးလုပ်ဆောင်သင့်သည်။
(ခ) အလုပ်သမားများအနေဖြင့် မိမိတို့၏လိုလားချက်များကို ဥပဒေနှင့်အညီ တင်ပြရန်လိုအပ်သကဲ့သို့ အလုပ်ရှင်နှင့် စီမံခန့်ခွဲရေးကိုယ်စားလှယ်များဖြစ်သော HR များ၊ မန်နေဂျာများကလည်း အလုပ်သမားဥပဒေများကို လေးစားလိုက်နာရန် လိုအပ်သည်။
(ဂ) အလုပ်ရှင်၊ အလုပ်သမားများအနေဖြင့် တည်ဆဲအလုပ်သမားဥပဒေများကိုလေးစားလိုက်နာရန်လိုအပ်ပြီး ဥပဒေပါရပိုင်ခွင့်များကို အပြည့်အဝရရှိနိုင်ရေး ဆောင်ရွက်ပေးရန် လိုအပ်သည်။
(ဃ) အလုပ်သမားများက ဥပဒေနှင့်အညီ တောင်းဆိုမှုများ ပြုလုပ်နိုင်ရန်အတွက် သက်ဆိုင်ရာဌာနများအနေဖြင့် စက်ရုံ၊ အလုပ်ရုံများတွင် အသိပညာပေးဆွေးနွေးမှုများကို စဉ်ဆက်မပြတ်လုပ်ဆောင်ပေးရန် လိုအပ်သည်။
(င) အလုပ်သမားဥပဒေများအား သိရှိနိုင်ရန်အတွက် စက်ရုံ၊ အလုပ်ရုံများတွင် ပြုလုပ်သည့် အသိပညာပေးဆွေးနွေးပွဲများကို အလုပ်ရှင်၊ ၎င်း၏ စီမံခန့်ခွဲရေးကိုယ်စားလှယ်များ၊ အလုပ်သမားအဖွဲ့အစည်းဝင်များ၊ WCC ဝင်များ မဖြစ်မနေတက်ရောက်ရန် လိုအပ်သည်။

အလုပ်သမားရေးရာပြဿနာများနှင့်ပတ်သက်သည့် အလုပ်ရှင်၊ အလုပ်သမားများက နစ်နာချက်များအား တိုင်ကြားရာတွင် စက်ရုံ၊ အလုပ်ရုံတည်ရှိရာ မြို့နယ်များရှိ အလုပ်သမားဝန်ကြီးဌာနလက်အောက်မှ မည်သည့်ဦးစီးဌာန/ အဖွဲ့ရုံးများသို့မဆို သွားရောက်၍ တိုင်ကြားနိုင်ကြောင်း သိရသည်။ အလုပ်ရှင်၊ အလုပ်သမားများအနေဖြင့် နှစ်ဦးနှစ်ဖက် ပွင့်လင်းမြင်သာမှုရှိပြီး အပြန်အလှန်ယုံကြည်မှုနှင့် အပြုသဘောဆောင်၍ ငြိမ်းချမ်းစွာ လုပ်ဆောင်ခြင်း၊ အလုပ်သမားများအနေဖြင့် တည်ဆဲအလုပ်သမားဥပဒေများနှင့်အညီ အကျိုးခံစားခွင့်များ မရရှိပါက မိမိတို့၏ အလုပ်ရှင်များထံ အေးချမ်းစွာတင်ပြတောင်းဆိုရန်လိုအပ်ပြီး အလုပ်ရှင်ကလည်း အလုပ်သမားများ၏ တင်ပြချက်များကို လက်ခံ၍ နှစ်ဖက်ဆွေးနွေးညှိနှိုင်းမှုများ ဆောင်ရွက်ကြရန် လိုအပ်သည်။ နှစ်ဖက်ညှိနှိုင်း၍ ပြေလည်မှုမရရှိပါက အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေအရ ဖျန်ဖြေဆုံးဖြတ်ပေးမှုခံယူခြင်းကို လုပ်ဆောင်ပါက အလုပ်ရှင်၊ အလုပ်သမားများအကြား ပဋိပက္ခများ လျော့နည်း၍ လုပ်ငန်းခွင်ဆက်ဆံရေးကောင်းမွန်ကာ ကုန်ထုတ်လုပ်မှု တိုးတက်လာမည်ဖြစ်ပြီး နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်မည့်အပြင် လုပ်ငန်းခွင်အေးချမ်းသာယာလာမည်မှာ အမှန်ကေန်ပင်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

---

**❍ မန်စီးတီးအသင်းမှ**

အခုပွဲစဉ်မှာ သွင်းဂိုးနှစ်ဂိုးသွင်းယူပေးနိုင်ခဲ့တဲ့ ကွင်းလယ်တိုက်စစ် ကစားသမား ဖီးလ်ဖိုဒန်ဟာ မန်စီးတီးအသင်းက ဘုန်းမောက်အသင်းနဲ့ ပွဲစဉ်မှာ သွင်းဂိုးတစ်ဂိုးသွင်းယူနိုင်ခဲ့တာကြောင့် လေးရက်တာကာလအတွင်းမှာ မန်စီးတီးအသင်းနဲ့အတူ သွင်းဂိုးသုံးဂိုးအထိ သွင်းယူနိုင်ခဲ့ပြီဖြစ်ပါတယ်။

**ကွာတားဖိုင်နယ်အဆင့် တက်လှမ်း**

အခြားသော အက်ဖ်အေဖလား ပဉ္စမအဆင့်ပွဲစဉ်တွေမှာတော့ ဘရိုက်တန်အသင်းက စတုတ်စီးတီးအသင်းကို တစ်ဂိုး-ဂိုးမရှိ၊ ဘလက်ဘန်းအသင်းက လက်စတာစီးတီးအသင်းကို နှစ်ဂိုး-တစ်ဂိုး၊ ဖူလ်ဟမ်အသင်းက လိဒ်စ်ယူနိုက်တက်အသင်းကို နှစ်ဂိုး-ဂိုးမရှိ စသဖြင့် အသီးသီးအနိုင်ရရှိခဲ့တာကြောင့် ဘရိုက်တန်အသင်း၊ ဘလက်ဘန်းအသင်းနဲ့ ဖူလ်ဟမ်အသင်းတို့ကလည်း အက်ဖ်အေဖလား ကွာတားဖိုင်နယ်အဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့တာဖြစ်ပါတယ်။

**ငွေကြယ်**

---

**☆ ကျောဖုံးမှ**

ကေသွယ်ဖြိုးဦး (အား/ကာသိပ္ပံ ရန်ကုန်)၊ ဝေဟင်ဖြိုး (Sports and Education FC)၊ စန္ဒာလင်း (အား/ကာ သိပ္ပံ မန္တလေး)၊ မေသက်မွန်မြင့် (သစ္စာအားမာန် အက်ဖ်စီ)၊ ရွှေ့တန်း – ဇင်မိုးပြည့်၊ ယုယနိုင် (Y.R.E.O FC)၊ ယဉ်လွန်းအိမ် (ISPE FC)၊ ယွန်းဝတီလှိုင် (အား/ကာ သိပ္ပံ မန္တလေး)တို့ ပါဝင်သည်။ မြန်မာ ယူ-၂၀ အမျိုးသမီးအသင်းသည် ပဏာမကစားသမား ၃၀ မှ ခုနစ်ဦးလျှော့ချကာ အပြီးသတ်ကစားသမား ၂၃ ဦး ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

အာရှဖလား ယူ-၂၀ အမျိုးသမီးခြေစစ်ပွဲကို အုပ်စုရှစ်ခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အုပ်စု (G) တွင် ကမ္ဘောဒီးယား၊ မလေးရှားအသင်းတို့နှင့် ကျရောက်နေသည်။ မြန်မာအသင်းသည် အုပ်စုပွဲများအဖြစ် မတ် ၈ ရက်တွင် ကမ္ဘောဒီးယားအသင်း၊ မတ် ၁၂ ရက်တွင် မလေးရှားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**သတင်း- ကိုညီလေး၊ ဓာတ်ပုံ- MFF**


ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံ့ကျေးရွာ ဂျာနယ်

ထွက်ရှိ




၁-၃-၂၀၂၃ ရက်နေ့ထုတ် အတွဲ (၂၀)၊ အမှတ် (၅) တွင်
- လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တောင်သူဦးကြီးတို့၏ အခန်းကဏ္ဍ
- ဖုံလုံသီး (ပဲလင်းမြွေသီး) စိုက်ပျိုးနည်း
- ကြက်ဟင်းခါး စိုက်ပျိုးရောင်းချခြင်းဖြင့် မိသားစုစားဝတ်နေရေး အဆင်ပြေ
- မက်မန်းမြို့၌ ငှက်ပျောပင်များစိုက်ပျိုးခြင်းဖြင့် မိသားစုအပိုဝင်ငွေရရှိ
- ရှမ်းရွာသစ်မြို့တွင် ဆိတ်များ တစ်နိုင်တစ်ပိုင် တိုးချဲ့မွေးမြူလာ
- ဝက်တွင်ကျရောက်တတ်သော ရောဂါများ
- အန္တရာယ်ရှိသော အချိုမှုန့်
- ပဲပင်ပေါက်အစွမ်း အုံ့မခန်းအပါအဝင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး သုတရသစုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ပါသည်။

တစ်စောင် (၂၅၀) ကျပ်

အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။

DKY Journal


---

## နွေကာလတွင် ဖြစ်ပေါ်တတ်သည့် မိုးလေဝသဖြစ်စဉ်များနှင့် ပတ်သက်၍ ကြိုတင်သတိပေးနှိုးဆော်ချက်

နေပြည်တော် မတ် ၁

မြန်မာနိုင်ငံအရပ်ရပ်တွင် နွေကာလဖြစ်သည့် မတ်လ၊ ဧပြီလနှင့် မေလများအတွင်း နေ့အပူချိန်များ တဖြည်းဖြည်း မြင့်တက်လာရာမှ အပူပျံတက်တိမ်များဖြစ်ထွန်း၍ မွန်းလွဲ/ ညနေပိုင်းတို့တွင် မိုးတိမ်တောင်များ ဖြစ်ပေါ်နိုင်ပြီး၊ အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာ နေရာတစ်လျှောက်တွင် လေပြင်းများ တိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ ထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သည်။ လေပြင်းတိုက်ခတ်စဉ် မြေပြင်/ရေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

မိုး/ဇလ

ပြည်တွင်းအခွန်များဦးစီးဌာန

## အောင်ဘာလေသိန်းဆုဌာနခွဲ

**(၄၈) ကြိမ်မြောက် ကျပ် (၁၀၀၀)တန် ထီပေါက်စဉ် ၂၀၂၃ ခုနှစ် မတ်လ (၁) ရက်နေ့** *အခမဲ့ထုတ်ဝေသည်*

**အထူးဆုကြီး ကျပ်သိန်း (၅၀၀၀) ဆု**

က - ၉၅၄၃၉၅

**အထူးဆုကြီး ကျပ်သိန်း (၁၀၀၀) ဆု**

ခ - ၇၀၂၉၈၉

**ဆုတစ်ဆုချင်း ကျပ်သိန်း(၅၀၀)ဆုများ**

ဂ - ၂၉၀၉၉၆
ဂ - ၂၉၆၀၁၆
ဂ - ၆၇၈၆၉၁
ဃ - ၉၅၂၇၈၄

**ဆုတစ်ဆုချင်းကျပ်သိန်း(၂၀၀)ဆုများ**

ဂ - ၃၄၁၉၄၁ ခ - ၇၀၅၅၄၂
င - ၃၉၂၁၉၃ က - ၉၂၁၅၇၈
ဃ - ၆၀၃၄၀၃

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲစုစုပေါင်းတန်ဖိုး (ဘဏ္ဍာသိမ်းရငွေများအပါအဝင်) အား ပြန်လည်အစားထိုး ဖွင့်လှစ်ပေးသည့် ကျပ်သိန်း(၂၀၀)ဆု (၂)ဆု

ဂ - ၄၀၉၀၄၄ င - ၈၅၆၂၁၄

**ဆုတစ်ဆုချင်းကျပ်သိန်း(၁၀၀)ဆုများ**

ခ - ၁၈၁၅၁၆ င - ၄၇၅၉၂၃ က - ၇၀၈၉၁၂
ဆ - ၂၃၀၉၇၂ ဂ - ၅၁၈၂၈၇ က - ၇၇၉၇၀၂
စ - ၄၇၃၃၃၇ က - ၇၀၁၇၅၉ ခ - ၉၂၆၁၈၈

**ဆုတစ်ဆုချင်း ကျပ်သိန်း(၅၀)ဆုများ**

ခ - ၁၆၂၄၅၇ ဆ - ၇၁၂၄၃၅
စ - ၂၈၆၄၄၀ ဆ - ၇၇၅၉၁၉
င - ၄၈၇၄၆၈ ဂ - ၈၆၈၃၉၅
ခ - ၅၃၆၇၀၉ ဂ - ၉၇၆၉၁၃
ဃ - ၅၃၇၇၄၁

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲစုစုပေါင်းတန်ဖိုး (ဘဏ္ဍာသိမ်းရငွေများအပါအဝင်)အားပြန်လည်အစားထိုးဖွင့်လှစ်ပေးသည့် ကျပ်သိန်း (၅၀)ဆု (၁)ဆု

ဆ - ၉၈၄၈၈၀

**ဆုတစ်ဆုချင်း ကျပ်သိန်း(၂၀)ဆုများ**

ခ - ၁၀၁၅၆၆ င - ၇၃၅၄၁၅
ခ - ၁၄၅၂၉၄ ဆ - ၇၃၇၃၀၁
စ - ၃၂၁၅၁၇ က - ၇၄၄၇၉၉
ဂ - ၄၄၂၅၂၃ ဆ - ၈၃၀၉၁၂
ဂ - ၄၄၆၈၆၉ က - ၉၂၃၀၄၂
ခ - ၅၆၉၁၅၂ င - ၉၃၇၉၀၉
င - ၆၄၂၄၅၄

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲစုစုပေါင်းတန်ဖိုး (ဘဏ္ဍာသိမ်းရငွေများအပါအဝင်)အားပြန်လည်အစားထိုးဖွင့်လှစ်ပေးသည့် ကျပ်သိန်း (၂၀)ဆု (၁)ဆု

က - ၆၇၅၂၂၆

**ဆုတစ်ဆုချင်း ကျပ်(၁၀)သိန်းဆုများ**

ဂ - ၁၂၄၉၀၉ က- ၅၈၃၀၅၀ င - ၈၄၂၁၈၆
င - ၂၅၅၂၅၃ ဃ- ၆၉၈၂၁၂ ဂ - ၈၉၁၉၆၀
က- ၃၁၂၂၄၁ စ - ၇၀၂၉၇၇ ဆ- ၉၁၃၃၁၄
ခ - ၅၇၇၃၉၂ ဂ - ၇၄၇၂၃၀ ဆ- ၉၅၉၁၈၁
ဆ- ၅၈၁၃၇၄ ဂ - ၇၄၈၂၁၈

**ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ(၃)ယူနစ်**

ခ - ၄၃၅၀၁
ခ - ၄၈၇၃၈
စ - ၈၂၈၅၅

အကွာရာနှင့်ရှေ့ဂဏန်း(၅)လုံးအစဉ်လိုက်တူ - ကျပ်(၃)သိန်း

**ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ(၃)ယူနစ်**

ဆ - ၁၈၈၅
စ - ၂၀၉၂
က - ၆၄၇၈

အကွာရာနှင့်ရှေ့ဂဏန်း(၄)လုံးအစဉ်လိုက်တူ - ကျပ်(၂)သိန်း

**ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ(၉)ယူနစ်**

ဃ - ၂၈၀ က - ၆၂၃
င - ၄၇၁ က - ၈၁၈
ခ - ၅၇၄ ဃ - ၉၂၄

အကွာရာနှင့်ရှေ့ဂဏန်း(၃)လုံး အစဉ်လိုက်တူ - ကျပ်(၁)သိန်း

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲစုစုပေါင်းတန်ဖိုး (ဘဏ္ဍာသိမ်းရငွေများအပါအဝင်) အား ပြန်လည်အစားထိုး ဖွင့်လှစ်ပေးသည့် ကျပ်(၁)သိန်းဆုများ (၃)ယူနစ်

ခ - ၆၅၃ ဆ - ၆၅၅ စ - ၉၅၂

**ဝေဝေဆာဆာပဒေသာ ကျပ်(၅)သောင်းဆုများ(၁)ယူနစ်**

က - ၅၃

အကွာရာနှင့်ရှေ့ဂဏန်း(၂)လုံး အစဉ်လိုက်တူ - ကျပ်(၅)သောင်း

**ဝေဝေဆာဆာပဒေသာ ကျပ်(၁)သောင်းဆုများ(၁)ယူနစ်**

ဆ - ၄

အကွာရာနှင့်ရှေ့ဂဏန်း(၁)လုံး အစဉ်လိုက်တူ - ကျပ်(၁)သောင်း

## ဘဏ္ဍာသိမ်းရငွေမှ ပြန်လည် ချီးမြှင့်သောဆုမဲများ

**ဆုတစ်ဆုချင်း ကျပ် (၁၀) သိန်းဆုများ**

ဂ - ၃၂၅၅၂၂ ဃ - ၈၃၄၄၄၁ ဂ - ၉၁၅၉၄၂ ဂ - ၉၆၅၀၉၁

**ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ (၅)ယူနစ်**

ခ - ၁၄၆၉၂ ဂ - ၇၀၈၉၉ ခ - ၈၉၃၄၆
ဂ - ၄၇၁၅၁ င - ၈၂၂၆၇

အကွာရာနှင့်ရှေ့ဂဏန်း(၅)လုံးအစဉ်လိုက်တူ - ကျပ်(၃)သိန်း

**ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ (၄)ယူနစ်**

င - ၃၉၂၇ ဂ - ၄၉၈၈
က - ၄၂၅၄ စ - ၉၆၇၄

အကွာရာနှင့်ရှေ့ဂဏန်း(၄)လုံးအစဉ်လိုက်တူ - ကျပ်(၂)သိန်း

၁။ ၂၀၂၃ ခုနှစ်၊ မတ် လ (၁)ရက်နေ့တွင် ကျင်းပသည့် အောင်ဘာလေသိန်းဆုဖွင့်ပွဲတွင် (၄၈) ကြိမ်မြောက် ကျပ် (၁၀၀၀)တန်အတွက် ဆုမဲ (၉၈၃၀၉)ဆု ဖွင့်လှစ်ပေးခဲ့ပါသည်။

၂။ ၂၀၂၃ ခုနှစ်၊ ဧပြီ လ (၁)ရက်နေ့တွင် ဖွင့်လှစ်မည့် (၄၉)ကြိမ်မြောက် ကျပ်(၁၀၀၀)တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲအတွက် ဖြန့်ဝေရောင်းချပေးမည့် အက္ခရာများမှာ (က) အက္ခရာမှ (ဆ) အက္ခရာထိ အက္ခရာ (၇)လုံး ဖြစ်ပါသည်။

၃။ (၄၈)ကြိမ်မြောက် ကျပ်(၁၀၀၀)တန် ဆုမဲများအနက် ကျပ် (၁၀)သိန်းနှင့်အထက် ဆုမဲများ အား ထီဆုငွေ ထုတ်ပေးခြင်းကို ( ၃-၃-၂၀၂၃ ) ရက်နေ့မှ စတင်၍ ဆောင်ရွက်ပေးမည် ဖြစ်ပြီး ကျန်ဆုမဲများအား ထီဆုငွေ ထုတ်ပေးခြင်းကို ( ၁၀-၃-၂၀၂၃ ) ရက်နေ့မှစ၍ လက်ခံဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်းနှင့် ဆုငွေများကို ကိုယ်တိုင်ဖြစ်စေ၊ တရားဝင် ကိုယ်စားလှယ်လွှဲစာဖြင့်ဖြစ်စေ နိုင်ငံသားစိစစ်ရေးကတ် မူရင်း/မိတ္တူ၊ အိမ်ထောင်စုစာရင်း မူရင်း/မိတ္တူ၊ (၆)လ အတွင်းရိုက်ကူးထားသည့် လိုင်စင်ဓာတ်ပုံ(၃)ပုံ တင်ပြရန် လိုအပ်ပါသည်။

အောင်ဘာလေသိန်းဆုဌာနခွဲ

**အောင်ဘာလေသိန်းဆု ထီပေါက်စဉ်အား www.ird.gov.mm တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။**

## ဒဂုံ(ဆိပ်ကမ်း)၊(၆၈)ရပ်ကွက်၊အမှတ်(၂၆၈)ရှိ(၁၀ပေ×၆၀ပေ) မြေကွက်ဝယ်မည်။ ကန့်ကွက်နိုင်သည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၆၈)၊ ရွှေရတနာလမ်း၊ မြေကွက်အမှတ်(၂၆၈)၊ မြေအကျယ်(အလျား၄၀ပေ×အနံ၆၀ပေ)ရှိသည့် မြေကွက်အတွင်းမှ တရားဝင်မခွဲမစိတ်ရသေးသည့်၊ ခွဲစိတ်မြေကွက်(၃)ကွက်ရှိသည့် အနက်မှ အလယ်မြေကွက် (အလျား၁၀ပေ×အနံ၆၀ပေ)မြေကွက်ကို ပါမစ်အမည်ပေါက် "ဦးသိန်းဖဲ" ထံမှ တစ်ဆင့် (၁)ဒေါ်မြင့်မြင့်၊ (၂)ဦးပေါက်စ (၃)ဒေါ်သက်နွယ်ဝင်း(၄)ဦးအေးဝင်း(၅) ဒေါ်သန်းစိန် (၁၂/သကတ(နိုင်)၁၆၄၆၅၉)တို့က စာချုပ် အဆက်အစပ်ဖြင့် အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်ခဲ့ကြပြီး ယခုအခါ ကျွန်ုပ်တို့မိတ်ဆွေ "ဒေါ်ခိုင်သဇင်လင်း" (၁၂/ဒဂတ(နိုင်)၀၆၆၂၃၁)က "ဒေါ်သန်းစိန်" ထံမှ ထပ်မံဝယ်ယူရန် စရန်ငွေများ ပေးချေထားပြီးဖြစ်သည်။ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက် အတွင်း ကျွန်ုပ်တို့ထံလာရောက်၍ ပါမစ်(မူရင်း) စာချုပ်စာတမ်း(မူရင်း)များ ပြသကန့်ကွက်နိုင်သည်။ ကန့်ကွက်သူမရှိပါက "မြေကွက်" အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်စန္ဒာရာမြင့်အောင်(မောင်ကောင်းဇေ)** LLB.,DML (စဉ်-၄၉၀၈/၈၉)

လွှဲအပ်ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေများ

**ဦးတင်မောင်မြင့်(ကြယ်နီလေး)** LLB.,DIL (စဉ်-၇၇၀၅/၁၀)

Online အိမ်ခြံမြေသင်တန်းနှင့် law firm

ရုံး - ၈၃/၁၀၊ဒုတိယထပ်၊ပန်းဆိုးတန်းလမ်း၊ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။
အိမ် - ၁၇၆၆၊ ဧရာဝဏ်ဆက်စပ်လမ်း၊(၅၅)ရပ်ကွက်၊ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ 09 251015089,09 780555924

## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၆)၊ ရွှေဝါလမ်းနှင့် လှိုင်ကော်လမ်းမကြီးထောင့်၊ မြေကွက်အမှတ်(၁၁၆၈)၊ အကျယ်အဝန်း (၄၅ပေx၆၀ပေ)ရှိ ဦးကြည်ထွန်း [၁၂/လသန(နိုင်)၀၀၁၉၈၂]၊ ဒေါ်ရွှေလီ [၁/မကန (ဧည့်)၀၀၁၄၇၀]တို့ အမည်ပေါက် နှစ် (၆၀)မြေငှားဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦများအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်၏ အထွေထွေ ကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးသိမ်းစိုး [၁၂/လမတ (နိုင်)၀၃၀၀၈၁]မှ တရားဝင် ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုကမ်းလှမ်းရာ ၎င်းထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ တရားဝင်ခိုင်လုံသောစာရွက်စာတမ်း၊ အထောက်အထားမူရင်းများနှင့် (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဖြူပွင့်ခိုင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၇၈၁)**
**အမှတ်(၁၂)၊ လုပ်သားလမ်း၊ (င/က)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၄၂၉၅၆၄၆၃၃၊ ၀၉- ၇၈၉၇၁၄၁၆၅**

## ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ (၄)ရပ်ကွက်၊ အနော်ရထာလမ်း (ပန်းဆိုးတန်းလမ်းထောင့်)၊ ဒုတိယထပ် (၃)လွှာ ( ဝဲ ) ထောင့်ခန်း၊ တိုက်အမှတ် (၁၂၂) ဟု ခေါ်တွင်သော အကျယ်အဝန်း ( ၁၄'× ၄၈') ရှိ တိုက်ခန်းအား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ (၄)ရပ်ကွက်၊ အနော်ရထာလမ်း (ပန်းဆိုးတန်းလမ်းထောင့်)၊ ဒုတိယထပ် (၃)လွှာ ( ဝဲ ) ထောင့်ခန်း၊ တိုက်အမှတ် (၁၂၂) ဟု ခေါ်တွင်သော အကျယ်အဝန်း ( ၁၄ ' × ၄၈ ') ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် တပ်ဆင်အသုံးပြုထားသော ရေမီးအပါအဝင် ပိုင်ဆိုင်ခွင့်၊ သုံးစွဲခွင့်၊ လက်ရှိထားပိုင်ခွင့်၊ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင်စီမံခန့်ခွဲ လွှဲပြောင်းရောင်းချခွင့်ရှိသည်ဟု ပြောဆိုသူ ဦးထိန်ဝင်း၊ ဒေါ်ဆွေဇင်ဝင်း၊ ဦးထိန်လင်းတို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေအနက်မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကိစ္စနှင့်စပ်လျဉ်း၍ အကျိုးခံစားခွင့်အရပ်ရပ်တို့တွင် ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ဦးထိန်ဝင်း၊ ဒေါ်ဆွေဇင်ဝင်း၊ ဦးထိန်လင်းတို့၏ ရောင်းချခြင်းကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှု စာရွက်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်း မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဦးမျိုးဝင်း၏လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဒေါ်အိစန္ဒာကျော် | ဒေါ်မိုးခြူးခြူးဇင် |
| တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၂၇၀) | တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၃၅၂) |

အမှတ်(၅၃)၊ ၄၁ လမ်း၊ (၇)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း- ၀၉-၇၉၃၂၂၆၀၀၃၊ ၀၉-၄၂၀၁၀၀၀၀၁၄

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၂၉-B)၊ လူနေရပ်ကွက်အမှတ်(လေးဒေါင့်ကန်)၊ သဇင် (၄)လမ်း၊ မြေကွက်အမှတ်(၁၁) ယခုအခေါ်မြေကွက်အမှတ်(၂၅၁)၊ သဇင်(၄)လမ်း၊ လေးဒေါင့်ကန်ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ မြေအကျယ်အဝန်း (၁၀၅/၁၁၀ ပေ x ၁၁၉/၁၁၆ ပေ)ရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ယခုလက်ရှိ လက်ဝယ်ပိုင်ဆိုင်ထားသူဖြစ်သော ဒေါ်နန်ဘူ [၁/မကန(နိုင်)၀၅၂၉၀၃]မှ မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်း နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယဉ်ယဉ်ကြည်(LL.B)**
**(စဉ်-၁၁၄၀၆)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ၀၉-၄၃၁၁၄၆၅၄၊**
**၀၉-၇၉၅၆၀၁၈၆၃၊ ၀၉-၇၉၆၃၉၈၀၂၁**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၅)၊ ဦးတင်အေးလမ်း၊ မြေကွက်အမှတ်(၅၄၆)၊ မြေအကျယ်အဝန်း (၂၀ပေ x ၆၀ပေ)၊ (ခြေရင်းခြမ်း)၊ မြေကွက်အမှတ်(၅၄၄)နှင့် ကပ်လျက်ဘက်အခြမ်းရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် ဒေါ်ခင်ဝင်း (AA-၀၆၇၃၅၄) [၁၂/ကမရ(နိုင်) ၀၂၅၈၅၀]အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ နှစ်ဦးသဘောတူ အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်လှလှဝင်း [၁၁/မပန(နိုင်)၀၀၃၅၂၀]မှ မိမိတစ်ဦးတည်း သာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယဉ်ယဉ်ကြည်(LL.B)**
**(စဉ်-၁၁၄၀၆)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၄၃၁၁၄၆၅၄၊ ၀၉-၇၉၅၆၀၁၈၆၃၊ ၀၉-၇၉၆၃၀၈၀၂၁**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်"

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ၁၈/D ရပ်ကွက်၊ သုခရတနာလမ်း၊ အမှတ်(၁၀၃၄)၊ မြေအကျယ်အဝန်း (၄၀x၆၀)ပေရှိသည့် အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော (၁၀x၆၀)ပေ (ခေါင်းရင်းဘက်ခြမ်း)ရှိ ဦးအောင်မြင့်(၄) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ခိုင်ခိုင်ဝင်း [၁၂/ဒဂန(နိုင်)၀၂၀၁၀၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်လှလှနွယ်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၇၈၇)**
**တိုက်အမှတ်-၉/၁၁၊ အခန်း-၁၀၃/E၊ ၃၆ လမ်းတို၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၉၅၃၁၃၉၃၇၅၊ ၀၉-၇၈၁၄၃၅၄၇၄**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ ဗိုလ်ချုပ်နယ်မြေ (၁၃)၊ အေးသာယာရပ်ကွက်၊ သဇင်(၁၃)လမ်း၊ ဦးပိုင်အကွက်အမှတ် (F-118) (F-119)၊ စလစ်မြေအမျိုးအစား၊ ဧရိယာ(၀.၁၁) ကေပေါ်ရှိ ဦးစိန်ဝင်း၊ ဒေါ်အေးမြိုင် အမည်ပေါက်ဖြင့် (အလျား ၄၀ပေxအနံ ၁၂၀) ပေ အနက်မှ ဒေါ်ခင်မြင့်ကြည် လက်ရှိထား လက်ဝယ်ပိုင်ဆိုင်လျက်ရှိသော ဦးပိုင်အမှတ် (F-118)၊ ဧရိယာ ၀.၀၅၅)၊ (အလျား ၄၀ပေx အနံ ၆၀ပေ)နှင့် ၎င်းမြေကွက်ပေါ်ရှိ တိုက်ခံအိမ်**အား ဒေါ်ခင်မြင့်ကြည်မှ ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြီး အပြီးအပိုင် ရောင်းချရန် ကမ်းလှမ်းလာသည့်အလျောက် ကျွန်ုပ်၏မိတ်ဆွေ ဦးချမ်းစိမ့်မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများ ရှိပါက ဤကြေညာပါသည့်ရက်မှ (၁၄)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို တည်ဆဲဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးချမ်းစိမ့်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နှင်းယုလှိုင် (LL.B)**
**(အထက်တန်းရှေ့နေ) (စဉ်-၅၀၁၀၅)**
**C-42၊ ဖန်ချက်ဝန်ထမ်းအိမ်ရာ၊ သန်လျင်မြို့**
**ဖုန်း- ၀၉-၂၆၂၅၅၁၁၀၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ ဗိုလ်ချုပ်နယ်မြေ (၁၃)၊ အေးသာယာရပ်ကွက်၊ သဇင်(၁၂)လမ်း၊ ဦးပိုင်အကွက်အမှတ် (F-118) (F-119)၊ စလစ်မြေအမျိုးအစား၊ ဧရိယာ (၀.၁၁)ကေပေါ်ရှိ ဦးစိန်ဝင်း၊ ဒေါ်အေးမြိုင် အမည်ပေါက်ဖြင့် (အလျား ၄၀ပေx အနံ ၁၂၀ပေ)အနက်မှ ဒေါ်ခင်မြင့်ကြည် လက်ရှိထားလက်ဝယ်ပိုင်ဆိုင်လျက်ရှိသော ဦးပိုင်အမှတ် (F-119) (အလျား ၄၀ပေxအနံ ၆၀ပေ)၊ ဧရိယာ (၀.၀၅၅)ရှိ မြေကွက်အား ဒေါ်ခင်မြင့်ကြည်မှ ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံပြီး အပြီးအပိုင် ရောင်းချရန် ကမ်းလှမ်းလာသည့်အလျောက် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်မျိုးသန့်မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို တည်ဆဲဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ခင်မျိုးသန့်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နှင်းယုလှိုင်(LL.B)**
**(အထက်တန်းရှေ့နေ)(စဉ်-၅၀၁၀၅)**
**C-42၊ ဖန်ချက်ဝန်ထမ်းအိမ်ရာ၊ သန်လျင်မြို့။ ဖုန်း-၀၉-၂၆၂၅၅၁၁၀၇**

## "တိုက်ခန်းဝယ်ယူမည်"ဖြစ်ပါ၍ ကန့်ကွက်နိုင်ကြောင်း အများသိရှိနိုင်စေရန် ကြေညာခြင်း

ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်အေးအေးမြင့် [၁၁/မပန(နိုင်) ၀၄၂၁၆၅]သည် **"ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၈)ရပ်ကွက်၊ နဝရတ်(၄)လမ်း၊ အမှတ်(၂၉၄)၊ မြေတိုင်းအမှတ် (၈)၊ မြေကွက်အမှတ် (၂၉၄) ပေါ်တွင်ဆောက်လုပ်ထားသော (RC)၊ ၃-ခန်းတွဲ၊ (၃)ထပ်တိုက်၏ မြေညီထပ် (အလယ်ခန်း) ဟုခေါ်တွင်သော အကျယ် (၁၂.၈ပေ x ၅၄ပေ)၊ အမြင့် (၁၄)ပေရှိ တိုက်ခန်း(၁)ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး"** တို့အား တရားဝင်ပိုင်ဆိုင်သူဖြစ်သော ဦးအေးမင်းထွဋ် [၁၀/မဒန(နိုင်) ၁၁၇၅၈၂]ထံမှ တရားဝင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ကျွန်ုပ်တို့ထံသို့ ခိုင်လုံသည့် စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ဤသတင်းစာကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စ အထမြောက်စေရန်အတွက် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်မေသဉ္ဇာသိန်း(LL.B)** | **ဒေါ်ပွင့်သူဇာ(LL.B)** |
| **(စဉ်-၁၄၅၉၈)** | **(စဉ်-၁၄၅၉၂)** |

**တရားလွှတ်တော်ရှေ့နေများ**
**Law Garden Law Firm**
**အမှတ်(၃၄၅)၊ နဝရတ်(၃)လမ်းအောက်၊ (၈)ရပ်ကွက်၊**
**သာကေတမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၄၂၁၁၀၇၂၀၄၊ ၀၉-၂၆၂၆၈၅၇၄၄၊ ၀၉-၂၆၄၆၉၇၉၀၉**

# ဥတုရာသီ တောကိုမှီ၏

## ပျောက်ဆုံးကြောင်း

ဒေါ်ခင်သူဇာဖြိုး [၁၂/လသယ(နိုင်)၀၄၂၆၉၃]ကိုင်ဆောင်သော Passport စာအုပ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၈၂၃၆၂၀၃၃**

## ပျောက်ဆုံးကြောင်း

မောင်စန်းမင်းပိုင် [၁၂/မဂဒ(နိုင်)၁၃၃၂၇၃] ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph: 09-779906829**

## အများသိစေရန်ကြေညာခြင်း

တွံတေးမြို့နယ်၊ အုန်းပင်စုရပ်ကွက်နေ အဖ ဦးထွန်းရီ [၁၂/တတန(နိုင်)၀၀၈၆၆၉]၊ အမိ ဒေါ်တင်ကြည် (S/KGN-054095)၏ သားသမီးများဖြစ်ကြသော ၁။ ဒေါ်သန့် [၁၂/တတန(နိုင်)၀၀၈၆၅၇] ၂။ ဦးကျော်သက် [၁၂/တတန(နိုင်)၀၅၈၉၆၆] ၃။ ဦးကျော်စွာထွန်း[၁၂/တတန(နိုင်)၀၅၉၉၉၅]များက အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

တွံတေးမြို့နယ်၊ အုန်းပင်စုရပ်ကွက်နေ အဖ ဦးထွန်းရီ [၁၂/တတန(နိုင်)၀၀၈၆၆၉]၊ အမိ ဒေါ်တင်ကြည် (S/KGN 054095) လင်မယားနှစ်ဦးမှ ထွန်းကားခဲ့သော သားသမီးအရင်း (၃)ဦးမှာ ကျွန်တော်/ကျွန်မတို့ မောင်နှမအရင်း(၃)ဦး ဖြစ်ပါကြောင်း၊ အခြားမည်သူတစ်ဦးတစ်ယောက်မှ မရှိပါကြောင်း၊ မိမိတို့အား ဂုဏ်သိက္ခာနှင့် အကျိုးစီးပွားကိုထိခိုက်ညှိုးနွမ်းအောင် ပြောဆိုဆောင်ရွက်ပါက ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**၁။ ဒေါ်သန့်[၁၂/တတန(နိုင်)၀၀၈၆၅၇]**
**၂။ ဦးကျော်သက်[၁၂/တတန(နိုင်)၀၅၈၉၆၆]**
**၃။ ဦးကျော်စွာထွန်း [၁၂/တတန(နိုင်)၀၅၉၉၉၅]**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ ရဲဘော်(၂)လမ်း၊ အမှတ်(က/၁၁၇၇)ဟုခေါ်တွင်သော အကျယ်အဝန်း(၂၄'x ၆၅')ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော နေအိမ်တစ်လုံး၊ ရေမီးစုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ပိုင်ဆိုင်သူ ဦးမောင်တိုး [၁၂/အစန(နိုင်)၀၉၀၂၁၄]နှင့် ဒေါ်မြင့်မြင့်အေး [၁၂/အစန(နိုင်)၀၉၃၁၅၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်စိုးအောင် [၇/ပတန(နိုင်)၀၉၉၈၂၁]က ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကိစ္စရပ်အား ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးစုစုလှိုင်(LL.B,D.I.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၄၇၂)**
**အင်းစိန်ရှေ့နေအသင်းရုံးခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်။**
**ဖုန်း- ၀၉-၂၅၃၈၀၇၆၇၀**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ အမှတ်-၆၁၁(က)၊ လွတ်လပ်ရေးလမ်း၊ ၁၅၅-ရပ်ကွက်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ်-၁၅၅၊ မြေကွက်အမှတ်-၆၁၁(က)၊ ဧရိယာ (၂၀x၆၀)ပေရှိ ပါမစ်မြေသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် မအရှာဘီဘီ [၁၂/ပဇတ(နိုင်)၀၁၅၅၇၀] အမည်ဖြင့် မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့် ဒေါ်တင်သန်း [၁၂/လမန(နိုင်)၀၂၉၈၃၉]မှ တရားဝင် ဝယ်ယူပိုင်ဆိုင်ထားပြီးပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံလျက် အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေမှလည်းဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သည့်မြေကွက်ကို စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။


**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဖြိုးဖြိုးမြင့် (LL.B )**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၇၆)**
**အမှတ်-၉၊ သီရိမြိုင်လမ်းမ၊ ၁၃-ရပ်ကွက်၊ လှိုင်မြို့နယ်။**
**ဖုန်း- ၀၉၄၃၁၁၅၄၃၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၀/က)ရပ်ကွက်၊ နန္ဒဝန်လမ်း၊ အမှတ်(၁၀၆/က)၊ အကျယ်အဝန်း ဧရိယာ (ပေ၂၀xပေ၆၀)ရှိ မြေကွက်နှင့် ယင်းမြေပေါ်တွင် တည်ဆောက်ထားသော အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချခွင့်ရှိသူဟု ဝန်ခံပြောဆိုသူ ဒေါ်တင်ကြိုင် [၁၂/ဒဂတ(နိုင်)၀၁၄၇၁၉]၊ ဦးဇော်မြင့်ထွန်း [၁၂/သဃက(နိုင်)၀၁၇၆၇၃]မှ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေ ဦးသီဟဇော် [၁၂/ဒဂတ(နိုင်)၀၆၇၆၆၅]ကလည်း ဝယ်ယူရန်အတွက် အိမ်နှင့်မြေ၏ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူရှိပါက ကျွန်ုပ်ထံသို့ဖြစ်စေ၊ ဝယ်ယူသူများထံသို့ဖြစ်စေ ခိုင်လုံသည့်စာချုပ်စာတမ်း အထောက်အထား(မူရင်း)များနှင့်အတူ ဤသတင်းစာကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူ မရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စ အထမြောက်စေရန်အတွက် ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသီဟဇော် [၁၂/ဒဂတ(နိုင်)၀၆၇၆၆၅]၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစည်သူကျော်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၅၂၇)**
**အမှတ်(ရ/၁၄)၊ မေတ္တာလမ်း၊ တိုးချဲ့(၄)ရပ်ကွက်၊ မှော်ဘီမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၇၉၄၆၀၂၁၄၀**




## ပျောက်ဆုံးကြောင်း

ဦးအောင်ရဲမင်း [၅/ဝသန(နိုင်)၀၅၅၇၇၆]ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ် (MB-594203) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph:09-972535042**

## ပျောက်ဆုံးကြောင်း

ဦးစောဂျေဆာဂေထူး [၇/တငန(နိုင်)၁၁၂၃၅၉] ကိုင်ဆောင်သော C.O.C(ALL IN ONE)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph:09-450654671**

## "ပျောက်ဆုံးကြောင်း"

ကျွန်မ အိဇူလိုင်ဖြိုး [၇/နတလ(နိုင်)၁၇၁၂၉၆]၏ Passport [PV MF 923513] သည် ခရီးသွားလာစဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph:09-782026247**

## ကုမ္ပဏီအမှတ်တံဆိပ်အမည် အမှတ်အသား သတိပေးကြေညာချက်

အမှတ် (၄၉)၊ (၁၀၁)လမ်း၊ ဖို့မြေရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် မှတ်ပုံတင် ရုံးခန်းဖွင့်လှစ်ထားသော **SUPER LIGHT DISTRIBUTION COMPANY LIMITED** (ကုမ္ပဏီမှတ်ပုံတင်အမှတ်-၁၀၄၇၉၇၀၉၁) သည် အောက်ဖော်ပြပါ ကုမ္ပဏီ အမှတ်တံဆိပ်အမည် အမှတ်အသားကို ရန်ကုန်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ၁၀-၂-၂၀၂၃ ရက်နေ့တွင် တစ်ဦးတည်းမူပိုင် ကုမ္ပဏီအမှတ်တံဆိပ်အမည် အမှတ်အသား အဖြစ် သုံးစွဲရန် တရားဝင်မှတ်ပုံတင်ပြီး ဖြစ်ပါသည်-

SL SUPER LIGHT DISTRIBUTION

**(မှတ်ပုံတင်အမှတ်- ၄/၁၅၉၈)**

အထက်ဖော်ပြပါ **"SL SUPER LIGHT DISTRIBUTION"** ဟူသော ကုမ္ပဏီ အမှတ်တံဆိပ် အမည်အမှတ်အသားကို အသုံးပြု၍ "အချိုရည်အမျိုးမျိုး၊ မုန့်အမျိုးမျိုး စသည့် စားသောက်ကုန်ပစ္စည်း အမျိုးမျိုး၊ လျှပ်စစ်ပစ္စည်းအမျိုးမျိုး" တို့အား ရန်ကုန်မြို့ နှင့်တကွ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတစ်ဝှမ်းတွင် ရုံးခန်းများဖွင့်လှစ်၍ Delivery ကားများဖြင့် တင်သွင်း၊ ဖြန့်ဖြူး၊ ရောင်းချလုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။ ၎င်းအမှတ်တံဆိပ် အမည် အမှတ်အသားဖြင့် ဆိုင်းဘုတ်၊ ဘလောက်၊ တီဗွီ၊ မဂ္ဂဇင်း၊ စာစောင်၊ ဗလာစာအုပ်၊ ကြော်ငြာ၊ ငွေပြေစာဖြတ်ပိုင်း၊ တံဆိပ်တုံး၊ Name card, Letter head, E-mail, Internet, Website, Logo, Invitation Letter, Social Media, Facebook အစရှိသည်တို့တွင်လည်း အသုံးပြုသွားမည် ဖြစ်ပါသည်။ ထို့အပြင် မိမိတို့ကုမ္ပဏီ၏ လုပ်ငန်းနှင့် ဆက်စပ်လျက်ရှိသော လုပ်ငန်းကိစ္စအဝဝတို့တွင်လည်း ၎င်းတံဆိပ်အမည် အမှတ်အသားကို အရွယ်အစားအမျိုးမျိုး၊ အရောင်အမျိုးမျိုး၊ ဒီဇိုင်းအမျိုးမျိုးတို့ကိုလည်း ပြုလုပ်ပြီးလျှင် ဖိနှိပ်၍၊ ကပ်နှိပ်၍၊ရိုက်နှိပ်၍၊ အသားတံဆိပ်ပြုလုပ်၍ အသုံးပြုသွားမည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ကုမ္ပဏီအမှတ်တံဆိပ်အမည် အမှတ်အသားအား တစ်စိတ်တစ်ဒေသ သော်လည်းကောင်း၊ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော် လည်းကောင်း၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှား ဖြစ်စေရန်ပြုလုပ်ခြင်းနှင့် အမှတ် တံဆိပ်ပိုင်ရှင်၏ ခွင့်ပြုချက်မရှိဘဲတုပသုံးစွဲခြင်းများတွေ့ရှိပါက တည်ဆဲဥပဒေများနှင့် အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**SUPER LIGHT DISTRIBUTION COMPANY LIMITED**

09-5120285

## အများသိစေရန် အသိပေးကြော်ငြာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၄၀၊ မြေကွက်အမှတ်-၆၇၅+၆၇၆၊ အကျယ်အဝန်း(၄၀ပေx၆၀ပေ)စီရှိ ပါမစ်မြေကွက်(၂) ကွက်နှင့် ယင်းမြေကွက်များပေါ်ရှိ အမှတ်(၆၇၅+၆၇၆)၊ သမာဓိလမ်း၊ ၁၄၀-ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ဟု ခေါ်တွင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ထုတ်ပေးသည့် မြေချပါမစ်တွင် ဒေါ်သောင်းရီ [၁၂/တမန(နိုင်)၀၆၉၃၇၇]မှ အမည်ပေါက်လျက်ရှိသော ပါမစ်မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်များအား အမည်ပေါက်ပိုင်ရှင်ထံမှ ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဦးစန်းနိုင် [၁၂/လကန(နိုင်)၀၇၀၃၃၁]ထံမှ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသအဖြစ် စရန်တန်ဖိုးငွေကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါ မြေကွက်(၂)ကွက်နှင့် ယင်းမြေကွက်များပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက စာချုပ်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သီတာအုန်း**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၆၃၀၇)**
**အမှတ်(၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ ၅၁-လမ်းနှင့် ၅၂-လမ်းကြား၊ (၁) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉ -၅၁၆၀၆၀၇**

## မသူဇာနှင့် အများသိစေရန်ကြေညာခြင်း

KMD Co.,Ltd ဒါရိုက်တာ ဦးမျိုးသိန်း၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေနံ့သာရပ်ကွက်၊ ဆွေတော်(၁၁)လမ်း၊ အမှတ်(၆၆၄)နေ မသူဇာ(အဖ) ဦးအေးဝင်း [၇/ပခန(နိုင်)၂၈၄၅၉၆] ကိုင်ဆောင်သူသည် KMD Co.,Ltd နေပြည်တော်ရုံးခွဲတွင် ကြီးကြပ်ရေးမှူး တာဝန်ထမ်းဆောင်ခဲ့ပါသည်။

မသူဇာ၏ လုပ်ငန်းတာဝန်မှာ KMD Co.,Ltd ပိုင် ပစ္စည်းရောင်းရငွေများ လက်ခံ၍ ကုမ္ပဏီမှ တာဝန်ရှိသူများထံ နေ့စဉ်ရောင်းရငွေများကို စာရင်းပြုစု ပေးသွင်းရပါသည်။ မသူဇာသည် ကုမ္ပဏီပိုင်ပစ္စည်းရောင်းရငွေများနှင့် အစိုးရတင်ဒါအတွက် တင်သွင်းထားပြီး ရရန်ရှိသော အာမခံငွေများကို ကုမ္ပဏီသို့ ပေးသွင်းရန် ပျက်ကွက်လျက်ရှိပါသည်။ မသူဇာအား ကုမ္ပဏီမှတာဝန်ရှိသူများက ဖုန်းအကြိမ်ကြိမ်ဆက်သွယ်ခြင်း၊ နည်းအမျိုးမျိုးဖြင့် ဆက်သွယ်ခဲ့သော်လည်း အဆက်အသွယ်မရရှိပါ။ ကုမ္ပဏီမှ တာဝန်ရှိသူများအား ခွင့်တိုင်ကြားမှုမရှိဘဲနှင့် ပျက်ကွက်ခဲ့သည်မှာ (၂၇-၁-၂၀၂၃)ရက်မှစ၍ ယနေ့ထိပင်ဖြစ်ပါသည်။ မသူဇာထံသို့ (၁၀-၂-၂၀၂၃)နေ့ရက်စွဲပါ အထက်တန်းရှေ့နေ ဦးရဲညွှန့်မှ ရှေ့နေနို့တစ်စာပေးပို့ခဲ့သော်လည်း မည်သို့မျှ ပြန်ကြားခြင်းမရှိပါ။

သို့ဖြစ်ပါ၍ ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း KMD Co.,Ltd ၏ တာဝန်ရှိသူများထံသို့ အမြန်ဆုံးလာရောက် ဆက်သွယ်ဖြေရှင်းပေးပါရန်နှင့် လာရောက်ဖြေရှင်းခြင်းမရှိပါက တည်ဆဲတရားဥပဒေနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း မသူဇာနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးရဲညွှန့်**
**အထက်တန်းရှေ့နေ(စဉ်-၉၆၄၁)**
**အမှတ်(၁၁၈)၊ ဒုတိယထပ်၊ ဦးချစ်မောင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၁၄၅၇၅၊ ၀၉-၇၈၄၈၉၉၂၅၅**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့ သုဝဏ္ဏမြို့နယ်၊ ဇေယျာသုခလမ်း၊ မြေညီ(A)၊ အမှတ်(၄၁)တွင် နေထိုင်သော ဦးထွန်းကြည်- ဒေါ်မြင့်ချိုတို့၏ သမီးဖြစ်သူ မသရဖီထွန်း [၁၂/အလန(နိုင်)၀၄၃၀၇၈]ကိုင်ဆောင်သူသည် မိဘများအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုမူသွားပါသောကြောင့် သမီးအဖြစ်မှ အပြီးအပိုင် စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စမှ (လုံးဝ) တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **ဦးထွန်းကြည်** | **ဒေါ်မြင့်ချို** |
| **[၁၂/အလန(နိုင်)၀၀၃၆၁၂]** | **[၁၂/တလန(နိုင်)၀၀၃၆၁၁]** |

## "ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း"

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်(၇)၊ မင်းရဲကျော်စွာ(၅)လမ်း၊ မြေကွက်အမှတ် (၁၇၂/က)ဟုခေါ်တွင်သော နှစ် (၆၀) ဂရန် အမည်ပေါက် ဒေါ်စန္ဒာအောင် [၁၂/ဥကတ(နိုင်)၀၂၇၇၅၈] အမည်ထွက်ရှိထားပြီး (အလျား ၂၀ပေx အနံ၆၀)ရှိ မြေနှင့် ၎င်းပေါ်တွင် ဆောက်လုပ်ထားသော အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဦးမြတ်ဦး(ခ) ဦးခင်မောင်[၁၂/ပဘတ(နိုင်)၀၁၄၂၃၆] မှ တရားဝင်ပိုင်ဆိုင်ပြီး၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြီး ရောင်းချရန် ကမ်းလှမ်းသဖြင့်၊ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ခိုင်လုံသော စာရွက်စာတမ်း (မူရင်း)အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်မာလာသန်းမြင့် (LL.B.,W.I.P.O) (Switzerland)**
**အထက်တန်းရှေ့နေ (စဉ်-၄၈၇၁၆)**
**အမှတ်(၅၁)၊ အနော်မာ(၁)လမ်း၊ ၁၃ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**
**ဖုန်း-၀၉-၂၅၄၀၇၀၁၈၀၊ ၀၉-၇၉၂၁၁၉၀၁၈**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
## အကောက်ခွန်ဦးစီးဌာန
## တိုင်းဒေသကြီးအကောက်ခွန်ဦးစီးဌာန
## ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့
## လေလံကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး အကောက်ခွန်ဦးစီးဌာနမှူးရုံးတွင် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားပြီးဖြစ်သော အဝတ်ဟောင်းထုပ် (စက်မှုကုန်ကြမ်း-ဘေထုပ်) (၄၅၁) ထုပ် Lot(1) နှင့် (၄၈၁)ထုပ် Lot(2) တို့ကို အများပြည်သူသို့ ဈေးပြိုင်လေလံစနစ်ဖြင့် မျက်မြင်အခြေအနေအတိုင်း လေလံတင်ရောင်းချသွားမည်ဖြစ်ပါသည်။ လေလံဆွဲလိုသူများသည် လေလံစည်းကမ်းနှင့် ပစ္စည်းစာရင်းများကို ၈-၃-၂၀၂၃ ရက်နေ့မှ ၁၀-၃-၂၀၂၃ ရက်နေ့ ရုံးချိန်အတွင်း ရန်ကုန်တိုင်းဒေသကြီး အကောက်ခွန်ဦးစီးဌာနမှူးရုံး၊ အမှတ်(၁၃၂)၊ တတိယထပ်၊ ကမ်းနားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့တွင် ဆက်သွယ်ဝယ်ယူပြီး ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါကြောင်း ကြေညာအပ်ပါသည်-

(၁) လေလံတင်ရောင်းချမည့်ရက် - ၁၆-၃-၂၀၂၃ရက် (ကြာသပတေးနေ့)

(၂) လေလံတင်ရောင်းချမည့်အချိန်- နံနက် (၁၀:၀၀) နာရီ

(၃) လေလံတင်ရောင်းချမည့်နေရာ- ထောက်ပံ့ရေးနှင့်ပို့ဆောင်ရေးဌာနခွဲ၊ အကောက်ခွန်ဦးစီးဌာန၊ အလုံသစ်တောလမ်း၊ ကွန်ကရစ်ကမ်းနားလမ်းပေါ်၊ စောရန်ပိုင် အနောက်ရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့

မှတ်ချက်။ လေလံတင်ရောင်းချမည့် ပစ္စည်းများအား ၁၅-၃-၂၀၂၃ ရက်နေ့ (၁၀:၀၀) နာရီမှ (၁၅:၀၀) နာရီအတွင်း ဂိုဒေါင်အမှတ် (၂၀၊ ၂၁)၊ သဇင်ရုံလမ်း၊ အမှတ်(၅) ရပ်ကွက်၊ စားသုံးသူရေးရာဦးစီးဌာန၊ နာဂသိုလှောင်ရုံအုပ်စုဝင်း၊ အနောက်ပိုင်းခရိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၌ လာရောက်ကြည့်ရှုနိုင်ပါသည်။

**လေလံတင်ရောင်းချရေးအဖွဲ့**
**ရန်ကုန်မြို့**
**ဖုန်း-၀၉-၇၆၆၆၆၇၇၀၇၊ ၀၁-၃၉၈၂၃၁**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၀ ရပ်ကွက်၊ ဇေယျာ(၉)လမ်း၊ အမှတ်(၃၈၇)ပေါ်တွင်ဆောက်လုပ်ထားသော ဧရိယာ(အလျား၁၈ပေ x အနံ၅၄ပေ)အကျယ်အဝန်းရှိ(၆)ထပ်တိုက် အဆောက်အဦ၏ တတိယထပ်/၄လွှာ တိုက်ခန်းအပါအဝင် ၎င်းတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်ခွင့်စာချုပ်စာတမ်း အဆက်ဆက်ဖြင့် တရားဝင်လက်ရှိ လုံးဝပိုင်ဆိုင်ပြီး ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုလျက် အပြီးအပိုင်လွှဲပြောင်းရန် အဆိုပြုကမ်းလှမ်းလာသူ ဦးသီဟဌေး [၉/တကန(နိုင်)၁၃၃၇၁၄](၎င်း၏အထွေထွေကိုယ်စားလှယ်လွှဲစာရသူ)ဒေါ်မြင့်မြင့်ခင် [၉/တကန(နိုင်)၀၀၄၀၈၈]ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးထွန်းကျော်ဦး [၉/ခအဇ(နိုင်)၀၃၃၄၂၇]က အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ပါသည်။

အဆိုပါတိုက်ခန်းအရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ အကျိုးတစ်စုံတစ်ရာသက်ဆိုင်သဖြင့် ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာကြေညာပါသည့်နေ့မှ(၁၀)ရက်အတွင်း ခိုင်မာသော အထောက်အထား၊ စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီး ကန့်ကွက်မည့်သူများမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးလင်းမောင်မောင်သိန်း(LL.B,D.I.L,D.I.P.L)**
**အထက်တန်းရှေ့နေ(စဉ်-၅၁၈၇၄/၃၁-၁၀-၂၀၁၉)**
**ဖုန်း-၀၉-၉၆၉၈၆၄၁၈၄**
**အမှတ်-၇၊ (၇)ရပ်ကွက်၊ ပဏ္ဍိတလမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**

## သက်ဆိုင်သူများသိစေရန်ကြေညာခြင်း

အမှတ်(၂၃/၆၃)၊ ရမ်ဘူရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်နေ ဒေါ်နွေးနွေးကျော် [၁/မကန(နိုင်)၁၂၉၀၂၆] သိရှိစေရန် အောက်ဖော်ပြပါအတိုင်း ကြေညာအပ်ပါသည်-

၁။ လူကြီးမင်းသည် ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ ရှင်သိဒ္ဓတ်(၁၂)လမ်း၊ အမှတ်(၆၉၀)နေ ဒေါ်ခင်မြတ်မွန်[၁၂/ဥကတ(နိုင်)၁၈၁၅၆၉] နှင့် (၁၁-၉-၂၀၂၁)ရက်နေ့ပါ နှစ်ဦးသဘောတူ ငွေယုံကြည်အပ်နှံ စာချုပ်တစ်ရပ် ချုပ်ဆို၍ ဒေါ်ခင်မြတ်မွန် ထံမှ ငွေကျပ် ၃၅,၀၀၀,၀၀၀/-(ကျပ်သိန်းသုံးရာ့ငါးဆယ်တိတိ)ကို အတိုးနှုန်းကင်းမဲ့စွာဖြင့် လက်ခံရယူသွားခဲ့ပြီး(၃၀-၄-၂၀၂၂)ရက်နေ့တွင် အဆိုပါ ငွေကျပ် ၃၅,၀၀၀,၀၀၀/-(ကျပ်သိန်းသုံးရာ့ငါးဆယ်တိတိ)ကို အပြေအကျေ ပြန်လည်ပေးအပ်ပါမည်ဟု ယင်းစာချုပ်ဖြင့် ဝန်ခံကတိပြုခဲ့သော်လည်း ယနေ့အချိန်ထိ ငွေကြေးတစ်စုံတစ်ရာကို ဒေါ်ခင်မြတ်မွန်ထံသို့ ပြန်လည်ပေးအပ်ခြင်း မရှိသေးပါ။

၂။ လူကြီးမင်းတို့ထံသို့ စာတိုက်မှတစ်ဆင့် (၂၇-၁-၂၀၂၃)ရက်စွဲပါ နို့တစ်စာ ပေးပို့ခဲ့ရာ လူကြီးမင်းတို့ဘက်မှ(၉-၂-၂၀၂၃)ရက်စွဲပါ ပြန်ကြားစာတွင် ထိုငွေများ လက်ခံရယူခဲ့ကြောင်း ဝန်ခံခဲ့သော်လည်း ငွေကြေးပမာဏ အငြင်းပွားလျက်ရှိပြီး ယင်းယုံကြည်အပ်နှံငွေများနှင့် ပတ်သက်၍ သတင်းစာ၌လည်းကောင်း၊ လူမှုကွန်ရက်၌လည်းကောင်း ထည့်သွင်းကြေညာပါက ဥပဒေကြောင်းအရ အရေးယူသွားမည်ဟု ပြန်လည်ခြိမ်းခြောက်နေပါသည်။(၁၁-၉-၂၀၂၁)ရက်စွဲပါစာချုပ်ဖြင့် လက်ခံယူသွားသော ငွေများကို ဤသတင်းစာကြော်ငြာပါသည့်နေ့မှ(၁၅)ရက်အတွင်း တစ်လုံးတစ်ခဲတည်း မပျက်မကွက် ပြန်လည်ပေးအပ်ရန်နှင့် သတ်မှတ်ရက်အတွင်း ပြန်လည်ပေးအပ်ရန် ပျက်ကွက်ခဲ့ပါက တည်ဆဲဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**ဒေါ်ခင်မြတ်မွန်၏ လွှဲအပ်ညွှန်ကြားချက်အရ-ဦးစိုးအောင်(B.A,H.G.P,R.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၅၄၃၃)(၁၉-၁၀-၁၉၉၀)**
**အမှတ်(၁၃၅၆)၊ (၃၇)လမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၄၂၀၃၁၉၉၄၃**

## ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် အသားထုတ်လုပ်ခွင့်လိုင်စင်များလျှောက်ထားနိုင်

၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ တိရစ္ဆာန်ဆေးကုနှင့် ထုတ်လုပ်ရေးဌာနက သတ်မှတ်ထားသောအသားထုတ်လုပ်ရုံနှင့် မြို့နယ်များတွင် လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုမည့် အသားထုတ်လုပ်ခွင့်လိုင်စင်ရွာသာကြီး (ကျွဲ၊ နွား၊ သိုး၊ ဆိတ်)၊ ရွာသာကြီး(ဝက်)၊ ရွာမ(ဝက်)၊ လှိုင်သာယာ မွေးမြူရေးနှင့် မွေးမြူရေး ထွက်ကုန်ပစ္စည်းထုတ်လုပ်ရေးဇုန် (ကျွဲ၊ နွား၊ သိုး၊ ဆိတ်)၊ ရွှေပြည်သာ (သိုး-ဆိတ်)၊ မြို့နယ်တွင်း အသားထုတ်လုပ်ခွင့် ဒလမြို့နယ်(ကျွဲ၊ နွား၊ ဝက်)နှင့် ဆိပ်ကြီးခနောင်တို မြို့နယ်(ကျွဲ၊ နွား)လိုင်စင်တို့၏ အသားထုတ်လုပ်ခွင့်လိုင်စင်လျှောက်လွှာများကို (၁၀-၃-၂၀၂၃)ရက်နေ့မှစ၍ Online (www.ycdc.gov.mm)၌ ကိုယ်ရေးအချက်အလက်များနှင့် အသားထုတ်လုပ်ခွင့်လိုင်စင် လုပ်ငန်းအချက်အလက်များဖြည့်သွင်း၍ (၂၀-၃-၂၀၂၃) ရက်နေ့နောက်ဆုံးထားပြီး လိုင်စင်လျှောက်ထားနိုင်သည်။

**ဆက်သွယ်ရန်ဖုန်းနံပါတ်** **ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**ဒုတိယဌာနမှူး(ညွှန်ကြားရေးမှူး)** **တိရစ္ဆာန်ဆေးကုနှင့်ထုတ်လုပ်ရေးဌာန**
**၀၉-၅၁၂၅၃၀၃**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၈-ဒီ)၊ မြေကွက်အမှတ် (V-၁၆၃)၊ ဧရိယာ (၀.၀၂၆ ဧက)၊ အကျယ်အဝန်း (၁၁၂၅ စတုရန်းပေ)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်း မြေကွက်ပေါ်ရှိ အမှတ်(၄၅)၊ ဝါးခယ်မလမ်း၊ လင်းလွန်းတောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်ဟုခေါ်တွင်သည့် မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်ခင်အေးမြင့် [၁၂/စခန (နိုင်)၀၀၉၉၄၅] အမည်ပေါက်ပိုင်ဆိုင်ပြီး ယင်းအမည်ပေါက်ထံမှ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင် လက်ရောက်ရရှိထားကြောင်း ဖွင့်ဟပြောဆိုဝန်ခံသူ ဒေါ်ခင်နှင်းထွေး [၁၂/မဂတ(နိုင်)၁၁၉၃၅၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ -**
**ဒေါ်အိသီရိကြူ**
**LL.B , M.A (Business Law)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၅၃၃)**
**ဖုန်း - ၀၉-၄၃၁၆၃၄၀၅၊**
**အမှတ်(၃၇)၊ အနော်ရထာလမ်း ၊ (၁၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။**

မိတ္တမေတ္တာ
ဒဂုံမြို့သစ်ဆိပ်ကမ်း၊ အင်ရှုပိုင်း၊
တောင်ပိုင်း၊ မြောက်ပိုင်း၊
ရွှေပေါက်ကံမြို့နယ်ရှိ မြေကွက်များ
ဈေးကောင်းပေးဝယ်လိုသည်။
09 422 848 224

## ပျောက်ဆုံးကြောင်း

ဦးတင်အောင်စိုး [၇/ပခန (နိုင်)၂၅၉၉၁၄]၊ CDC-85187 ကိုင်ဆောင်သော PSC-RB လက်မှတ်သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph: 09-258167501**

## ကုမ္ပဏီအမှတ်တံဆိပ်အမည် အမှတ်အသား သတိပေးကြေညာချက်

အမှတ် (၄၉)၊ (၁၀၁)လမ်း၊ ဖို့မြေရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် မှတ်ပုံတင် ရုံးခန်းဖွင့်လှစ်ထားသော **SUPER LIGHT GENERAL TRADING COMPANY LIMITED** (ကုမ္ပဏီမှတ်ပုံတင်အမှတ်-၁၀၆၃၃၄၆၀၉) သည် အောက်ဖော်ပြပါ ကုမ္ပဏီ အမှတ်တံဆိပ်အမည် အမှတ်အသားကို ရန်ကုန်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ၁၀-၂-၂၀၂၃ ရက်နေ့တွင် တစ်ဦးတည်းမူပိုင် ကုမ္ပဏီအမှတ်တံဆိပ်အမည် အမှတ်အသား အဖြစ် သုံးစွဲရန် တရားဝင်မှတ်ပုံတင်ပြီး ဖြစ်ပါသည်-

**(မှတ်ပုံတင်အမှတ်- ၄/၁၅၉၇)**

အထက်ဖော်ပြပါ **"SL SUPER LIGHT GENERAL TRADING"** ဟူသော ကုမ္ပဏီ အမှတ်တံဆိပ် အမည်အမှတ်အသားကို အသုံးပြု၍ "အချိုရည်အမျိုးမျိုး၊ မုန့်အမျိုးမျိုး စသည့် စားသောက်ကုန်ပစ္စည်း အမျိုးမျိုး၊ လျှပ်စစ်ပစ္စည်းအမျိုးမျိုး" တို့အား ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတစ်ဝန်းတွင် ရုံးခန်းများဖွင့်လှစ်၍ Delivery ကားများဖြင့် တင်သွင်း၊ ဖြန့်ဖြူး၊ ရောင်းချလုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။ ၎င်းအမှတ်တံဆိပ်အမည် အမှတ်အသားဖြင့် ဆိုင်းဘုတ်၊ ဘလောက်၊ တီဗွီ၊ မဂ္ဂဇင်း၊ စာစောင်၊ ဗလာစာအုပ်၊ ကြော်ငြာ၊ ငွေပြေစာဖြတ်ပိုင်း၊ တံဆိပ်တုံး၊ Name card, Letter head, E-mail, Internet, Website, Logo, Invitation Letter, Social Media, Facebook အစရှိသည်တို့တွင်လည်း အသုံးပြုသွားမည် ဖြစ်ပါသည်။ ထို့အပြင် မိမိတို့ကုမ္ပဏီ၏ လုပ်ငန်းနှင့် ဆက်စပ်လျက်ရှိသော လုပ်ငန်းကိစ္စအဝဝတို့တွင်လည်း ၎င်းတံဆိပ်အမည် အမှတ်အသားကို အရွယ်အစား အမျိုးမျိုး၊ အရောင်အမျိုးမျိုး၊ ဒီဇိုင်းအမျိုးမျိုးတို့ကိုလည်း ပြုလုပ်ပြီးလျှင် ဖိနှိပ်၍၊ ကပ်နှိပ်၍၊ရိုက်နှိပ်၍၊ အသားတံဆိပ်ပြုလုပ်၍ အသုံးပြုသွားမည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ကုမ္ပဏီအမှတ်တံဆိပ်အမည် အမှတ်အသားအား တစ်စိတ်တစ်ဒေသသော်လည်းကောင်း၊ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှား ဖြစ်စေရန်ပြုလုပ်ခြင်းနှင့် အမှတ်တံဆိပ်ပိုင်ရှင်၏ ခွင့်ပြုချက်မရှိဘဲတုပသုံးစွဲခြင်းများတွေ့ရှိပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါ သည်။

**SUPER LIGHT GENERAL TRADING COMPANY LIMITED**
**09-765000620**

## "ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း"

**ရန်ကုန်မြို့၊လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်- သကတ(၁)တိုးချဲ့၊ မြေကွက်အမှတ် - ၃၆၊ ဧရိယာ (၀.၀၅၅)ဧကရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအမှတ်- ၃၆၊ စိန်ပန်းမြိုင် (၈)လမ်း၊ အမှတ် (၇)ရပ်ကွက်(တိုးချဲ့)၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သည့် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည်** ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် **ဦးအောင်သိန်း [၁၂/မရက(နိုင်)၀၈၅၂၀၅]** အမည်ပေါက် လျက်ရှိသော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်အား အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်- (၁၆၀၇/၂၀၂၁)အရ ပိုင်ဆိုင်သူ ဇနီး ဒေါ်လှဲ့လှဲ့ [၁၂/မရက(နိုင်)၀၄၁၈၅၇] ထံမှ ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူထားသူ ဒေါ်နှင်းအိဇင် [၁၄/နေပ(နိုင်)၁၄၄၇၀၄]မှ ရောင်းချလိုကြောင်း ကမ်းလှမ်းလာ၍ ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေအနက် တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်သည့်အတွက် ကန့်ကွက်လိုပါက ခိုင်လုံသောပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင်အောင် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သင်းသင်းမော်**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၈၂၆)**
**အမှတ် (၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ (၁) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၅၀၀၃၁၂၉၂**

## ကြော်ငြာစာ
## သင်္ဃန်းကျွန်းခရိုင်တရားရုံး
## ၂၀၂၃ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် - ၁၆

KHIN KYAW COMPANY LIMITED --------- လျှောက်ထားသူ
(၎င်းကုမ္ပဏီ၏ကိုယ်စားလွှဲအပ်ခြင်းခံရသူ
မန်နေဂျင်းဒါရိုက်တာ ဦးခင်မောင်လတ်)

**မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ - ၄၃၁(စ)အရ ပြန်လည်မှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားသည့်အမှု**

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ၁၆/၂ ရပ်ကွက်၊ ရတနာလမ်း၊ အမှတ်- စီ-၈ (ဒုတိယထပ်) ရှိ KHIN KYAW COMPANY LIMITED (၎င်းကုမ္ပဏီ၏ကိုယ်စားလွှဲအပ်ခြင်းခံရသူ မန်နေဂျင်းဒါရိုက်တာ ဦးခင်မောင်လတ်)က မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၄၃၁(စ)အား လိုက်နာရန်ပျက်ကွက်သည့်အတွက် ယင်းဥပဒေပုဒ်မ ၄၃၁(စ)အရ ပြန်လည်မှတ်ပုံတင်ခြင်းပြုစေရန်အတွက် သက်သာခွင့်ခံစားခွင့်ပြုပါရန် လျှောက်ထားချက်ရှိသဖြင့် အဆိုပါလျှောက်ထားချက်အပေါ် အကျိုးစီးပွားသက်ဝင်သည်ဟု အဆိုရှိသူခပ်သိမ်းတို့အား အဆိုပါအမှုတွင် ၎င်းတို့လာရောက် လျှောက်ထားဆိုင်ဆိုရန် သင့်လျော်မည်ဟု အထင်ရှိလျှင် ဆိုခဲ့သော ၂၀၂၃ ခုနှစ်၊ မတ်လ (၁၅)ရက်နေ့ (၁၃၈၄ ခုနှစ်၊ တပေါင်းလဆုတ် ၁၀ ရက်နေ့) နံနက် (၁၀း၀၀)နာရီတွင် မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က နေရာတကျ အမိန့်ပေးထားသူ ကိုယ်စားလှယ်တစ်ဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် မှုခင်းမှတ်တမ်းများကို ကြည့်ရှုရန် ယခုမိန့်ကြားဆင့်ဆိုလိုက်သည်။ ၎င်းကဲ့သို့လာရောက်ခြင်းတစ်ခုခုမရှိ ပျက်ကွက်ခဲ့လျှင် ဤရုံးတော်ကဆိုခဲ့သော KHIN KYAW COMPANY LIMITED ၏ လျှောက်လွှာအပေါ် စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်မည်ဖြစ်ကြောင်း ကြော်ငြာစာထုတ်ဆင့်လိုက်သည်။

၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၃)ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(စုစန္ဒာဝင်း)**
**ခရိုင်တရားသူကြီး**
**သင်္ဃန်းကျွန်းခရိုင်တရားရုံး**

## "ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်းတောင်ရပ်ကွက်၊ မင်းလမ်း၊ အမှတ်(၇၅) ဟုခေါ်တွင်သော မြေရှင် ဦးညွန့်သန်း [၁၂/စခန(နိုင်)၀၀၃၉၄၉] အမည်ပေါက်သော နှစ်(၆၀) မြေငှား ဂရန်မြေအမျိုးအစားမြေပေါ်တွင်ဆောက်လုပ်ထားသည့် (၇)ထပ်တိုက်အဆောက်အဦ၏ (၄)လွှာဘီ၊ အကျယ်အဝန်း (၁၅ပေခွဲx၄၅ပေ)ရှိ တိုက်ခန်း (၁)ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ် အားလုံးနှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း"

အထက်ရည်ညွှန်းလိပ်စာပါတိုက်ခန်းမှာ အပိုင်ရောင်းချသူ ဒေါ်အေးအေး [၁၂/ကမတ(နိုင်) ၀၄၄၇၂၈]မှ အရပ်ကတိ အရောင်းအဝယ်စာချုပ်များချုပ်ဆို၍ ဝယ်ယူပိုင်ဆိုင်နေထိုင်လာသော တိုက်ခန်း ဖြစ်ကြောင်းနှင့် ယနေ့တိုင် ၎င်းတစ်ဦးတည်းသာ ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အခြားအမွေစား အမွေခံ အပေါင်အနှံမှစ၍ အာမခံအဖြစ်တင်သွင်းထားခြင်းတို့မှ လုံးဝကင်းရှင်းကြောင်း၊ အရှုပ်အရှင်းကင်းကြောင်း၊ ထုတ်ဖော်ဝန်ခံလျက် ကာလတန်ဖိုးနှင့်အညီ အပိုင်ရောင်းချရန် ကမ်းလှမ်းလာသည့်အပေါ် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်စိုးစိုးဝင်း [၉/မနမ(နိုင်)၀၅၆၄၃၄]မှ အပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ရာ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသောမူရင်း စာရွက်စာတမ်းအထောက်အထားများဖြင့် ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အားဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်စိုးစိုးဝင်း ၏လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ခင်သန်းမြင့် B.A (Law) LL.B (စဉ်-၁၅၄၉)**
**ဒေါ်နီလာဝင်း (LL.B) (စဉ်-၁၂၉၂၃)** **ဒေါ်မေစံပယ်ဝင်း(LL.B)(စဉ်-၁၄၅၉၇)**
**တရားလွှတ်တော်ရှေ့နေများ**
**ခြံအမှတ်-၁၈၊ ရေဝတီလမ်းသွယ်(၃)၊ TOSTA-B AVENUE ၊ ၆၆-ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အမေနှင့်သမီးများ (Law Firm)**
**Ph: 09-778434507, 09-5124868**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
## အိတ်ဖွင့်လေလံခေါ်ယူခြင်း

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ သဘာဝပိုဇိုလန် ထုတ်လုပ်ရေးစက်ရုံ(ပုပ္ပား)ရှိ ပိုဇိုလန်ကုန်ချော(၄၄၇၈.၇၁)တန်နှင့် ပိုဇိုလန်ကုန်ကြမ်း (၅၀၈၆၅)တန်တို့အား အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်-

၂။ လေလံပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်းလာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

| | | |
|---|---|---|
| လေလံပုံစံရောင်းချမည့်ရက် | - | (၂၇-၂-၂၀၂၃) မှ (၁၄-၃-၂၀၂၃)ရက်နေ့အထိ |
| လေလံပုံစံရောင်းချမည့်နေရာ | - | ရုံးအမှတ်(၂၇)၊(၃)ထပ်ဆောင်၊ရုံးသစ် |
| လေလံအဆိုပြုလွှာ တင်သွင်းရမည့်ရက်/အချိန် | - | (၁၅-၃-၂၀၂၃)ရက် (၁၀:၀၀)နာရီမှ (၁၂:၀၀)နာရီအထိ |
| လေလံဖွင့်လှစ်မည့်ရက်/အချိန် | - | (၁၅-၃-၂၀၂၃)ရက်နေ့ (၁၄:၀၀)နာရီ |

၃။ (၂၇-၂-၂၀၂၃)ရက်မှစတင်၍ လေလံပုံစံတစ်စောင်လျှင် ကျပ်(၁၀,၀၀၀/-) (ကျပ်တစ်သောင်းတိတိ)ဖြင့် သတ်မှတ်ချိန်အတွင်း ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ ပစ္စည်းဖြည့်တင်းရေးဌာနခွဲ၊ ရုံးအမှတ်(၂၇)ရုံးသစ်၊ ဖုန်း-၀၆၇-၈၁၀၄၁၉၂ သို့ လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**လေလံတင်ရောင်းချရေးကော်မတီ**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**

## သန်လျင်မြို့နယ်၊ မြို့ဟောင်းရပ်ကွက်၊ ဦးပိုင်အမှတ်-၂၈၊ အကွက်အမှတ်-ဆင်ကျုံး ၈၊ ၂.၀၃၀ ဧကရှိ L ဘသော် အမည်ပေါက်သော ဥယျာဉ်ခြံမြေကွက်မှ (က)အမှတ်အသားပြ (၀.၀၉၅)ဧကရှိ မြေနှင့် ယင်းမြေပေါ်ရှိ (၂)ထပ်တိုက် တစ်လုံးတို့နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း

အထက်ပါ မြေနှင့်အိမ်အား လက်ဝယ်ပိုင်ဆိုင်သူ ဦးကြင်မြင့် (ဘ) ဦးဒေါင်းညို [၁၂/သလန(နိုင်)၀၁၇၅၃၂]မှ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံ၍ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးစိုးမြင့် [၁၂/ဗတထ(နိုင်)၀၂၇၈၂၅]က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးခင်မောင်ချို LL.B, D.B.L** **ဒေါ်သီတာအောင် LLB**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၄၄၄)** **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၆၀၀)**
**ဖုန်း- ၀၉-၄၄၃၀၇၁၉၈၅၊ ၀၉-၆၈၅၆၈၇၆၈၀**
**အမှတ်-၆၆၊ သီရိလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဗိုလ်ချုပ်ကျေးရွာ၊ နယ်မြေ(၁၅)၊ ဓမ္မာရုံလမ်း၊ အမှတ်(၄၈) ဟုခေါ်တွင်သော မြေကွက် အကျယ်ပေ (၄၃x၇၉)ပေ အကျယ်ရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုး ခံစားခွင့်အရပ်ရပ်အားလုံးတို့ကို** တရားဝင် လက်ဝယ်ထားပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူဖြစ်သော ဒေါ်ခိုင်ခိုင်စိုး (ဘ) ဦးကြွယ် [၉/မရမ(နိုင်)၀၆၆၆၁၂] ကိုယ်စားလက်မှတ်ရေးထိုးသူ ဒေါ်ဝါဝါလွင် (ဘ) ဦးလှသိန်း [၁၂/သလန(နိုင်)၀၀၃၉၆၄] ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သော ဒေါ်သက်သက်မာ [၁၂/သလန(နိုင်)၀၁၀၃၀၇]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်သောကြောင့် ကန့်ကွက်မည့်သူရှိပါက တိကျခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သက်သက်မာ၏လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သီရိဦး (LL.B) (LL.M)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၂၃၀)**
**အမှတ်(၉)၊ မဂ္ဂင်လမ်း၊ ပဲခူးစုရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း- ၀၉-၄၂၀၁၉၇၈၆၊ ၀၉-၇၉၉၂၉၁၈၃**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တရားရုံး
## ၂၀၂၃ ခုနှစ်၊ တရားမကြီးအမှုအမှတ်- ၁

ဒေါ်သီတာစိုး နှင့် ဒေါ်ခင်မူ
**(တရားလို)** **(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၅၅) ရပ်ကွက်၊ ဗန္ဓုလလမ်း၊ အမှတ် (၁၁၁၄)နေ ဒေါ်ခင်မူ(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌တရားလိုက "ပဋိညာဉ်အတိုင်းမြေကွက်အကျိုးခံစားခွင့် အရပ်ရပ် အရောင်းအဝယ်ကတိစာချုပ်အား တရားဝင် မှတ်ပုံတင်ပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ (သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ သင့်ကိုယ်စား ရုံးတော်အခွင့်အမိန့်အရ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက်ဖြစ်စေ၊ ၎င်းရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ် မတ်လ (၂၀)ရက် (၁၃၈၄-ခုနှစ်၊ တပေါင်းလကွယ် ၁၅ ရက်) မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ပါနေ့တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုပါလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၈)ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဥဏ်လင်းထက်)**
**မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တရားရုံး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး။

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှု ခေတ်မီနည်းစနစ်များဖြင့် ပိုမို ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေး စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

---

**❖ ဒေသနှင့်တိုင်းရင်းသားအကျိုးကို တရားဥပဒေနှင့်အညီ တောင်းဆို ဆွေးနွေးနိုင်ရေးအတွက် တိုင်းရင်းသားကိုယ်စားလှယ်များအနေဖြင့် နိုင်ငံရေးစင်မြင့်တွင် ယခုထက် ပိုမိုပါဝင်လာရန်လိုအပ်...**

**❖ အမိနိုင်ငံတော်တည်းဟူသော အရိပ်အာဝါသအောက်တွင် အတူတကွ ပေါင်းစည်းနေထိုင်ကြသူများဖြစ်သဖြင့် ပြည်ထောင်စုဖွားတိုင်းရင်းသားများအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆိုပါက တစ်သွေးတစ်သားတည်း၊ တစ်စိတ်တစ်ဝမ်းတည်းဖြင့် စိတ်တူကိုယ်တူ သဘောထားတူညီစွာ အတူတကွ လက်တွဲ၍ ကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်နေ့တွင် ပအိုဝ်းအမျိုးသား လွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO)ဥက္ကဋ္ဌ ခွန်သူရိန်၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး (LDU) ဥက္ကဋ္ဌ ကျာဆော်လမွန်နှင့် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) ဒုတိယဥက္ကဋ္ဌ စောမြရာဇာလင်းတို့ ဦးဆောင်သည့် ငြိမ်းချမ်းရေး ကိုယ်စားလှယ်အဖွဲ့အား တွေ့ဆုံဆွေးနွေးစဉ် ပြောကြားမှုမှ ကောက်နုတ်ချက်)

---

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

---

## မန်စီးတီးအသင်း အက်ဖ်အေဖလားကွာတားဖိုင်နယ်အဆင့် တက်လှမ်း

ဘရစ္စတိုးစီးတီးအသင်းနဲ့ မန်စီးတီးအသင်းတို့ ဖေဖော်ဝါရီ ၂၈ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ အက်ဖ်အေဖလားပဉ္စမအဆင့်ပွဲစဉ်မှာ မန်စီးတီးအသင်းက သုံးဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာကြောင့် အက်ဖ်အေဖလား ကွာတားဖိုင်နယ်အဆင့်ကို တက်လှမ်းခဲ့ပြီဖြစ်ပါတယ်။

ဘရစ္စတိုးစီးတီးအသင်းနဲ့ မန်စီးတီးအသင်းတို့ပွဲစဉ်မှာ မန်စီးတီးအသင်းအတွက် သွင်းဂိုးတွေကို ပွဲကစားချိန် ခုနစ်မိနစ်နဲ့ ၇၄ မိနစ်မှာ ဖီးလ်ဖိုဒန်က နှစ်ဂိုး၊ ၈၁ မိနစ်မှာ ဒီဘရိုင်းက တစ်ဂိုး သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

စာမျက်နှာ ၁၉ ကော်လံ ၁ သို့ ❍



မန်စီးတီးအသင်းကစားသမားများ ဂိုးသွင်းပြီး အောင်ပွဲခံနေစဉ်။

---

## အာရှဖလား ယူ-၂၀ အမျိုးသမီးခြေစစ်ပွဲယှဉ်ပြိုင်ရန် မြန်မာအသင်း အပြီးသတ်လူရွေးချယ်

နေပြည်တော် မတ် ၁

မြန်မာ ယူ-၂၀ အမျိုးသမီးလက်ရွေးစင်အသင်းသည် ၂၀၂၄ အာရှဖလား ယူ-၂၀ အမျိုးသမီးခြေစစ်ပွဲ ပထမအဆင့် ဝင်ရောက်ယှဉ်ပြိုင်ရန် အပြီးသတ်ကစားသမား ၂၃ ဦး ရွေးချယ်လိုက်ပြီဖြစ်သည်။

ခြေစစ်ပွဲယှဉ်ပြိုင်မည့် မြန်မာ ယူ-၂၀ အမျိုးသမီးအသင်းတွင် **နည်းပြချုပ်**– ဒေါ်စန်းစန်းသိန်း၊ **လက်ထောက်နည်းပြများ**– ဒေါ်နွယ်နွယ်တိုး၊ ဒေါ်စန်းယုနိုင်၊ **ဂိုးနည်းပြ**– ဒေါ်မေခင်ယမင်း၊ အားကစားသမားများအဖြစ် **ဂိုးသမား**– မေဦးခင်(ISPE FC)၊ ဖီးဗေ(Y.R.E.O FC)၊ သူဇာအောင်(ရောဝတီတိုင်းဒေသကြီး)၊ **နောက်တန်း**– ဖြူဖွေး၊ ယုယုနိုင်(Y.R.E.O FC)၊ ခင်ဌေးကြိုင်(Sports and Education FC)၊ ဒီဇင်ဘာနှင်း (သစ္စာအားမာန် အက်ဖ်စီ)၊ ကြယ်စင် (ISPE FC)၊ ဖြူဖြူဝင်း(မြဝတီ အက်ဖ်စီ)၊ ဝေဖူးအိမ် (သစ္စာအားမာန် အက်ဖ်စီ)၊ **အလယ်တန်း**– ဒေစီအောင်၊ နန်းချိုမွှေး (Y.R.E.O FC)၊ နှင်းပွင့်အေး၊ ဟေမာန်စိုး(ISPE FC)၊ ဇခါရိုရီစီ (ကချင်ပြည်နယ်)၊

**စာမျက်နှာ ၁၉ ကော်လံ ၁ သို့ ☆**



မြန်မာ ယူ-၂၀ အမျိုးသမီးအသင်း လေ့ကျင့်နေစဉ်။

---

**ယနေ့ ဖတ်စရာ**

**Online မှ လောင်းကစားခြင်း၊ ကံစမ်းမဲဖောက်ခြင်း၊ ငွေချေးခြင်းပြုလုပ်၍ ငွေကြေးလိမ်လည်ခံရမှု မဖြစ်စေရေး ပြည်သူသို့ အသိပေးထုတ်ပြန်**

စာမျက်နှာ » ၁၄

**NUG လက်အောက်ခံ FOEIM Online ပညာရေးစနစ်အပေါ် ဖော်ထုတ်တွေ့ရှိချက်များအား အများပြည်သူသိရှိစေရန် အသိပေးကြေညာခြင်း**

စာမျက်နှာ » ၁၆၊ ၁၇